# မြန်မာ့တပ်မတော် သမိုင်းကြောင်း

ဝီကီပီးဒီးယား မှ

[အညွှန်းသို့ ခုန်ကူးရန်](#) [ရှာဖွေရန် ခုန်ကူးမည်](#)

စစ်နှင့်ဆိုင်သော ရှေးအစဉ်အဆက် မြန်မာစာပေများ တွင် 'စစ်အင်္ဂါလေးပါး'ကို အခြေတည်၍ အမြဲဆိုလေ့ရှိသည်။ စစ်အင်္ဂါလေးပါးဟူသော်ကား 'ဆင်လည်းတစ်ပါး၊ မြင်းလည်း တစ်ပါး၊ ရထားလည်း တစ်ပါး၊ ခြေသည်လည်း တစ်ပါး' ဖြစ် သည်။ ထို စစ်အင်္ဂါလေးပါးကိုပင် 'သေနင်္ဂ'ဟူ၍လည်း ခေါ်သေးသည်။ သို့ရာတွင် ထို စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်းများ၊ သက္ကတကျမ်းများကို မှီး၍ ဆိုခြင်းမျှသာ ဖြစ်သည်။ ထို စစ်အင်္ဂါလေးပါးအနက် 'ရထား'မှာ ရှေးနှစ်ပေါင်း ၃၀၀၀ ခန့်ကဖြစ်သော မဟာဘာရတ ကျမ်းကြီးတွင် ဘာရတညီနောင် စစ်ထိုးခန်း စသည်တို့၌ ပါရှိသော်လည်း မြန်မာ့သမိုင်း တစ်လျှောက်၌ 'ရထားတပ်'ဟူ၍ မရှိခဲ့။ တဖန် ပါဠိကျမ်း များ၊ သက္ကတကျမ်းများ၌ 'လှေသဘော်တပ်'(ရေတပ်) ပါရှိစမြဲ ဖြစ်သည်။ ထို့ကြောင့် စစ်တပ်ဖွဲ့ပုံ၊ စစ်ချီပုံ၊ ခံမြို့တည်ပုံ စသည်တို့၌ မြန်မာစစ်ကျမ်းများက ပါဠိကျမ်းများ၊ သက္ကတ ကျမ်းများကို မှီး၍ ဆိုကြသော်လည်း ရေမြေဒေသ ခေတ် ကာလအလျှောက် လက်တွေ့မြန်မာနည်းများကို တီထွင် ကျင့်သုံးခဲ့ကြကြောင်းဖြင့် သိရသည်။

ဤတွင် မြန်မာရာဇဝင်များ၌ ဖော်ပြထားသော တကောင်းခေတ်၊ သရေခေတ္တရာခေတ်နှင့် ပုဂံပြည် အနော်ရထာမင်းစော လက်ထက် မရောက်မီသော ခေတ်များပ မြန်မာတို့၏ စစ်ဓလေ့ထုံးစံများ မည်သို့ မည်ပုံ ရှိခဲ့ကြ သည်ကိုမူ ကောင်းစွာ မသိရ။ အနော်ရထာမင်းစော လက်ထက်လောက်မှစ၍သာ နည်းနည်းချင်း သိလာရ တော့သည်။

အနော်ရထာမင်းစော လက်ထက်မှသည် သီပေါမင်း လက်ထက်အထိ မြန်မာတို့ စစ်တပ်ဖွဲ့ပုံမှာ ရှေးပဒေသရာဇ် ပုံစံအတိုင်းပင် ဖြစ်သည်။ မင်းဧကရာဇ်တို့ စံနေရာဖြစ်သော ရာဇဌာနီ နေပြည်တော်များတွင် အရှေ့ အနောက်၊ တောင်၊ မြောက်တည်းဟူသော လေးပြင်လေးရပ်တို့ကို စောင့်ရှောက် ရသည့် ထောင်မှူးလေးဦး၊ သူရဲ ၄၀၀၀ မှ တစ်ပါး အမြဲ ဖွဲ့စည်းထားသောတပ်ဟူ၍ မရှိ။ စစ်မက်အရေး ပေါ်ပေါက် လာသည့်အခါများတါင်မှ တစ်နိုင်ငံလုံးရှိ ရဲရောင်သန်မာသူ တို့ကို ဆင့်ခေါ်စုရုံး ဖွဲ့စည်းတိုက်ခိုက်စေကြသည်။ ထိုကိစ္စ အတွက်လည်း ထောင်ပြု ရှစ်ရာပြု လေးရာပြု သုံးရာပြု နှစ်ရာပြု တစ်ရာပြု ရှစ်ဆယ်ပြု ငါးဆယ်ပြု သုံးဆယ်ပြု နှစ်ဆယ်ပြုအထိ အသီးအသီး မြို့ပြတည်ရသည်။ ထောင်ပြု မြို့ဆိုသည်မှာ စစ်မက်အရေးပေါ်ပေါက်လာခဲ့သော် စစ်တပ် အတွက် ရဲမက်တစ်ထောင်ပေးရသည်။ ရှစ်ရာပြုမြို့က ရဲမက် ရှစ်ရာပေးရသည်။ ဤသို့အားဖြင့် သုံးဆယ်ပြု မြို့ကလည်း ရဲမက်သုံးဆယ်၊ နှစ်ဆယ်ပြု မြို့ကလည်း ရဲမက်နှစ်ဆယ် အသီးအသီးပေးကြရသည်။ မြန်မာတစ်နိုင်ငံလုံးမှ ဤနည်း

ဖြင့် ရဲမက်သုံးသိန်း ရနိုင်လေရာ မြန်မာနိုင်ငံလုံးကို သုံးသိန်း ပြုဟု သတ်မှတ်ထားသည်။ ဤစံနစ်ကို စတင်တီထွင်ခဲ့သူမှာ အနော်ရထာမင်းစောပင် ဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ အရှေ့ဘက်နယ်စပ်တစ်လျှောက်တွင် အစောင့်အရှောက်မြို့များ အဖြစ် ကောင်းစင်၊ ကောင်းထုံ၊ ငရုန်း၊ ငရင်း အစရှိသော မြို့ပေါင်း ၄၃ မြို့ကို တစ်ပြိုင်နက်တစ်ချက်တည်း တည်စေ ခြင်းမှ အစပြုသည်ဟု ဆိုသည်။



ကုန်းဘောင်ခေတ်သေနတ်ကိုင်ရဲမက်

ထိုမြို့များမှ ထောက်ပံ့ကြရသည့် အစုကျစံနစ်မှာလည်း လေးရာပြုမြို့ဆိုလျှင် ရဲမက် ၄၀၀ အပြင် တစ်အိမ်လျှင် ငွေ တစ်မူးစီ ပေးရသည်။ ထိုရဲမက် ၄၀၀ အနက် ဒိုင်းကိုင် ၅၀၊ လေးသား ၈၀၊ လှံဓား ၅၀၊ သေနတ်ကိုင် ၈၀၊ ဝန်ထမ်း ၅၀၊ အမြောက်တွင် မီးစာကိုင် ၉၀ ဟူ၍ စုစုပေါင်း ရဲမက် ၄၀၀ ကို အချိုးကျ ထောက်ပံ့ရသည်။

ထို့ပြင် စစ်မက်ရေး ပေါ်ပေါက်တိုင်း ထီးရုံ၊ နန်းရုံ ဖြစ်သော စော်ဘွားများ၊ မြို့စားများကလည်း မိမိတို့ တပ်များ နှင့်အတူ ဆင့်ဆိုရာသို့ လိုက်ပါတိုက်ခိုက်ကြရသည်။ မြန်မာမင်းများ လက်ထက်တွင် စစ်ဖက်အမှုထမ်း၊ မြို့ရွာ အုပ်ချုပ်ရေးအမှုထမ်းဟူ၍ သီးခြားမရှိ၊ စစ်မက်အရေး ပေါ်ပေါက်လျှင် ဘုရင်မှအစ အမှုထမ်းတစ်ယောက်မကျန် စစ်မှုထမ်းရွက်ရသည်။ တပ်တွင် ဘုရင်နှင့် အိမ်ရှေ့မင်းသားတို့ မပါလျှင် ယုံမှတ်သော မင်းသားတစ်ဦးဦး ကို အမှူးအချုပ် ခန့်အပ်သည်။ ထိုအမှူးအချုပ်ကို 'ဗိုလ်မှူးမင်းသား'ဟု ခေါ်သည်။ မြင်းတပ်တွင်လည်း အထူး

ယုံမှတ်သော မင်းသားကို ခန့်ထားသည်။ 'မြင်းမှူးမင်းသား' ဟု ခေါ်သည်။ လွှတ်တော်ဝန်ကြီးဟူသရွေ့ကား 'အဂ္ဂမဟာ သေနာပတိ'ဘွဲ့ကို ခံယူကြရသည်။

ရှေးရိုးစဉ်လာအရ မှူးမတ်-မင်းချင်း၊ မင်းခစား-အမှုထမ်း၊ သူရဲ-သူခက်တို့အား အရည်အသွေးအလျောက် ရာထူးများ တိုးတက်ခန့်ထားပုံမှာ--

1. ခြေ ၁၀ ပွဲရမှ မြင်းသို့ တင်သည်။
2. မြင်း ၁၀ ပွဲရမှ ဆင်သို့ တင်သည်။
3. ဆင် ၁၀ ပွဲရမှ လှေသို့ တင်သည်။
4. လှေ ၁၀ ပွဲရမှ မြို့ပြက်ကျေးပေး၍ သူကောင်းပြုသည်။ ဤစံနစ်ကို ထောက်လျှင် 'လှေတပ်'ကို အရေးအကြီးဆုံးထားကြောင်း သိရသည်။

မြန်မာ့သေနင်္ဂဗျူဟာ စစ်ပညာများ ဖြစ်ကြသော စစ်၏အစီအရင် ခုနစ်ပါး အစရှိသည်တို့ အကြောင်းကို လည်းကောင်း၊ မြန်မာ့စစ်စာပေများ ဖြစ်ကြသော သေနင် ဗျူဟာကျမ်း အစရှိသည်တို့အကြောင်းကိုလည်းကောင်း၊ မြန်မာ တို့ အကြီးအကျယ် အောင်နိုင်ခဲ့ကြသည့် အာသံစစ်ပွဲများ အစရှိသည်တို့အကြောင်းကိုလည်းကောင်း၊ မြန်မာစစ်ဘုရင် ကြီးများ ဖြစ်ကြသော အလောင်းမင်းတရား အစရှိသည်တို့ အကြောင်းကိုလည်းကောင်း စာလေးမည်စိုး၍ ခြွင်းချန် ခဲ့သည်။

သို့ ခြွင်းချန်ထားပြီးနောက် သိသင့်၊ သိထိုက် သေး သည်ဟု အထင်ရှိသော သီပေါမင်းတရားလက်ထက် မြန်မာ နိုင်ငံ မပျက်သုဉ်းမီအချိန်က စစ်တပ်ခန့်ခွဲအုပ်ချုပ်ပုံအကြောင်း ကို ဆက်၍ ဆိုပေမည်။

**မာတိကာ**


- ၁စစ်တပ်ခန့်ခွဲအုပ်ချုပ်ပုံ
    - ၁.၁ကြည်းတပ်
    - ၁.၂ရေတပ်
    - ၁.၃နေပြည်တော်စောင့်တပ်
    - ၁.၄အဝေးမြို့စောင့်
    - ၁.၅လက်နက်တိုက်
- ၂ဆက်စပ်ဖတ်ရှုရန်
- ၃ကိုးကား

# စစ်တပ်ခန့်ခွဲအုပ်ချုပ်ပုံ[ပြင်ဆင်ရန်]

## ကြည်းတပ်[ပြင်ဆင်ရန်]

1. ဆင်အစု။ ။ဆင်ဝန်၊ ခနက် ပလာဆင်ဝန်၊

ဆင်ဝန်ထောက်၊ ဆင်စာချီ၊ အောက်မားဝန်၊ အောက်မားစာရေး၊ ဆင်မှူး၊ သွေးသောက်ကြီး၊ နောက်တော်ဒိုင်း၊ ဆင် အတတ်ကို ကျွမ်းကျင်သူ၊ ဆင်ဆေးဆရာ။

1. မြင်းအစု။ ။မြင်းဝန်၊ မြင်းတပ်ဗိုလ်၊ မြင်း

စာရေးကြီး၊ အဝေးမြင်းစာရေး မြင်းခေါင်း၊ မြင်းစီး၊ မြင်း အမှုထမ်း၊ မြင်းဆေးဆရာ။

1. အမြောက်အစု။ ။အမြောက်ဝန်၊ အမြောက်

စာရေး၊ အမြောက်မှူး၊ သွေးသောက်ကြီး၊ အကြပ်အမှုထမ်း။

1. စိန်အစု။ ။အမြောက်ဝန်က အုပ်ချုပ်သည်။
2. သေနတ်အစု။ ။သေနတ်ဝန်၊ သေနတ်ဗိုလ်၊

သေနတ်စာရေးကြီး၊ သေနတ်စာရေး၊ တပ်မှူး၊ သွေးသောက် ကြီး၊ အကြပ်အမှုထမ်း။

1. ဓားစွဲ၊ လှံစွဲအစု။ ။သေနတ်ဝန်ကြီး၏ လက်

အောက်။

1. ယွန်း၊ ကောင်ဟန်အစု။ ။သေနတ်ဝန်ကြီး၏

လက်အောက်။

1. တင်ကျည်းအစု။ ။သေနတ်ဝန်ကြီး၏

လက်အောက်။ (ဝါးရင်းတုတ်အစုဟူ၍လည်း ခေါ်သည်။)

1. လေးအစု။ ။သေနတ်ဝန်ကြီး၏ လက်အောက်။

(နောက်တွင် သေနတ်ကိုင်ရသည်။)

1. ဒိုင်းအစု။ ။သေနတ်ဝန်ကြီး၏လက်အောက်။
2. ကာအစု။ ။လက်နက်ကာ အမှုထမ်း၊

ဆင်ကာအမှုထမ်းဟူ၍ ကွဲပြားသည်။ ဆင်ကာအမှုထမ်းများမှာ အလုပ်ဌာနတွင် ပါဝင်သည်။

## **ရေတပ်**[ပြင်ဆင်ရန်]

1. သဘော်အစု။ ။ကပ္ပီတန်၊ စက်ဆရာ၊ သဘော်

အမှုထမ်းများ။

1. သန်အစု။ ။အရှေးက လှေတော်များက ဆွဲရ

သည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်တွင် သဘော်အစုနှင့် ပေါင်းသည်။

1. သရပတ်အစု။ ။သွေးသောက်ကြီး၊ အကြပ်

အမှုထမ်း။

1. ရဲလှေအစု။ ။ရဲလှေနှင့် ခတ်လှေမတူ၊ လှေပုံ

ချင်းလည်း မတူ။

1. ခတ်လှေအစု။ ။ထောင်ကဲ၊ ပဲ့နင်း၊

သွေးသောက်ကြီး၊ ဦးစီး၊ တက်မကိုင်၊ လက်အောက်အမှု ထမ်းများ။

1. လှေလျင်အစု။ ။လှေလျင်ဆိုသည်မှာ လှော်

လှေနှင့် လှော်လောင်းတို့ကို ဆိုလိုသည်။ ဓာတ်လှေလည်း ပါဝင်သည်။

## **နေပြည်တော်စောင့်တပ်**[ပြင်ဆင်ရန်]

1. နန်းတွင်းစောင့်။ ။တောင်ထားဝယ်အစု၊

မြောက်ထားဝယ်အစု၊ တောင် တစ်ရာ့ငါးဆယ်အစု၊ မြောက် တစ်ရာ့ငါးဆယ်အစု၊ မြောက်မာရဘင်၊ ရွှေပြည်မှန်ကင်း၊ နောက် ဝန်းကျင်အစုများနှင့် တံခါးနီ၊ ဝင်း လေးမျက်နှာ လည်း ပါဝင်သည်။

1. မြို့တွင်း ၁၂ ကွက်စောင့်။ ။တစ်ကွက်လျှင်

တစ်ကင်းကျ စောင့်ရသည်။ ယခုကာလရှိ ကင်းဂတ်များနှင့် တူသည်။

1. အုတ်မြို့ ၁၂ တံခါးစောင့်။ ။တံခါးဗိုလ်၊

တံခါးမှူးများအပြင် စုကြီး ခြောက်ကြောင်းက အလှည့်ကျ စောင့်ရသည်။ အစုကြီးများမှာ နတ်စု လက်ဝဲ၊ နတ်စု လက်ယာ၊ ရွှေးလက်ဝဲ၊ ရွှေးလက်ယာ၊ လက်ဝဲကြောင်း၊ လက်ယာကြောင်းတို့ ဖြစ်သည်။

1. မြေမြို့၅၇ တံခါးစောင့်၊ မြေမြို့အတွင်း

အစောင့်။ ။တံခါးတစ်ပေါက်လျှင် တံခါးမှူး ၁၊ တံခါး စောင့် ၁၊ တစ်ကွက်လျှင် အရာထောက် (ရပ်ကွက်သူကြီး)၊ အကွဲထောက် (ရပ်ကွက်သူကြီး)၊ ဆယ်အိမ်ခေါင်းနှင့် အစု သေနတ်တို့က စောင့်ရသည်။ အစုသေနတ်မှာ တောင်မာ ရဘင်၊ ရွှေလှံ နတ်ရှင်၊ ရွှေးလင်းဇင်း၊ ရွှေပြည်၊ ဘုန်းတော် ဖြစ်၊ ဘုန်းတော်တိုး၊ သူရဲအမှုထမ်းများ ဖြစ်သည်။

1. မြို့တော်စောင့်။ ။မြို့တော်ကို အစုသေနတ်၊

သို့မဟုတ် တာဝန်ချထားသော ကောင်ဟုန်စု၊ ယွန်းစု စသည် တို့က စောင့်ရသည်။

## **အဝေးမြို့စောင့်**[ပြင်ဆင်ရန်]

1. မြို့တွင်းအမြဲစောင့်အမှုထမ်း။ ။အမှုထမ်း

မြို့ဖြစ်လျှင် အမှုထမ်းများက စောင့်ရသည်။ အမှုထမ်းမြို့ မဟုတ်လျှင် မြို့စောင့်သေနတ်က စောင့်ရသည်။ သူကြီးများ က အလှည့်ကျ အုပ်ချုပ်ရသည်။

1. လမ်းလျှောက်ကင်းစောင့်အမှုထမ်း။ ။လမ်း

လျှောက် တပ်ဗိုလ်နှင့် တပ်မှူးတို့ကို ခွဲခြားခန့်ထားသည်။ အစု ဝင် အမှုထမ်းမဟုတ်သူများနှင့် ပေါင်း၍ စောင့်ရသည်။

## **လက်နက်တိုက်**[ပြင်ဆင်ရန်]

1. နေပြည်တော်လက်နက်တိုက်။ ။လွှတ်တော်က

ကြီးကြပ်စီမံ၍ လက်နက်တိုက်ဝန်၊ လက်နက်တိုက်စာရေး၊ သေွးသောက်ကြီးအမှုထမ်းများက အုပ်ချုပ်သည်။

1. အဝေးလက်နက်တိုက်မှူး။ ။ဒေသဆိုင်ရာ

အရာရှိများနှင့် အမှုထမ်းများက အုပ်ချုပ်ရသည်။ ဤသည်တို့ကား မြန်မာ့စစ်တပ် သမိုင်းနှင့် စပ်လျဉ်း ၍ သိသင့်သိထိုက်သော အကြောင်းအချက်အချို့ ဖြစ်သည်။ ဤတွင်

'မြန်မာ့စစ်တပ်သမိုင်း'အကြောင်းကို နိဂုံး မချုပ်မီ ရှေးမြန်မာစစ်သည်တော်များ စစ်ချီတက်၊ တိုက်ခိုက် ကြပုံနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားတစ်ဦး၏ အမြင်ကို တင်ပြ လိုပေသည်။ ထိုသူမှာ အခြားမဟုတ်။ မျက်မြင်ကိုယ်တွေ့ လေ့လာမှတ်သားထားသူ ဗရင်ဂျီဘုန်းတော်ကြီး ဆန်ဂျာမာနို ဖြစ်သည်။ ၁၈၃၃ ခုနှစ်တွင် သူရေးသည့် 'ဗမာ့အင်ပါယာ အကြောင်း'ဟူသော ကျမ်း၌ အောက်ပါအတိုင်း အပိုအလို မရှိ မှတ်တမ်းတင်ထားခဲ့လေသည်။

*စစ်ထွက်ရတော့မည်ဟု အမိန့်ရကြသည်နှင့် တပြိုင်* နက် ဗမာစစ်သည်တော်များသည် ကောက်စိုက်ခြင်း၊ ကောက် ရိတ်ခြင်းနှင့် စစ်မဲ့အချိန်တွင် ဝမ်းစာအတွက် ရှာမှီးလုပ်ကိုင် လျက် ရှိကြသော မည်သည့်အလုပ်အကိုင်မျိုးကို မဆို ပစ်ထား ခဲ့ကြပြီး ချက်ချင်းပင် သက်ဆိုင်ရာ တပ်ဖွဲ့များသို့ သွားရောက် သတင်းပို့ကြကာ စစ်ထွက်ရန် ပြင်ဆင်ကြကုန်သည်။ နောက် သူတို့၏ လက်နက် (သေနတ်)များကို ပခုံးပေါ်တင် ထမ်းပိုး သဖွယ် ထမ်းလိုက်ကာ တစ်ဘက်အစွန်းတွင် ဖျာလိပ်တစ်လိပ်၊ ညတွင် ခြုံရန် စောင်တစ်ထည်၊ သေနတ်အတွက် ယမ်းနှင့် ကျည်ဆန်များ၊ ချက်ပြုတ်စားသောက်ရန် အိုးငယ်တစ်ခုကို ချိတ်လိုက်ပြီး အခြားတစ်ဘက်အစွန်းတွင် ဆန်၊ ဆား၊ ငါးပိ တို့ကို ချိတ်လိုက်သည်။ ဤသို့အားဖြင့် ဗမာစစ်သည်တော် များသည် လိုရာ စခန်းသို့ ယာဉ်များမပါ၊ အဝတ်တဲများ မပါ၊ ဝတ်ဆင်နေကျ အဝတ်အစားများနှင့်ပင် ခေါင်းပေါ်၌ 'စစ်သား' ဟု အသိအမှတ်ပြုရသည့် အဝတ်နီစများကို တင်ကာ ခြေလျင် လျှောက်ကြသည်။ အိပ်သည်ဆိုရာ၌လည်း ခဏ ခေတ္တလောက် သာ အိပ်ကြသည်။ အိပ်ရာမှ ထလာပြန်လျှင်လည်း မိမိတို့ ကိုယ်တိုင် ကိုယ်ကျ ထမင်းကို ချက်၍ မိမိတို့ ကိုယ်တိုင် ကိုယ်ကျပင် စစ်သားများနှင့် ခရီးသွားတိုင်း အမြဲဆောင်ထား လေ့ ရှိသည့် ငါးပိအနည်းငယ်နှင့် ရောသောဟင်းသီးဟင်းရွက် ရေလုံပြုတ်တစ်မျိုးကို ပြုတ်ကျိုကာ စားသောက်ကြပြီးနောက် နံနက် ကိုးနာရီဆိုလျှင် ဆက်လက်ချီတက်ကြပြန်သည်။ ည အချိန်တွင်မူ သူတို့သည် မြေကြီးပေါ်၌ပင် တိုက်ခတ်လျက် ရှိသော လေပွေ လေပြင်း၊ ကျဆင်းလျက်ရှိသော နှင်းမှုန် နှင်းခဲ၊ စွေကြဲလျက်ရှိသော မိုးသီးမိုးပေါက်တို့ကို သစ်ရွက် ဆူးချုံတို့ဖြင့်သာ ကာ၍ ရံ၍ အိပ်ကြကုန်သည်။ တစ်ခါတစ်ရံ တိုက်ပွဲစစ်ပွဲများကို ရှေ့လာမည့်နှစ်သို့ ရွှေ့ဆိုင်းလိုက်ကြပြန်ပြီ ဆိုလျှင် ထိုစစ်သည်တော်များသည် ရဲဘော်ရဲဘက် အားလုံး စားသုံးနိုင်ရန်အတွက် ရန်သူ့နယ်ပယ်အတွင်း၌ပင် လယ်ထွန် ခြင်း၊ စပါးစိုက်ခြင်းစသော အမှုကိစ္စတို့ကို ပြုလုပ်ကြရပြန် လေသည်။ [၁]

အိန္ဒိယ တပြည်လုံးကို ဝါးမျိုပြီးဖြစ်သော နယ်ချဲ့မျက်နှာ ဖြူများသည် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများဖြင့် အထူးပြည့်ဝကုံလုံလျက်ရှိသော မြန်မာနိုင်ငံကိုလည်း ဝါးမျိုး လိုက်ကြရန် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ(၁၈၂၄-၁၈၂၆ခုနှစ်) မဖြစ်ပွားမီကပင် ဒေလီမြို့နှင့် ဆင်းမလားမြို့များတွင် စီမံကိန်း များရေးဆွဲပြီးဖြစ်လေသည်။ ထိုကြောင့် သူတို့သည် မြန်မာ များနှင့် ရန်မဖြစ် ဖြစ်လေအောင် စစ်မဖြစ် ဖြစ်လေအောင် ကြံဆောင်ကြိုးစားကြကုန်သည်။

ရှေးဦးစွာ အာသံနယ်ဘက်တွင် ရန်စကြကုန်သည်။ ထိုအချိန်အခါက အာသံပြည်သည် မြန်မာ့လက်အောက်ခံ ဖြစ်သည် အာသံဘုရင် စန္ဒရကန္တရှိန်မှာ ဘိုးတော်ဘုရားက နန်းတင်ထားသူဖြစ်သည်။ သို့ဖြစ်ရာ အင်္ဂလိပ်တို့သည် စန္ဒရကန္တရှိန်၏ အမှူး အမတ်များကို ထောင်ထားပုန်ကန်ရန် သွေးထိုးပေးကြသည်။ ငွေကြေးများ ပေးကြသည်။ လက်နက်များပေးကြသည်။ ထို့ကြောင့် ခရစ်နှစ် ၁၈၁၆ ခုတွင် အာသံ မှူးမတ်များ ထောင်ထားပုန်ကန်ကြသောအခါ မြန်မာ့ တပ်မတော်က သွားရောက် နှိမ်နင်း လိုက်ရသည်။ ထိုတပ်ကြီး တွင် စစ်သူကြီးမဟာဗန္ဓုလလည်းပါ၏။

သို့ရာတွင် အကြီးအချုပ်ကား မဟုတ်သေး။ ထိုစစ်ပွဲတွင် မြန်မာ့တပ်မတော်က အကြီးအကျယ်အောင်နိုင်ပြီး စန္ဒရ ကန္တရှိန်ကို နန်းတင်ကာ တပ်ပြန်ခေါက်ခဲ့သည်။ နယ်ချဲ့မျက်နှာဖြူများသည် ၁၈၁၈ ခုနှစ်တွင် ဒုတိယ အကြိမ်သွေးထိုးကြပြန်သည်။ သို့နှင့် အာသံမှူးမတ်များ ထောင်ထားကြပြန်သည်။ မဟာဗန္ဓုလအပါအဝင် မြန်မာစစ်သူ ကြီးများက ကွပ်ကဲလျက် သွားရောက် နှိမ်နင်းကြပြန်သော အခါ အကြီးအကျယ်အောင်နိုင်ကြ၍ စန္ဒရကန္တရှိန်ကို နန်းအပ် ခဲ့ကြပြန်သည်။

တတိယအကြိမ်အဖြစ် ၁၈၂၁ ခုနှစ်တွင် နယ်ချဲ့မျက်နှာ ဖြူများက သွေးထိုးကြပြန်သည် ယခုအချိန်၌သော် အာသံမှူး မတ်များကိုသာ သွေးထိုရုံမဟုတ် အာသံဘုရင် စန္ဒရ ကန္တရှိန်ကိုပါ သွေးထိုလိုက်ကြသည်။ ယခင်အခါများက အတိုင်းလည်း ငွေကြေးများနှင့် လက်နက်ခဲရမ်းမီးကျောက်များ ပေးကြသည်။ ထိုမျှသာမက မျက်နှာဖြူစစ်ဗိုလ်များက အုပ်ချုပ် သည့် မျက်နှာဖြူ မျက်နှာမဲ စစ်သားအမြောက်အများကိုလည်း ပေးကြသည်။ ထို့ကြောင့် စန္ဒရကန္တရှိန်ကိုယ်တိုင် ဦးဆောင်ကာ ဘကြီးတော်မင်းကို ထောင်ထားပြန်သည်။ ဤအကြိမ်တွင်မူ စစ်သူကြီး မဟာဗန္ဓုလကိုယ်တိုင် ဦးစီး ဦးချုပ်ပြုကာ သွားရောက် နှိမ်နင်းသည်။ မြန်မာ့တပ်မတော်ကား အကြီး အကျယ် အောင်ပွဲဆင်နိုင်ခဲ့၏။

နယ်ချဲ့မျက်နှာဖြူများသည် အာသံပြည်ဘက်တွင် အရေး နိမ့်ကာ မိမိတို့၏ အကြံအစည်များ ပျက်ပြားသွားရလေသော အခါ အိန္ဒိယ-မြန်မာ နယ်စပ်ဖြစ်သော စစ်တစ်ကောင်း နယ်ဘက်သို့ ဦးလှည့်ကြပြန်သည်။ သို့နှင့် သက္ကရာဇ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်မြန်မာစစ်ပွဲ စရသည်။ ဤတွင်လည်း အနှောက်အယှက် အမျိုးမျိုး ပေးကြပြန်သည် စစ်သူကြီး မဟာဗန္ဓုလနှင့် မြဝတီမင်းကြီးဦးစတို့ အုပ်ချုပ်ကွပ်ကဲသည့် မြန်မာ့တပ်တော်သည် ဂေါ့တော့ပလ္လင်တိုက်ပွဲ၊ ပန်းဝါတိုက်ပွဲနှင့် ငတ်မြစ်(နတ်မြစ်) တိုက်ပွဲတို့တွင် တိုက်ပွဲဝင် နယ်ချဲ့ မျက်နှာဖြူများကပင် အံ့သြချီးမွမ်းရလောက်အောင် အောင်နိုင်လိုက်ကြသည်။

သို့ရာတွင် စစ်ပရိယာယ်၌ အဝါးဝပြီး ကျွမ်းကျင်ပြီးဖြစ်ကြ သော နယ်ချဲ့မျက်နှာဖြူများသည် စစ်တစ်ကောင်းနယ်စပ်၌ မြန်မာ့တပ်မတော်က သဲသဲမဲမဲ ဇွဲနဘဲနှင့် အောင်ပွဲများကို ဆင်နေကြစဉ်

အတွင်း စစ်သင်းဘောများ ကုန်သင်းဘောများဖြင့် ရုတ်တရက် ရှောင်တခင် ရန်ကုန်မြို့သို့ ဝင်ကာ သိမ်းပိုက်လိုက်ကြသည်။ အင်္ဂလိပ်မိကြရရှာသော မြန်မာများက အပြင်းအထန်ခုခံကြသေး၏။ မရ။ သို့နှင့် စစ်တစ်ကောင်းနယ်ဘက်သို့ ချီတက်တိုက်ခိုက်ရန် အားယူနေကြသော စစ်သူကြီးမဟာဗန္ဓုလ၏ လက်အောက်ခံ မြန်မာ့စစ်သည်တော်များသည်။ ရန်ကုန်မြို့သို့ ဆင်းလာကြရ ပြန်သည်။ သို့သော် အာသံ တိုက်ပွဲများမှ အစ ယခုထိ တောက်ရှောက် စစ်ဆင်ခဲ့ကြရသော မဟာဗန္ဓုလ၏ တပ်မတော် သားများသည် ပင်ပန်းနွမ်းနယ်လှချေပြီး။ အထူးသဖြင့် ရွှေတိဂုံ စေတီတော်ကြီးကို တောင်ထိပ်ခံတပ်အဖြစ် ရယူထားကြပြီး ဖိနပ်စီး အညစ်အကြေးစွန့် အိုးအိမ်တည်ဆောက် အမြောက်ကြီး များကို တင်၍ လူသတ်ပွဲ ဆင်နေသော နယ်ချဲ့မျက်နှာဖြူတို့က အဖက်ဖက်တွင် တပန်းသာလျက်ရှိနေပြီး။ မည်သို့ပင်ဖြစ်စေ အစပထမ၌သော် မဟာဗန္ဓုလ၏ စစ်သည်တော်များသည် အောင်ပွဲများ ခံကြရသေး၏။ ကြည့်မြင်တိုင် တိုက်ပွဲများ ကုက္ကိုင်းတိုက်ပွဲများတွင် မြန်မာ့အစွမ်းကို အံ့မခန်း ပြနိုင်ကြသည်။ သို့ရာတွင် လက်နက်အရာ၌ကား အဆမတန် ကွာခြားနေမှုကြောင့် မဟာဗန္ဓုလသည် ဓနုဖြူမြို့သို့ အင်အားဖြည့်ရင်း ဆုတ်ခွာ

ခဲ့ရလေသည်။



ကုန်းဘောင်ခေတ်သေနတ်ကိုင်ရဲမက်

ဤတွင် လက်နက်ချင်း ကွာခြားနေမှုကို အနည်းငယ်

တင်ပြလိုသည်။ မြန်မာစစ်သည်တော်များကား သေနတ်ကို လူတိုင်း မကိုင်နိုင်ကြ ဓားကိုင်၊ လှံကိုင်၊ တုတ်ကိုင် စသည် တို့ကလည်း ကူကြရပေးသေးသည်။ ကိုင်နိုင်သူများ၏ သေနတ် များမှာလည်း ယမ်းနှင့် အုန်းဆံ ကာပတ်နှင့် ကျည်နှင့် ပစ်ရသော ကျောက်မီးသေနတ်များသာ ဖြစ်ကြရာ တစ်ခါတရံ သေနတ်တချက်ထွက်ရန် အကြိမ်ကြိမ်မောင်းတင်၍ ဖြုတ်ကြ ရပေသည်။ နယ်ချဲ့မျက်နှာဖြူတို့၏ 'ရိုင်ဖယ်' သေနတ်များ မှာမူကား ခေတ်မီ သေနတ်များဖြစ်သည့် အပြင် လှံစွပ်များကို လည်း တပ်ဆင်ထားကြသည်။ သို့ရာတွင် အလွယ်တကူ ပစ်ရင်းခတ်ရင်းပင် ရန်သူကို လှံစွပ်တက်ထိုးနိုင်သည်။ မြန်မာတို့ကဲ့သို့ လှံဓား သုံးစရာမလို။ ထို့အပြင် အမြောက် ချင်းလည်း ကွာခြားလှပေးသည် မြန်မာ့အမြောက်တစ်လက်က ပစ်လွှတ်လိုက်သော ကျည်ဆန် တစ်ဆန်သည် လူတစ်ယောက်ကို ထိမှန်လျှင် ထိုသို့ထိမှန်သော သူကိုသာ ဒုက္ခပေးနိုင်သည် နယ်ချဲ့မျက်နှာဖြူတို့၏ အမြောက်တစ်လက်က ပစ်လွှတ်လိုက်သော ကျည်ဆန် တစ်ဆန်မှာမူကား လူကိုတိုက်ရိုက် မထိမှန်စေဦး လူလေးငါးယောက် အနီးသို့ကျ၍ ပေါက်ကွဲသွားခဲ့သော် ထိုလေးငါးယောက်ကို သေစေနိုင်ပေသည်။ ထိုသို့သော သာမန်အမြောက်များသာ မက နယ်ချဲ့အင်္ဂလိပ်တို့တွင် ဒုံးပျံအမြောက်များလည်း ပါသေးသည်။ သို့ဖြစ်ရာ မယှဉ်သာအောင် ကွာခြားသော ထိုလက်နက်များကြောင့်လည်း မြန်မာများ ရှုံးနိမ့်ရခြင်းဖြစ်ပေသည်။ ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဓနုဖြူခံတပ်အတွင်း၌ စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးရခြင်း အကြောင်းမှာလည်း အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သော အမြောက်ဆန် တစ်ဆန်သည် သူ့အနီးတွင် ပေါက်ကွဲသွားခြင်းကြောင့် ဖြစ်သည်။ မဟာဗန္ဓုလ ကျဆုံးပြီး ဆိုသည်နှင့် တပြိုင်နက်လည်း မဟာဗန္ဓုလ၏ တပ်ကြီးပျက်ရချေတော့သည်။ မဟာဗန္ဓုလ၏ တပ်ကြီးပျက်ပြီ ဆိုသည်နှင့် တပြိုင်နက်လည်း ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး ပြီးဆုံးပြီဟုဆိုနိုင်သည်။ သို့ရာတွင် ထိုသို့လက်နက်ချင်း မမျှ၍ ရှုံးပင် ရှုံးကြ ရငြားလည်း မြန်မာကို ကမ္ဘာက သိရပြီ။ မြန်မာကို ကမ္ဘာက ချီးမွမ်းရပြီ။ ထိုပထမ အင်္ဂလိပ်မြန်မာစစ်ပွဲနှင့် စပ်လျဉ်း၍ ချီးမွမ်းကြသူများအနက် မျက်နှာဖြူအမျိုးသမီး မစ္စတက်နစ်ဆင် ဂျက်စီက *မြန်မာနိုင်ငံအကြောင်း*ဟု ခေါင်းစဉ်တပ်ထားသည့် သူ့စာအုပ်တွင် အောက်ပါမှတ်ချက်ဖြင့် နံဂုံးချုပ်ထားသည်။ *ကျွန်ုပ်တို့(အင်္ဂလိပ်)ဘက်မှ စည်းကမ်းအရာနှင့်* လက်နက်နှစ်ဖုံ ဤအရာတို့တွင် 'သာ'နေသည့် နည်းတူ မြန်မာတို့ ဘက်မှာလည်း ဂုဏ်ယူစရာ အချက်နှစ်ချက် ရှိနေပေသေးသည်။ ထိုသို့ဂုဏ်ယူစရာ အချက်နှစ်ချက်မှာ မြန်မာတို့၏ အံ့မခန်း နိုင်လောက်သော သတ္တိနှင့် ပြောမကုန် နိုင်လောက်သော ထထကြွကြွ လုံ့လ ဝီရိယရှိမှုတို့ပင် ဖြစ်သတည်း။*ခရစ် ၁၈၂၅ ခုနှစ်တွင် ဖြစ်ပွားသော ဒုတိယ* အင်္ဂလိပ်မြန်မာစစ်ပွဲတွင်လည်း မြန်မာများသည် သတ္တိအရာတွင် သာနေကြပါလျက်နှင့် လက်နက်ချင်းကွာခြားနေမှုကြောင့် အညံ့ခံလိုက်ကြရပြန်လေသည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ၏ အစဖြစ်သော ၁၈၈၅ ခုနှစ်တွင်မူကား အင်အားကြီးမားသော နယ်ချဲ့မျက်နှာဖြူတို့ သည် စစ်သင်းဘောများဖြင့် ဧရာဝတီ မြစ်ကြောင်းအတိုင်း ချီတက်လာကြကာ သီပေါဘုရင်ကို ကြက်ငှက်ကလေးများ ဖမ်းသကဲ့သို့ အလွယ်တကူပင် ဖမ်းဆီးယူငင်သွားကြသည်။ ထိုသည့်နောက်ပိုင်းတွင်မှ ရုတ်တရက်အားဖြင့် အံ့အားသင့် ကြက်သေ သေနေကြရသော မြန်မာတစ်မျိုးသားလုံးသည် အုံကြွ တော်လှန်ကြကုန်သည်။ ခုနှစ်နှစ် ခုနှစ်မိုး တိုင်တိုင်ကြာ၏။ ပုံဂံမှ ဗိုလ်ချိုသည်လည်းကောင်း၊ ပုပ္ပါးမှ ဗိုလ်နက်ကျော်သည် လည်းကောင်း၊ ဝန်းသိုမှ စော်ဘွားကြီး ဦးအောင်မြတ်သည် လည်းကောင်း၊ ရွှေဘိုမှ ထိပ်တင်မှတ် သည်လည်းကောင်း၊ ကျောက်ဆည်မှ ဗိုလ်သာကျန်သည်လည်းကောင်း၊ ဆင်ဖြူ ကျွန်းမှ ဗိုလ်ဥတ္တမသည်လည်းကောင်း၊ ဝဲလောင်မှ ဗိုလ်ရာညွန့် သည်လည်းကောင်း၊ ကျွန်းခင်ကြီးမှ ဗိုလ်လှကျော်သည် လည်းကောင်း၊ မင်းတုန်းမှ ဗိုလ်ရွှေသည်လည်းကောင်း၊ ဇီးပင် ကြီးမှ မြင်စိုင်းမင်းသားသည်လည်းကောင်း၊ ရှိမ္မကားမှ ဗိုလ်ရိုင်းသည်လည်းကောင်း၊ နတ်မောက်မှ ဗိုလ်မင်းရောင်သည် လည်းကောင်း၊ ရဲရဲတောက် မြန်မာ့တော်လှန်ရေး ခေါင်းဆောင် ကြီးများ ထိုစဉ်က မြန်မာ့တပ်မတော်၏ ဦးစီးဦးချုပ်များ ဖြစ်ကြသည်။

ထိုမျှသာမက နယ်ချဲ့ မျက်နှာဖြူများ လက်အောက်ခံ အောက်မြန်မာပြည်တွင် ကရင်အမျိုးသားများ၊ မွန်အမျိုးသား များ၊ ရခိုင်အမျိုးသား စသည်တို့ကလည်းကောင်း၊ ရှမ်းပြည်တွင် ရှမ်းအမျိုးသားများကလည်းကောင်း၊ အထက်မြန်မာပြည်တွင် ကချင်အမျိုးသားများ၊ ချင်းအမျိုးသားများ၊ လူရှေ ( လူရိုင်း ) အမျိုးသားများ စသည်တို့ကလည်းကောင်း အကြီးအကျယ် အပြင်းအထန်ပင် တော်လှန် ကြကုန်သည်။ သို့ရာတွင် လက်နက်ချင်းကလည်းမမျှ၊ မြန်မာ့ကံဇာတကလည်း ညှိုးနေခိုက်ဖြစ်သဖြင့် အမျိုးလိုက် တော်လှန် ကြပါငြားလည်း မအောင်မြင်နိုင်ရှာကြ။ ( မြန်မာ့တော်လှန်ရေး လည်းရှု။ ) ဤသို့အားဖြင့် မြန်မာ့လွတ်လပ်ရေးကြီးကို လုံးဝဆုံး ရတော့သည်။

သည့်နောက်ပိုင်းတွင်မူကား ထိုကဲ့သို့ လုံးဝဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို မရအရ တစ်စတစ်စ ကြိုးပမ်းခဲ့ ကြ၏။ ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းများသည်လည်းကောင်း၊ ဂျီ၊ စီ၊ ဘီ၊ အေ အသင်းကြီးသည်လည်းကောင်း၊ ကျောင်းသား သပိတ် များသည်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမားများ၏ တော်လှန် ရေးကြီးသည်လည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် သခင်ဘိုးလှကြီး ခေါင်းဆောင်သော ' ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ' ဟု မော်ကွန်းတွင်ရစ်သည့် ရေနံမြေမှ အလုပ်သမား လှုပ်ရှားမှုကြီး သည် လည်းကောင်း၊ တို့ဗမာ အစည်းအရုံးသည်လည်းကောင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်းသည်လည်းကောင်း၊ ဗမာ့တော်လှန်ရေး ပါတီသည်လည်းကောင်း ဗမာ့ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်း၏ မေ့မရနိုင်သော မှတ်တိုင်ကြီးများ ဖြစ်ကြပေသည်။

သို့နှင့် ၁၉၄၀ ပြည့်နှစ်တွင် လက်ရှိမြန်မာ့တပ်မတော်၏ သမိုင်းအစသို့ ရောက်ပြီဟု ဆိုနိုင်သည်။ ထိုနှစ်တွင် တို့ဗမာ အစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူးဖြစ်သော သခင်အောင်ဆန်းသည် ဟင်္သာတခရိုင်၊ ဒေါင့်ကြီးရွာတွင် နယ်ချဲ့မျက်နှာဖြူများက တောင်တန်း ဒေသများကို ဖိနှိပ်ချုပ်ချယ်ထားခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ဟောပြောလိုက်သည့်အတွက် ဟင်္သာတခရိုင်ရာဇဝတ်ဝန်က လူဖမ်း ဝရမ်းထုတ်လိုက်သည်။ ထို့ကြောင့် သခင်အောင်ဆန်း သည် ' မြေအောက် ' ၌ ရုတ်ဖျက်နေရရာ ' ဗမာ့တော်လှန် ရေးပါတီ ' ဝင်များနှင့် မြန်မာ့လွတ်လပ်ရေးရရာ ရကြောင်း နည်းလမ်းများကို လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးကြသည်။ နောက်ဆုံး၌ သခင်အောင်ဆန်းကို နိုင်ငံခြားသို့ စေလွှတ် ပြီးလျှင် ရနိုင်မည့် မည်သည့် *နိုင်ငံခြားအကူအညီ* ကို မဆို ရယူရန် ဆုံးဖြတ်လိုက်ကြသည်။ သို့နှင့် သခင်အောင်ဆန်းသည် ထိုနှစ်ဩဂုတ်လ ၈ ရက်နေ့တွင် တရုတ်အမျိုးသားကဲ့သို့ ရုပ်ဖျောက်ဝတ်ဆင်ကာ ' ဟိုင်လီ ' သင်းဘောဖြင့် နိုင်ငံခြားသို့ ထွက်ခွာ သွားခဲ့သည်။

ရှေးဦးစွာတွင် တရုတ်တို့၏ အကူအညီ ရလိုရငြားဖြင့် သခင်အောင်းဆန်းသည် တရုတ်နိုင်ငံ တောင်ပိုင်း ကမ်းခြေရှိ အမွိုင်မြို့တွင် ဆင်းသည်။ သို့ရာတွင် နှစ်လကျော်မျှ ယောင်ချာချာနေရပြီးလျှင် နိုဝင်ဘာလဆန်းတွင်မှ ဂျပန်စစ်ဘက်အရာရှိ တစ်ဦးနှင့် ဆက်သွယ်မိကာ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထိုလ ၁၂ ရက်နေ့တွင် လေယာဉ်ပျံဖြင့် ရောက်ရှိသွားလေသည်။

*ဟာနေဒါ* လေယာဉ်ပျံကွင်းတွင် ကြိုနေသူကား နောက်နောင်တွင် ဗမာ့တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးကို အထူးအားပေးကူညီမည့် မစ္စတာ မီနာမိ ( ခေါ် ) ကာနယ် ဆူဇူကီး ( ခေါ် ) *ဗိုလ်မိုးကြိုး* ပင် ဖြစ်သည်။ ထိုကာ နယ်ဆူဇူကီး၏ အကူအညီဖြင့်ပင် သခင်အောင်ဆန်းသည် ဂျပန်စစ်ဘက်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရကာ မြန်မာ့လွတ်လပ်ရေးအတွက် လမ်းစရှာရသည်။ ထိုနောက် ၁၉၄၁ ခုနှစ် မတ်လအတွင်း မြန်မာပြည်သို့ လျှို့ဝှက် ရုပ်ဖျောက်ပြန်လာခဲ့ပြီး လျှင် *ဗမာ့တော်လှန်ရေးပါတီ* ဝင်များနှင့် တွေ့ဆုံ၍ ဂျပန်တို့၏ အကူအညီများ၊ ကတိကဝတ်များ၊ မြန်မာပြည်ကို ဝင်ရောက်တိုက်ခိုက်ရေးများ၊ ပြည်တွင်း လှုံ့ဆော်မှုများ၊ စည်းရုံးမှုများ၊ အထူးသဖြင့် ထိုလွတ်လပ်ရေးတိုက်ပွဲအတွက် မြန်မာ လူငယ်တစ်စုကို စစ်ရေး လေ့ကျင့်မှုပေးရန် အစီအစဉ်များ စသည်တို့ကို သခင်အောင်ဆန်းက ချပြသည်။ *ဗမာ့ တော်လှန်ရေးပါတီ ဝင်များကလည်း သဘောတူညီကြ၏။ သို့နှင့်* 'ရဲဘော်သုံးကျိပ် ' ဟု နောင်တွင်မည့် မြန်မာလူငယ် တစ်စုသည် လေးသုတ်ခွဲကာ တစ်သုတ်ပြီးတစ်သုတ် ဂျပန်နိုင်ငံသို့ လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။ နောက် ထိုရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းတွင်လည်းကောင်း၊ တိုင်းဝမ်းကျွန်း ( ဖော်မိုးဆား ) တွင်လည်းကောင်း

ငါးလခန့်မျှ စစ်ပညာများကို မနားမနေ အပင်အပန်း အဆင်းရဲခံကာ ကြိုးစားလေ့ကျင့်ကြကုန်သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်တို့သည် စစ်မကြေညာဘဲ အမေရိကန်ပိုင် ပုလဲဆိပ်ကမ်း( ပါးလဟာဗာ) ကို လေယာဉ်ပျံများဖြင့် ဗုံးကြဲတိုက်ခိုက်လိုက်သည်မှအစ အမေရိကန်တို့လည်း စစ်ထဲသို့ ဝင်လာကြရသည်။ ကမ္ဘာ အရှေ့ပိုင်းတွင်သို့ စစ်ဖြစ်သည်နှင့် တစ်ပြိုင်နက် စစ်ရေး လေ့ကျင့်နေကြသော ရဲဘော်သုံးကျိပ်သည် ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့သို့ အမြန်သွားကြာကာ ထိုလ ၂၆ ရက်နေ့တွင် *ဗမာ့လွတ်လပ်ရေးကို မရမချင်း အသက်ပင် သေသေ* အရေပင် ခန်းခန်း မခွဲတမ်း မခွာတမ်း လုံးပန်းတိုက်ခိုက် ကြမည် *ဟု လက်မောင်းသွေးများကို ဖောက်၍* သစ္စာရေသောက် လိုက်ကြကုန်သည်။ ထိုအပြင် ထိုနေ့တွင်ပင်လည်း *ဘီ၊ အိုင်၊ အေ* ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော် *ကြီးကို ဖွဲ့စည်းလိုက်ကြသည်။* ထိုတပ်မတော်ကြီးတွင် ဝင်ရောက်ကြသူများကာ ရှေးယခင်က ပင် နယ်ချဲ့မျက်နှာဖြူများကို စိတ်အနာကြီးနာ၍ ယိုးဒယား နိုင်ငံသို့ တိမ်းရှောင်သွားကြပြီးလျှင် အိုးအိမ်ထူထောင်လျက် ရှိကြသော မြန်မာများ၊ နောက်မှ ရောက်ကြသော မြန်မာများ၊ မြန်မာတို့ကို ညီရင်းအစ်ကိုတစ်မျှ ချစ်ခင်လိုလားကြသော ယိုးဒယားများ၊ ရှမ်းယိုးဒယားများ၊ ရှမ်း တရုတ်များ၊ ရှမ်းဗမာများ အစရှိသည်တို့ ဖြစ်ကြသည်။ ထိုစဉ်က ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး အင်အားမှာ တစ်ထောင့် ငါးရာမျှလောက်သာ ရှိသေး၏။



ဗမာ့လွတ်လပ်ရေး တပ်မတော်အလံတော်

*ဗိုလ်တေဇ* ခေါ် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ထိုဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသည် ၁၉၄၂ ခု နှစ်စတွင် ဂျပန်အင်ပီးရီးယယ် တပ်မတော်ကြီးနှင့်အတူ စစ်သုံးကြောင်း ဖြန့်ကာ ယိုးဒယား မြန်မာနယ်စပ်ရှိ မတ်စောက်သော တောင် ကြီးများ၊ နက်ရှိုင်းသော ချောက်ကြီးများကို ဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့ ဝင်ခဲ့သည်။ ရေး၊ မြိတ်၊ ထားဝယ်နှင့် မော်လမြိုင်မြို့တို့ကို အပြီးအပိုင်စီးနိုင် သိမ်းနိုင်သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး၏ အလံတော်အောက်သို့ ဝင်ရောက် လာကြသည့် မျိုးချစ်ပုဂ္ဂိုလ်များသည်လည်း ဒီရေအလား တစ်နေ့တစ်ခြားပင် တိုးတက်များပြားလာခဲ့သည်။ သို့ရာတွင် ဟိုင်နန်ကျွန်းနှင့် တိုင်းဝမ်ကျွန်းတို့တွင် စစ်ရေး လေ့ကျင့်စဉ်ကပင် ဂျပန်များအပေါ် စိတ်ပျက်လက်စ ရှိခဲ့ကြ ရသော ရဲဘော် သုံးကျိပ်တို့သည်

ပို၍ပင် စိတ်မချမ်းမြေ့စရာ၊ စိတ်ထိခိုက်စရာ အကြောင်းများ ဆင့်ကာ ဆက်ကာ ပေါ်ပေါက်လာပြန်သည်။ အထူးသဖြင့် ဂျပန်တို့သည် ဗမာ့ လွတ်လပ်ရေး တပ်မတော် ကြီးနှင့် လက်တွဲ၍ ချီတက် လာရာတွင် တနင်္သာရီတိုင်းကို ရရှိပြီး သောအခါ၊ မော်လမြိုင် မြို့ကို သိမ်းပြီးသောအခါ ဗမာ့လွတ်လပ်ရေးကို ကြေညာပါ မည်ဟု ကတိကဝတ် ပြုခဲ့ကြကုန်သည်။ ယခုသော် တနင်္သာရီ တိုင်းကိုလည်း ရပြီးပေပြီ၊ မော်လမြိုင်မြို့ကိုလည်း သိမ်းပြီး ပေပြီ၊ သို့ရာတွင် လွတ်လပ်ရေးကို မကြေညာ ရုံသာမက ပါးရိုက်၊ နားရိုက် စသည်ဖြင့် ဆက်ဆံရေး အဆင်မပြေမှုများ ဖြစ်ပွားလာခဲ့သည်။ မြန်မာစစ်သားများနှင့် ဂျပန်စစ်သားများ၊ ဂျပန်စစ်သားများနှင့် မြန်မာလူထုသည် ကင်းစ ကွာစ ကွေစ ပြုလာသည်။ မြန်မာများကို လွတ်လပ်ရေး ပေးပါမည်ဟု ဆိုသော ဂျပန်များ၊ အရှေ့တောင်အာရှတိုက်၏ *သာတူညီမျှ* ရေး *ဟု ကြွေးကြော်လျက်ရှိကြသော ဂျပန်များသည်* မြန်မာများ စိတ်နာလာရအောင် လုပ်ဆောင် ကြပေပြီ။ မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးကြီးကိုသာ အာသာ ပြင်းပြလျက် ရှိကြသော မြန်မာများသည် သည်းညည်းခံ အောင့်အည်းကာ စောင့်စည်းစရာ ရှိသော တာဝန်အရပ်ရပ်ကို ကျိတ်လျက် မှိတ်လျက် စောင့်စည်းကြကုန်သည်။ သို့နှင့် မတ်လ ၈ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသည် ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ထိုချိန်အခါတွင် လူပေါင်း တစ်ထောင့်ငါးရာမျှဖြင့် စတင်တည်ဆောက်ခဲ့ကြသော ဗမာ့လွတ်လပ်ရေး တပ်မတော် ကြီးသည် သုံးလကျော် လေးလမျှအတွင်း လွတ်လပ်ရေးအတွက် အသက်ပေးလှူမည်ဟု အဓိဋ္ဌာန်ပြုထားပြီးဖြစ်ကြသော ဘီ အိုင် အေ တပ်သားပေါင်း နှစ်သောင်းခန့် အထိတိုးတက်၍ လာခဲ့ပြီ။ သို့ရာတွင် ထိုအချိန်အခါအထိပင် ဂျပန်များကား မြန်မာ့လွတ်လပ်ရေးကို မကြေညာကြသေး။ မကြေညာ ရုံမျှသာမက မြန်မာများ လိုလား တောင့်တနေကြသည့် *လွတ်လပ်ရေး* ဟူသော စကားသည်ပင်လျှင် မြန်မာများ၏ မျိုးချစ်စိတ်ကို လှုံ့ဆော် တက်ကြွစေသည်ဟု အထင်ရှိကာ *မြန်မာများလည်း လွတ်လပ်ရေး ရတော့မည့် အတူတူ* ဗမာ့လွတ်လပ်ရေး တပ်မတော် ခေါ် ဘီ၊ အိုင်၊ အေ တပ်မတော် အမည်မှ ဗမာ့ ကာကွယ်ရေးတပ်မတော်ခေါ် ဘီ၊ ဒီ၊ အေ တပ်မတော် အမည်သို့ ပြောင်းလိုက်လျှင်ကောင်းမည် ထင်ပါသည် *ဟု တဘက်လှည့် ဆိုလာပြန်လေသည်။* ထို့ကြောင့် ထိုနှစ်ဩဂုတ်လအတွင်း *ဗမာ့လွတ်လပ်ရေး* တပ်မတော် *(ဘီ၊အိုင်၊အေ) ကို ရုပ်သိမ်းကာ* ဗမာ့ ကာကွယ်ရေး တပ်မတော် *( ဘီ၊ ဒီ၊ အေ )ကို ပြန်လည်* ဖွဲ့စည်းလိုက်ရသည်။ ထို ဘီ၊ ဒီ၊ အေနှင့် အတူလည်း ခြေလျင် တပ်ရင်း (၁)၊ ခြေလျင် တပ်ရင်း (၂) နှင့် ခြေလျင်တပ်ရင်း (၃) တို့အပြင် စစ်ဦးစီးဌာနချုပ်၊ စစ်ရုံးနှင့် မင်္ဂလာဒုံမှ စစ်တက္ကသိုလ်တို့ ပေါက်ဖွားလာ ကြသည်။

*ဘီ၊ ဒီ၊ အေ* ဟု ပြန်လည်ဖွဲ့စည်းပြီး၍ တစ်နှစ်ခန့် အကြာဖြစ်သော ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်များပေးသည့် *လွတ်လပ်ရေး* ကို မြန်မာများရကြ သည်။ ထိုအခါ

ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာပြီးလျှင် စစ်ဝန်ကြီးရုံးကို ဖွဲ့စည်းလိုက်လေသည်။ စစ်တပ်များကို အုပ်ချုပ်ရန်အတွက်မူ *စစ်ဦးစီးချုပ်ဌာန* ဟု သီးသန့်ဖွဲ့စည်းပြီးလျှင် ဗိုလ်မှူးကြီးနေဝင်း (ယခု စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး နေဝင်း) အား စစ်ဦးစီးချုပ် အဖြစ် တာဝန်ပေးအပ်သည်။ တပ်များကိုလည်း တိုးချဲ့ဖွဲ့စည်းလိုက်ကြသည်။ ထိုအချိန်က တိုးချဲ့ဖွဲ့စည်းလိုက်ကြသော တပ်များကာ ခြေလျင်တပ်ရင်း (၄)၊ ခြေလျင်တပ်ရင်း (၅)၊ ခြေလျင်တပ်ရင်း (၆)၊ ခြေလျင်တပ်ရင်း (၇)၊ စက်မှုလက်မှု တပ်ရင်း (၂)၊ စက်အမြောက်တပ်ရင်း (၁)၊ အမြောက်ကြီး တပ်ရင်း (၁)၊ သယ်ယူပို့ဆောင်ရေးတပ်ရင်း (၁)၊ မော်တော် ယာဥ်တပ်ရင်း (၁) တို့ ဖြစ်ကြသည်။

မင်္ဂလာဒုံတွင်လည်း *ဗိုလ်သင်တန်းကျောင်း* ကို ဖွင့်လှစ်လိုက်လေသည်။ ဒုတိယ အပတ်ပြီးသည်အထိ ဂျပန် များက ဦးစီးကြ၏။ တတိယ အပတ်မှ ပဥ္စမအပတ်အထိမူ မြန်မာအရာရှိများက ဦးစီးသင်ကြားပေးကြသည်။ သင်တန်း တက်ခွင့်ရကြသော ဗိုလ်လောင်းများ အထဲမှလည်း အချို့ကို ဂျပန်နိုင်ငံသို့ စစ်ပညာတော်သင်များ အဖြစ် သုံး ကြိမ်တိုင်တိုင် စေလွှတ်နိုင်ခဲ့သည်။

ထိုခေတ် စစ်ဆင်ရေးများ အကြောင်းနှင့် စပ်လျဉ်း၍လည်း အနည်းငယ် တင်ပြလိုသေးသည်။ အကြမ်း မျဉ်းအားဖြင့် စစ်ဆင်ရေးများကို အောက်ပါအတိုင်း အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြသည်။

(က)ခရစ် ၁၉၄၂ ခုနှစ်တွင် ခြေလျင်တပ်ရင်း (၁) နှင့် ခြေလျင်တပ်ရင်း (၃) တို့ကို ရခိုင်တိုင်းတွင် တာဝန်ယူစေသည်။

(ခ) ခြေလျင်တပ်ရင်း (၃) ကို ရခိုင်မှ ရွှေဘို၊ မြစ်ကြီးနားဘက်သို့ ရွှေ့ပြောင်းလိုက်ကာ ဂျင်နရယ် ဝင်းဂိတ်တပ်များကို ရွှေဘိုမှဖြတ်၍ မီးရထားလမ်းကို အနှောက်အရှက် မပေးနိုင်ရန် တာဝန်ယူစေသည်။

(ဂ) ခြေလျင်တပ်ရင်း (၁) ကိုလည်း ကျောက်ဖြူ၊ သံတွဲ မြို့များမှ တစ်ဖန် အထက်ချင်းတွင်းသို့ ပြောင်းရွှေ့လိုက်ပြန်သည်။

(ဃ)စက်မှုလက်မှု တပ်ရင်း (၁) ကမူ အင်းတော်မှ တီးတိန်၊ ဖလမ်းအထိ လမ်းသစ်ဖောက်လုပ်ရေး တာဝန်ယူရသည်။

(င)ခြေလျင်တပ်ရင်း (၄) သည်လည်း ခြေလျင်တပ်ရင်း (၃) နှင့် တွဲဖက်ကာ ဂျင်နရယ်ဝင်းဂိတ်၏တပ်များကို အပြင်းအထန် တိုက်ခိုက်ကြရသည်။

(စ) ခြေလျင်တပ်ရင်း (၇) ကမူ ကွပ်ခိုင်ဘက်တွင် တာဝန်ယူရ သည်။

(ဆ)နောက် စက်အမြောက်တပ်ရင်းနှင့် အမြောက်ကြီး တပ်ရင်းတို့မှာမူကား နိုင်ငံတော် နေရာအနှံ့အပြားတွင် ရန်သူ့လေယာဉ်ပျံများကို ပစ်ခတ်ချေမှုန်းရေး တာဝန်ယူကြရသည်။

ဤသို့လျှင် ဗမာ့တပ်မတော်သည် လွတ်လပ်ရေးကြီးကို မျှော်ကိုး၍ အမျိုးမျိုးသော ဒုက္ခဆင်းရဲများကို ခံနေရခိုက် ဂျပန်များသည် ပါးရိုက်၊ နားရိုက်၊ နေပူလှမ်း၊ လက်သဲခွာ၊ ကျဉ်စက်တို့၊ လှံစွပ်ထိုး စသည်ဖြင့် တိုး၍ ဆိုး၍လာခဲ့သည်။ မြန်မာများ မခံမရပ်နိုင်ကြတော့။ သို့နှင့် တော်လှန်ရေး အစီအစဉ်များမှာ တစ်စတစ်စ ထုထယ်ကြီးမားလာရသည်။ ခရစ် ၁၉၄၃ ခုနှစ် နောက်ပိုင်းတွင် မဟာမိတ်တို့နှင့် အဆက်အသွယ် ရခဲ့ကြ၏။ ထိုကြောင့် တော်လှန်ရေး အစီ အစဉ်များကို စတင်ဆောင်ရွက်ကြရာတွင် ရှေးဦးပထမ စည်းလုံးနိုင်ငံရေး ပြင်ဆင်နိုင်ရေးအတွက် (၁) သရက်မြို့တွင် 'အနောက်တိုင်း'ကို ဖွင့်သည်။ အထက်မြန်မာပြည်အတွင်းရှိ တပ်များကို အုပ်ချုပ်စည်းရုံးရသည်။ တိုးချဲ့ထားသော ခြေလျင်တပ်များအပြင် လေ့ကျင့်ရေး တပ်ရင်း (၁) မှ (၄) အထိလည်း တိုးတက်ချဲ့ထွင်လိုက်သေးသည်။ နိုင်ငံရေး စည်းရုံးမှုကြီးတစ်ရပ် အနေနှင့်သော် ခရစ် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ တစ်စုတို့က ခေါင်းဆောင်လျက် *ဖက်ဆစ်* တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်*ကို* ဖွဲ့စည်းလိုက်ကြသည်။ ထိုအဖွဲ့တွင် ပါဝင်ခဲ့ကြသော နိုင်ငံရေးအသင်းအဖွဲ့များမှာ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီ၊ လူငယ်များ အစည်း အရုံး၊ ဗမာ့တပ်မတော်၊ ကရင်၊ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင် ခေါင်းဆောင်များ၊ သံဃာတော်များ အစရှိသည်တို့ ဖြစ်ကြသည်။

ဂျပန်တော်လှန်ရေးအတွက် အရှိန်ယူစ ပြုနေကြပေပြီ။ ထိုအတောအတွင်း ယခင်က အစပျိုးခဲ့သော အစီအစဉ်များ အပေါ်တွင် နောက်ဆုံး အစီအစဉ် တစ်ရပ်အနေဖြင့်လည်း အောက်ပါအတိုင်း ဗမာ့တပ်မတော် အင်အားကို ခွဲဖြန့် ထားလိုက်ကြသည်။

(က) အထက်မြန်မာပြည်တိုင်း။ ။ တိုင်းမှူး ဗိုလ်မှူးဗထူး။ အထက်မြန်မာပြည်အတွင်းရှိ တပ်များကို အုပ်ချုပ်ကာ စစ်ကြောင်းဖွင့်ရန်။

(ခ) ရှေ့တန်းစစ်ဌာနချုပ်။ ။ ရှေ့တန်းစစ်ဌာနချုပ် စစ်ကြောင်းကို ဗိုလ်မှူးကြီးဇေယျ ဦးစီး၍ စစ်ဌာနချုပ် ရုံးအဖွဲ့နှင့် စစ်ဝန်ကြီးရုံး အဖွဲ့အားလုံး စုပေါင်း၍ သရက်စခန်းမှ မင်းတုန်းစခန်းသို့ ချီတက်ရန်။

(ဂ) အောက်မြန်မာပြည်မှတိုင်း ၇ တိုင်းတိုင်းအမှတ်-၁။ ။ တိုင်းအမှတ် ၁ စစ် ကြောင်းကို ဗိုလ်မှူးမောင်မောင် ဦးစီး၍ သာယာဝတီ၊ ပေါင်းတည် စစ်ကြောင်းသို့ ချီတက်ရန်။ ခြေလျင်တပ်ရင်း ၄ သည် တိုင်းအမှတ် ၁ နှင့် ပူးပေါင်းကာ လိုက်ပါ ချီတက်တိုက်ခိုက်ရန်။

တိုင်းအမှတ်-၂။ ။ တိုင်းအမှတ် ၂ စစ်ကြောင်းကို ဗိုလ်မှူးကြီးနေဝင်း ဦးစီး၍ဖျာပုံမြစ်ဝကျွန်းပေါ် စစ်ကြောင်းသို့ ချီတက်ရန်။

(၃) တိုင်းအမှတ်-၃။ ။တိုင်းအမှတ် ၃ စစ် ကြောင်းကို ဗိုလ်မှူးကြီး စောကြာဒိုး ဦးစီး၍ မအူပင်မြစ်ဝကျွန်းပေါ် စစ်ကြောင်းသို့ချီတက် ရန်။

(၄) တိုင်းအမှတ်-၄။ ။တိုင်းအမှတ် ၄ စစ် ကြောင်းကို ဗိုလ်မှူးကျော်ဇော ဦးစီး၍ ပဲခူးစခန်းမှ ရန်ကုန်ကို ခုခံတိုက်ခိုက်ရန်။

(၅) တိုင်းအမှတ်-၅။ ။ တိုင်းအမှတ် ၅ စစ်ကြောင်းကို ဗိုလ်ကြီးတင်ထွန်း ဦးစီး၍ တနင်္သာရီတိုင်း ထားဝယ် စစ်ကြောင်းသို့ ချီတက်ရန်။

(၆) တိုင်းအမှတ်-၆။ ။တိုင်းအမှတ် ၆ စစ် ကြောင်းကို ဗိုလ်မှူး ရဲထွဋ် ဦးစီး၍ ရထား လမ်းတလျှောက် ပျဉ်းမနား။ မိတ္ထီလာ စစ် ကြောင်းသို့ ချီတက်ရန်။

(၇) တိုင်းအမှတ်-၇။ ။ တိုင်းအမှတ် ၇ စစ်ကြောင်းကို ဗိုလ်မှူးအောင် ဦးစီး၍ သရက်မှ သည် မင်းဘူးစစ်ကြောင်းတိုင်အောင် တာဝန်ခံ အုပ်ချုပ် တိုက်ခိုက်ရန်။ *စစ်သေနာပတိချုပ်က* ရှေ့တန်း စစ်ဌာနာချုပ်နှင့် အတူ မင်းတုန်း ဘက်သို့ လိုက်ပါ ချီတက်တိုက်ခိုက်မည်။ တပ်မတော် တစ်ခုလုံးကို အထူး ဆက်သာများ စေလွှတ် အုပ်ချုပ်ကာ စစ်ဆင်ရေး ကိစ္စ အဝဝကို စီစဉ်မည်။

ဤအစီအစဉ်အတိုင်း ခရစ် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ကို စတင် တော်လှန်ကြကုန်သည်။ ထိုတော်လှန်ရေးကြီးအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် အသက်နှင့် လဲသွားကြရှာသူများလည်း အမြောက်အမြားပင် ရှိခဲ့ကြ၏။ ခြေ၊ လက်၊ မျက်စိ စသည်တို့ကို စွန့်လွှတ်ပေးလှူခဲ့ကြသူများလည်း အမြောက်အမြားပင် ရှိခဲ့ကြ ၏။ သေကံမရောက် သက်မပျောက်သဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် ဆက်လက်ထမ်းဆောင်ခွင့် ရရှိနေကြ သူများလည်း အမြောက်အမြားပင် ရှိနေကြ၏။

သို့နှင့် တော်လှန်ရေး စချိန်မှအစပြု၍ *ပြည်သူ့* တပ်မတော်*ခေါ်* ဘီ၊အင်၊အေ *ဟု အမည်ပြောင်းလိုက်သော* ဗမာ့ အောင်တပ်မတော်ကြီး၏ အံ့မခန်းနိုင်လောက်သော စွမ်းရည် သတ္တိကြောင့်လည်းကောင်း၊ ရဟန်း သံဃာတော်မြတ်များမှ အစ ကလေးအရွယ် လူမမယ်များအထိ ပိုျ အို ကျား မ မရွေး မြန်မာလူထု တရပ်လုံး၏ မေ့မရနိုင် လောက်အောင် အံ့ကြွ ပူးပေါင်း ဆောင်ရွက်ချက်ကြောင့် လည်းကောင်း ဖက်ဆစ် ဂျပန်များသည် အပြေးအလွှားပင် ဆုတ်ခွာခုခံရင်း ပျက်သုန်းကြရရှာကုန်သည်။ ထိုကြောင့်ပင်လျှင်လည်း တော်လှန်ရေး စ၍ တလသာသာ ဖြစ်သော ခရစ် ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီးနေဝင်း ခေါင်းဆောင်သော ဗမာ့တပ်ဖွဲ့ကြီးသည် မဟာမိတ်များ မရောက်နိုင်မီပင် ရန်ကုန်မြို့တော်ကြီးကို ဝင်ရောက်သိမ်းပိုက်လိုက်ကာ မြန်မာ့အောင်လံကို စိုက်ထူ နိုင်ခဲ့သည်။ မဟာမိတ် တပ်ဦးကား ထိုလ ၃ ရက်နေ့ကျမှ ဝင်ရောက်နိုင်ရှာသည်။

ဖက်ဆစ် ဂျပန်ကို တော်လှန်လိုက်ပြီးသည့်နောက် *ပြည်သူ့တပ်မတော်* ခေါ် *ဘီ၊ အင်၊ အေသည်* *မျိုးချစ်* ဗမာ့တပ်မတော် *ခေါ်* ပီ၊ ဘီ၊ အက်(ဖ) *ဟူသော အမည်ကို* ခံယူလိုက်လေသည်။ ထို *မျိုးချစ် ဗမာ့တပ်မတော်*၏ ရှေ့ရေးနှင့် စပ်လျဉ်း၍သော် အာရှ အရှေ့တောင်ပိုင်းရှိ မဟာမိတ်တပ်များ၏ သေနာပတိချုပ် ဗိုလ်ချုပ်ကြီးလော့ လူဝီမောင့်ဗက်တင်၏ ဖိတ်မန္တက ပြုချက်အရ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ထိုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်ကာ တင်းတင်းမာမာပင် အရေးဆိုခဲ့သည်။ ထိုကြောင့်လည်း တပ်မတော်ကြီး တိုးချဲ့ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ အခွင့်အရေးများရရှိခဲ့၏။ သို့နှင့် ရှေးဦးစွာ ထိုနှစ်အောက်တိုဘာလအတွင်း မျိုးချစ်ဗမာ့ တပ်မတော်မှ အရာရှိ၊အကြပ် တပ်သားများကို ခွင့်သုံးလ ပေးလိုက်သည်။ နောက်သုံးလစေ့၍ ခရစ် ၁၉၄၆ ခုနှစ် ဇန္နဝါရီလသို့ ရောက်သောအခါတွင်မူ *မျိုးချစ် ဗမာ့* တပ်မတော် *ကြီးဟူသော အမည်ကို ဖျက်သိမ်း၍ မျိုးချစ်* တပ်မတော်မှ အရာရှိ၊ အကြပ်၊ တပ်သားများနှင့်ပင် သေနတ်ကိုင် တပ်ရင်း ၃၊ ၄ နှင့် ၅ တို့ကို ဖွဲ့စည်း ဖွင့်လှစ်လိုက်လေသည်။

သို့နှင့် ခရစ် ၁၉၄၇ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် *အောင်ဆန်း-အက်တလီ* စာချုပ်ကို ချုပ်ဆိုသည်။၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သည် ဆာမောင်ကြီး၊ ဗိုလ်မှူးအောင်၊ ဦးအောင်ဇံဝေ၊ ဦးတင်ထွန်း ၊ မြို့မ-ဦးသန်းကြွယ် ၊ သခင်ဝတင် နှင့် အခြားတိုင်းရင်းသား ခေါင်းဆောင်များနှင့် အတူ ပင်လုံညီလာခံ တွင် ဦးဆောင် ခဲ့သည်။ ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် *လက်ယာ-ဖရီးမင်း* စာချုပ်ကို ချုပ်ဆိုသည်။ ထိုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် *နူ-အက်တလီ* စာချုပ်ကို ချုပ်ဆိုသည်။ နောက်နှစ်ဖြစ်သော ခရစ် ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မြန်မာ နိုင်ငံတော်သည် *အချုပ်အချာ အာဏာပိုင် သမ္မတနိုင်ငံတော်* အဖြစ်သို့ ရောက်ရှိခဲ့သည်။ (အောင်ဆန်း-အက်တလီ စာချုပ်။ လက်ယာ-ဖရီးမင်း စာချုပ်။

ဤသို့လျှင် ခရစ် ၁၈၈၆ ခုနှစ် နှစ်ဦးမှ အစ၊ စတင် တော်လှန်ခဲ့ကြသော တော်လှန်ရေး သမိုင်းသည် ခရစ် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ တစ်မျိုးသားလုံးက ရှိသမျှသော ခွန်အား စိတ်ဓာတ် စသည်တို့ကို စုပေါင်း စည်းရုံးကာ တစ်ညီတစ်ညွတ်တည်း တော်လှန်လိုက်ကြခြင်း အားဖြင့် လွတ်လပ်သော မြန်မာနိုင်ငံတော်၏ သမိုင်းအစသို့ ရောက်ရှိလာရ သည်။

ထို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ *တော်လှန်ရေး တွင် ဗမာ့တပ်မတော်သားများကား ပြည်သူလူထု*၏ တပ်ဦးတွင် တခန်းတကဏ္ဍအဖြစ် စွမ်းစွမ်းတမံ ပါဝင်နိုင်ခွင့် ရရှိခဲ့ကြရကား ထိုဗမာ့ တပ်မတော်အတွက် မမေ့အပ်မမေ့ ထိုက်နိုင်လောက်အောင် ထူးကဲမွန်မြတ်သော နေ့ဖြစ်သဖြင့် လည်း ခရစ် ၁၉၅၄ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ

အစပြု၍ *တော်လှန်ရေးနေ့* ကို *ဗမာ့တပ်မတော်နေ့* ဟူ၍ပင် ဗမာ့တပ်မတော်သားများအဖို့ လေးစားစွာ သတ်မှတ်ခဲ့လေ သည်။ ဦးဘသောင်း တပ်မတော် ( ရေတပ် )။ ။ ၁၉၃၇ ခုနှစ်၌ မြန်မာပြည်နှင့် အိန္ဒိယပြည်ခွဲရေး ပြုလုပ်ပြီးသည့် နောက်ပိုင်းတွင် မြန်မာပြည် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ကို ကာကွယ်ရေးမှာ မြန်မာပြည်၏ တာဝန်ဖြစ်လာသည်။ ထိုကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ဗမာ့အရံ ရေတပ်မတော် တစ်ခု တည်ထောင်ရန် ထိုစဉ်က မြန်မာပြည်ကို အုပ်ချုပ်ခဲ့သော ဗြိတိသျှ အစိုးရက ဆုံးဖြတ်ချက် ချမှတ်ခဲ့ သည်။ သို့သော်လည်း တပ်ဖွဲ့ရန် အာဏာပိုင်ဖြစ်သော ဘုရင်ခံ တွင် ကြည်းတပ်နှင့် လေတပ်ဖွဲ့၏ စည်းရန်သာ အခွင့်အာဏာ ရှိ၍ ရေတပ် ဖွဲ့စည်းရန် အခွင့်အာဏာ မရှိသဖြင့် ရေတပ် ဖွဲ့စည်းရန် နှောင့်နှေးခဲ့ရသည်။

၁၉၄၀ ပြည့်နှစ်တွင် ဖွဲ့စည်းရန်နှင့် ဘဏ္ဍာရေး သုံးစွဲရန်ခွင့်ပြုချက်များ ရရှိခဲ့သဖြင့် ဗမာ့အရံ ရေတပ်မတော်ကို ဖွဲ့စည်းခဲ့သည်။ စတင် ဖွဲ့စည်းချိန်တွင် ခွင့်ပြုအင်အားမှာ အရာရှိ ၁၃၈ ယောက်နှင့် စစ်သည် ၁၀၀၀ ဖြစ်သည်။ စတင် ဖွဲ့စည်းချိန်၌ စုဆောင်းရရှိသော အင်အားတွင် မြန်မာများ၊ မြန်မာအင်္ဂလိပ် ကပြားများနှင့် ကရင်အမျိုးသားများ အများစု အဖြစ် ပါဝင်သော်လည်း စုပေါင်း စိစစ်ပါက ဘာသာရှစ်မျိုး ကိုးကွယ်သော တိုင်းရင်းသားလူမျိုးများ ၁၂ မျိုး ပါဝင်ခဲ့ ကြောင်း သိရှိခဲ့ရသည်။

ဗမာ့အရံရေတပ်မတော် စတင်ဖွဲ့စည်းချိန်တွင် ရန်ကုန်မြို့၌ ပထမဆုံး ဆောက်လုပ်လျက်ရှိသော တိုက်ရေယာဉ်အမှတ် ၁၁၀၄ နှင့် နောက်ထပ်မံဆောက်လုပ်သော တိုက်ရေယာဉ် အမှတ် ၁၁၀၀၊ ၁၁၀၂၊ ၁၁၀၃ တို့မှာ ပြီးစီးခြင်း မရှိသေးသဖြင့် ဆွဲသင်းဘော *ဆိုးမကြီး* နှင့် အခြားအစိုးရ မော်တော်ရေယာဉ် သုံးစင်းကို လက်နက်တပ်ဆင်ပြီးလျှင် တိုက်ရေယာဉ် အဖြစ် အသုံးပြုခဲ့ရလေသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်တွင် ဗမာ့အရံရေတပ်မတော်သည် ဆောက်လုပ်ပြီးဖြစ်သော တိုက်ရေယာဉ် အမှတ် ၁၁၀၄၊ ၁၁၀၀၊ ၁၁၀၂ နှင့် ၁၁၀၃ တို့အပြင် အခြားအစိုးရ ရေယာဉ်များဖြင့် တနင်္သာရီ ကမ်းရိုးတန်းစစ်ဆင်ရေး တွင် ပါဝင်ခဲ့သည်။ ၁၉၄၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ဆုတ်ခွာပြီးလျှင်၊ ၁၉၄၂ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အိန္ဒိယပြည် ကာလကတ္တားမြို့သို့ ဆုတ်ခွာရသည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လတွင် ဗမာ့အရံ ရေတပ်မတော် ဌာနချုပ်ကို ကာလကတ္တားမြို့မှ ပင်ဒါပင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ထိုအတွင်း ဂျပန်များ မြန်မာပြည်ကို သိမ်းယူပြီးနောက်၊ ၁၉၄၃ ခုနှစ်ခန့်တွင် ဗမာ့အရံ ရေတပ်မတော်မှ မြန်မာ ပြည်တွင် ကျန်ခဲ့သူများနှင့် မျိုးချစ်လူငယ်များ စုပေါင်း၍ ဧရာဝတီ ကုမ္ပဏီမှ ကျန်ခဲ့သော သဘောသင်္ဘောငယ်ငါးစင်းဖြင့် ဗမာ့ လွတ်လပ်ရေး ရေတပ်မတော် ဖွဲ့စည်းကာ ဧရာဝတီ မြစ်ဝကျွန်းပေါ် တစ်လျှောက်တွင် ဗမာ့ကာကွယ်ရေး

တပ်မတော်နှင့် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ဤအပိုင်းကာ မထင်မရှား ဆောင်ရွက်ခဲ့သော အပိုင်းဖြစ်သည်။

အိန္ဒိယပြည်သို့ ဆုတ်ခွာသွားရသော ဗမာ့အရံ ရေတပ်မတော်သည် ဒုတိယ ကမ္ဘာစစ်အတွင်း မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရာတွင် တိုက်ပွဲပေါင်း မြောက်မြားစွာ၌ ပါဝင်ခဲ့ပြီးလျှင် ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် စစ်တွေ မြို့ကို သိမ်းပိုက်ရာ၌ ပါဝင်ခဲ့သည်။ မြန်မာပြည်ကို မဟာမိတ်များ ပြန်လည်သိမ်းပိုက်ပြီးနောက် ဗမာ့အရံ ရေတပ်မတော် ဌာနချုပ်ကို ရန်ကုန်မြို့သို့ ပြန်လည်ရွှေ့ပြောင်း ဖွင့်လှစ်ခဲ့သည်။

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဗြိတိသျှ အစိုးရက မြန်မာအစိုးရသို့ အာဏာလွှဲပြောင်းပေးအပ်ပြီးလျှင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေး ရပြီးသည့်နေ့မှစ၍ ဗမာ့ရေတပ်မတော် ဟူသော အမည် ဖြင့် လွတ်လပ်သော တိုင်းပြည်၏ တပ်မတော် တစ်ရပ်အဖြစ် တည်ရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဗမာ့ရေတပ်မတော်၊ ဗမာ့တပ်မတော်၊ မြန်မာ့လေတပ်မတော်ဟူသော တပ်မတော် သုံးရပ် ပူးပေါင်းရေးမူအရ တပ်မတော် ( ရေတပ် ) ဟု အမည်ပြောင်းလဲခဲ့သည်။

တပ်မတော် (လေတပ်) ။ ။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့၍ အင်္ဂလိပ် စစ်တပ်များသည် ဒန်းကတ် စစ်မြေပြင်မှ ဆုတ်ခွာခဲ့ရသည့် အချိန်တွင် အင်္ဂလိပ် အစိုးရသည် ကမ္ဘာ အရပ်ရပ်တွင် နေထိုင်လျက် ရှိကြသော အင်္ဂလိပ် လူမျိုးများအား ကြည်း ရေ လေတပ်များတွင် ဝင်ရောက်လေ့ကျင့် အမှုထမ်းကြရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ ထိုအချိန်က မြန်မာ ပြည်သည် အင်္ဂလိပ် လက်အောက်ခံ ကိုလိုနီ တိုင်းပြည် ဖြစ်ခဲ့သည့် အလျောက်၊ မြန်မာပြည်ကို အုပ်ချုပ်လျက် ရှိသော အင်္ဂလိပ် ဘုရင်ခံသည် အဆိုပါ ညွှန်ကြားချက်အရ မြန်မာ ပြည်တွင် နေထိုင်လျက် ရှိကြသော အင်္ဂလိပ်လူမျိုး အများ အပြားကို အရာရှိများအဖြစ် ခန့်အပ်ပြီးလျှင် စစ်တပ်များတွင် အမှုထမ်းစေခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရေတပ်နှင့် လေတပ်များ မရှိသေးသဖြင့် ကြည်းတပ်များ၌သာ အမှုထမ်းစေခဲ့သည်။

ထို့နောက် အင်္ဂလိပ် ဘုရင်ခံသည် ရေတပ်နှင့် လေတပ်များ စတင် တည်ထောင်ရန်နှင့် အင်္ဂလိပ် လူမျိုး မဟုတ်သူများကို ရေတပ်၊ လေတပ်များတွင် ဝင်ရောက် အမှုထမ်းခွင့်ပြုရန် စီစဉ်ဆောင်ရွက်ခဲ့ရာ၊ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာပြည် အပျော်တမ်း လေကြောင်းတပ်ဖွဲ့ ဖွဲ့စည်းကြောင်း ထုတ်ပြန် ကြေညာခဲ့လေ သည်။ များမကြာမီ ယင်းတပ်ဖွဲ့ကို မြန်မာပြည် အပျော်တမ်း လေတပ်ဟု အမည်ပြောင်းခဲ့သည်။ အထက်ဖော်ပြပါ မြန်မာပြည် အပျော်တမ်း လေတပ်မှာ အင်္ဂလိပ် အစိုးရ၏ စီမံကိန်းအရ အင်္ဂလိပ် ဘုရင်ခံ၏ အစီအစဉ်များဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာပြည်မှ အင်္ဂလိပ်များ ဆုတ်ခွာသွားကြသောအခါ ယင်းတပ်သည် အိန္ဒိယပြည်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက်

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည် အနာဂတ် အမျိုးသား လေတပ်မတော် ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် အထူးလေ့လာ ကြိုးစားအားထုတ် စီမံ ဆောင်ရွက်ခဲ့သည်တွင် ယခင် အပျော်တမ်း လေတပ် အမှုထမ်းများနှင့် ဗမာ့တပ်မတော် ဂျပန်နိုင်ငံ လေတပ် ပညာတော်သင်များအား ခေါ်ယူတွေ့ဆုံ ဆွေးနွေးပြီးလျှင် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် လေတပ်ဖွဲ့စည်းပုံ မူဝါဒများကို အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ထံ တင်ပြခဲ့ကြသည်။

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် (အင်္ဂလန်ပြည် ရောက်ရှိနေစဉ်အတွင်း) ဗြိတိသျှ ကာကွယ်ရေး ဝန်ကြီးနှင့် တွေ့ဆုံပြီးလျှင် မြန်မာ့တပ်မတော်အား အကူအညီပေးရေး ကိစ္စများကို ဆွေးနွေးခဲ့ရာ လေတပ်အဆင့် လေးဆင့် ခွဲခြားပြီးသော် လေးနှစ်အတွင်း ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် မြန်မာ့ အပျော်တမ်း လေတပ်ဖွဲ့စည်းရန် အမိန့် ထုတ်ပြန်ကြေညာခဲ့ပြီးလျှင် ယင်းအမိန့်အရ မြန်မာအပျော်တမ်း လေတပ်ကို စတင် ဖွဲ့စည်း တည်ထောင်ခဲ့သည်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင် ကြီးမားမှု၊ စိတ်ဆန္ဒ ပြင်းပြမှုများဖြင့် ယနေ့ တပ်မတော် (လေတပ်) အဖြစ် ထွန်းပေါက်ဖြစ်ပေါ်လာမည့် အမြုတေ အခြေခံ လေတပ် အဖွဲ့အစည်းကို မွေးထုတ်ခဲ့ခြင်းပင် ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အဆိုပါ မြန်မာ့ အပျော်တမ်း လေတပ်ကို အမြဲတမ်း လေတပ်အဖြစ်သို့ ပြောင်းလဲ ဖွဲ့စည်းရန် အမိန့်ထုတ်ပြန် ကြေညာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကာကွယ်ရေး စီမံကိန်းများအရ ၁၉၄၇ ခုနှစ် ဧပြီလတွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ တပ်မတော် (လေတပ်) အဖြစ် တည်ရှိနေပေသည်။

# မြန်မာနိုင်ငံရေးသမိုင်း

ဝီကီပီးဒီးယား မှ

အညွှန်းသို့ ခုန်ကူးရန်ရှာဖွေရန် ခုန်ကူးမည်

ဤဆောင်းပါးကို ဝီကီစံနှင့် ကိုက်ညီစေရန် ပြင်ဆင်တည်းဖြတ်ရန် လိုအပ်နေသည်။ အကယ်၍သင်ပြင်ဆင်နိုင်ပါက ဤဆောင်းပါးအား တိုးတက်စေရန် ကျေးဇူးပြု၍ ပြင်ဆင်ပေးပါ။ ဆွေးနွေးချက် စာမျက်နှာတွင် အကြံပေးမှုများ ပါဝင်လိမ့်မည်။

**ဤဆောင်းပါးတွင် ပါဝင်သော အချက်အလက်များကို ယနေ့ခေတ်ကာလ**

**အချက်အလက်များဖြင့် ပြင်ဆင်တည်းဖြတ်ရန် လိုအပ်နေသည်။**

သင် တည်းဖြတ် နိုင်သည်။ လမ်းညွှန် ဖတ်ပါ။

မြန်မာနိုင်ငံ သမိုင်း တစ်လျှောက်တွင် ဖြစ်ပျက်ခဲ့သော နိုင်ငံရေး လှုပ်ရှားမှုများကို ဤသို့ မှတ်တမ်းတင်နိုင်ပေသည်။ ဦးစွာ ပထမ အာရှတိုက် အလယ်ပိုင်းဒေသမှ မျက်မှောက် မြန်မာနိုင်ငံတည်ရာ ဒေသသို့ တစ်ရွေ့ရွေ့ ဆင်းသက်လာ ကြသော ပျူ၊ ကမ်းယံ၊ သက်စသော လူမျိုးများသည် ဧရာဝတီမြစ်ဝှမ်း ဒေသသို့ ရှေးဦးစွာ ရောက်လာကြကာ မြစ်ကမ်း တစ်လျှောက်၌ အခြေစိုက်နေထိုင်ခဲ့ကြသည်။ ထိုသူတို့တွင် အချို့က ပင်လယ်ကမ်းခြေသို့ ဆင်းကြသည်။ ထိုသူတို့သည် မိမိတို့ နေထိုင်ရာ ဒေသအသီးသီးတွင် ဆယ်အိမ်တစ်စု၊ ဆဲငါးအိမ်တစ်စု၊ အိမ် ၂၀ တစ်စု စသည်ဖြင့် အိမ်စုများဖွဲ့ကာ အနှံ့အပြား နေထိုင်ကြ သည်။ လူဦးရေတိုးလာသောအခါ အိမ်စုများ စုပေါင်း၍ ရွာဖြစ်လာသည်။ ရွာလုံခြုံစေရန် ခြံစည်းရိုး ကာခြင်း၊ ရွာတံခါးအနီးတွင် ကင်းတဲဆောက်၍ ကင်းစောင့်ခြင်းတို့ကို ပြုကြသည်။ ထိုအချိန်၌ မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၌ တကောင်းအမည်ရှိသောပြည်၊ ရခိုင်ဘက်တွင် မြောက်အရပ်၌ ဝေသာလီအမည်ရှိသော ပြည်၊ တောင်ဘက် ပင်လယ်ကမ်းခြေတွင် ယခုခေတ် သထုံမြို့တည်ရာ အရပ်၌ သထုံ အမည်ရှိသောပြည်၊ ယခုခေတ် ပြည်မြို့၏ အရှေ့ဘက် မှော်ဇာရွာ တည်ရာအရပ်၌ သရေခေတ္တရာ အမည်ရှိသော ပြည်ဟု ပြည်လေးပြည် ထွန်းကားလာသည်။ ထိုပြင် ယခုခေတ် ပဲခူးမြို့တည်ရာ အရပ်၌လည်း ဟံသာဝတီ ပဲခူးမြို့ ထွန်းကား လာသည်။ ထိုပြည်ကြီးများသည် ဣန္ဒိယဒေသနှင့်လည်းကောင်း၊ ပမ္ပဝါတိုင်းနှင့်လည်းကောင်း အဆက်အသွယ် ရှိလာလေသည်။ ထိုပြည်ကြီးများ၏ အကြီးအကဲတို့သည် ဣန္ဒိယဒေသမင်း၊ ပမ္ပဝါမင်းတို့၏ ဓလေ့ထုံးစံ အချို့ကို သုံးစွဲလာကြသည်။ ဣန္ဒိယ ဒေသမင်း၊ ပမ္ပဝါမင်းများသည် သက်ဦးဆံပိုင်သော လောကသမုတိနတ်ဟူ၍လည်းကောင်း၊ ရေမြေ့ရှင် ဘဝရှင် ဟူ၍ လည်းကောင်း၊ စကြဝတေးမင်းဟူ၍ လည်းကောင်း အခေါ် ခံခဲ့ကြလေသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ရေမြေ့ရှင် သက်ဦးဆံပိုင် ဘုရင်စနစ် ထွန်းကား လာခဲ့လေသည်။ မြန်မာဘုရင်များ စိုးမိုးသည့်ခေတ် တစ်လျှောက်လုံး သက်ဦးဆံပိုင် စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ဘုန်းပညာနှင့် ပြည့်စုံ၍ အမြော်အမြင်ရှိသော မင်းများလက်ထက်တွင် နိုင်ငံကြီးကျယ် စည်ကား ဖွံ့ဖြိုးပြီးလျှင် ဘုန်းပညာ နည်း၍ အမြော်အမြင် မရှိသော မင်းများ လက်ထက်၌ မြန်မာနိုင်ငံသည် ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကာ နိုင်ငံပျက်ရသည့်အခြေသို့ ရောက်ခဲ့ရသည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားမင်းတို့ သည် အစိတ်စိတ်ကွဲပြားနေသော မြန်မာနိုင်ငံကို စုစည်းတည် ထောင်သော မင်းများဟု သမိုင်းတွင် ထင်ရှားလေသည်။

ကုန်းဘောင်ခေတ်ဟူ၍ အမည်တွင်သော နောက်ဆုံး မြန်မာဘုရင်များ ခေတ်တွင် ပေါ်တူဂီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဒပ်ချစသော ဥရောပ တိုက်သားတို့သည် မြန်မာနိုင်ငံတွင် ရှေးဦးစွာ ကုန်ရောင်း

ကုန်ဝယ်များအဖြစ် ရောက်လာကြ ပြီးသည့်နောက် တဖြည်းဖြည်း နယ်ချဲ့ ဝါဒကို ကျင့်သုံးလာကြ သည်။ ယင်းသို့ဖြင့် ၁၈၂၆ ခုနှစ် အင်္ဂလိပ်္ဗမြန်မာ ပထမ စစ်ပွဲတွင် မြန်မာတို့က အင်္ဂလိပ်အစိုးရအား အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီနယ်များ ပေးအပ်လိုက်ရခြင်း၊ ၁၈၅၂ ခုနှစ် ဒုတိယစစ်ပွဲတွင် အောက်အကြေပိုင်းကို မြေထဲမြို့ တောင်ငူမြို့များအထိ ပေးလိုက်ရခြင်းတို့ ပေါ်ပေါက်လာသည်။ ထိုအခါ မြန်မာပိုင် အထက်မြန်မာနိုင်ငံ၌ မင်းတုန်းမင်းကြီး အုပ်စိုး၍ အင်္ဂလိပ်မင်းပိုင် အောက်နိုင်ငံကိုမူ ရခိုင်တိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းဟူ၍ တိုင်းသုံးတိုင်းခွဲပြီးလျှင် တိုင်းမင်းကြီးတစ်ဦးစီ ခန့်၍ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်က အုပ်ချုပ်သည်။ ၁၈၆၂ ခုနှစ်တွင် တိုင်းသုံးတိုင်းကို စုပေါင်းအုပ်ချုပ်ရန် မဟာဝန်ရှင်တော်မင်းကြီး တစ်ဦးကိုခန့်ထားလေသည်။ပထမ မဟာဝန်ရှင်တော် မင်းကြီး သည် ဆာအာသာ ပါမီ ဖယ်ယာဖြစ်သည်။ ( ဖယ်ယာ၊ ဆာအာသာ။) မဟာဝန်ရှင်တော် မင်းကြီရုံးကို ရန်ကုန်မြို့၌ ရုံးစိုက်သဖြင ့် ရန်ကုန်မြို့သည် အင်္ဂလိပ်မင်းပိုင် အောက်နိုင်ငံ၏ မြို့တော်ဖြစ်လာလေသည်။ ရန်ကုန်မြို့ကိုလည်း ခေတ်မီဆိပ်ကမ်းမြို့ကြီး ဖြစ်စေရန် တိုးချဲ့၍ မြို့သစ်တည်သည်။ ( ရန်ကုန်မြို့ ။) စီးပွားရေးလုပ်ငန်း မှန်သမျှကို လည်း အင်္ဂလိပ် အရင်းရှင်ကြီးများသည် ငွေအရင်းအနှီးနှင့်တကွ ရန်ကုန်မြို့သို့ ရောက်လာကြသော လက်ဝါးကြီးအုပ်လုပ်ကိုင်ကြ တော့သည်။ မြန်မာပိုင် အထက်မြန်မာနိုင်ငံနှင့် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံတို့သည် အကူးအသန်း အဆက်အဆံ မပြတ်ရှိ၍ ရင်းနှီးမြဲရင်းနှီးကြလေသည်။ နယ်ချဲ့ခွင့်ရတိုင်း နယ်ချဲ့ရန် ကြံစည်နေကြသော အင်္ဂလိပ်အစိုးရနှင့်လည်းကောင်း၊ ပြင်သစ် အစိုးရနှင့်လည်း

ကောင်း သင့်မြတ်အောင် ဆက်ဆံတတ်သော မင်းတုန်းမင်းသည် ၁၈၇၈ ခုနှစ်တွင်လွန်၍ ထိုနှစ်၌ပင် သားတော် သီပေါမင်း နန်းတက်သည်။ မင်းတုန်းမင်းတွင် သားတော်ကြီးများ ဖြစ်ကြသော သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားတို့ ရှိ့လေသည်။ ထိုသားတော်ကြီး သုံးပါးသည် ခမည်းတော်ရှိသဖြင့် ပြည်တွင်းပြည်ပအရေးတို့၌ လောကအကြားအမြင် အတွေ့အကြုံများ၍ ဝါရင့်သူများ ဖြစ်လေသည်။ သို့ရာတွင် ထိုသားတော်ကြီးများကို ကျော်ကာ အသက် ၂၀ ခန့်သာရှိ၍ ဝါနုသေးသော သီပေါမင်းသားကို အလယ်နန်းမိဖုရား ဖြစ်သော ဆင်ဖြူမရှင်နှင့် မှူးမတ်အချို့က နန်းတင်လိုက်သောအခါ နိုင်ငံအရေး ရှုပ်ထွေးလာလေသည်။ မင်းသား မင်းသမီးများသာမက ရှေ့နောက် ထောက်ထား တတ်သော မှူးမတ် အများအပြား အသက်ဆုံးကြရသည်။ အချို့လည်း အရာကျကြလေသည်။ မင်းမိဖုရားတို့ မြေ|ာက်စားထားသော အိမ်တော်ပါ လက်သုံးတော်များ၏ အာဏာပြင်းလာ၍ လွှတ်တော်ရုံးတော်တို့၏ အာဏာညှိုလာလေသည်။ တိုင်းရေးပြည်မှု၌ ကျွမ်းကျင် လိမ်မာသော ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ ရေနံချောင်း ဝန်ကြီး၊ ခန်းပတ်ဝန်ကြီး စသည်တို့ အရာကျ၍ အရည်အချင်းညံ့သော မှူးမတ်များ တွင်ကျယ်လာရာ နိုင်ငံရေး အခြေအနေ ပျက်ပြားလာသည်။

ပြည်ပြ ဆက်ဆံရေး၌လည်း မင်းတုန်းမင်း လက်ထက်မှာကဲ့သို့ မဟုတ်ဘဲ မပြေမလည်ရှိရာ နောက်ဆုံး၌ သီပေါမင်း ပါတော်မူပြီးလျှင် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်္ဂလိပ် အစိုးရတို့က အထက်မြန်မာနိုင်ငံကို သိမ်းယူပြီး ဖြစ် ကြောင်း ကြေညာခဲ့ရသည်အထိ မြန်မာ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရလေသည်။ အင်္ဂလိပ်မင်းများသည် အထက်အောက် မြန်မာနိုင်ငံတဝန်းလုံးကို ဗင်္ဂလား ပြည်နယ်၊ မဒရပ်ပြည်နယ် တို့ကဲ့သို့ အိန္ဒိယပြည်၏ ပြည်နယ်တစ်နယ်အဖြစ် အိန္ဒိယပြည် အုပ်ချုပ်ရေး၌ ထည့်သွင်း အုပ်ချုပ်လေသည်။ အင်္ဂလိပ်မင်းများ၏ အုပ်ချုပ်ရေးသည် မြန်မာဘုရင်များ လက်ထက်က ကဲ့သို့ သက်ဦးဆံပိုင် အုပ်ချုပ်ရေး မဟုတ်တော့ချေ။ မြန်မာဘုရင်များ လက်ထက်က ပြည့်ရှင်မင်းသည် တန်ခိုးအကြီးဆုံး ဖြစ်သော်လည်း အင်္ဂလိပ်မင်းများ၏ အုပ်ချုပ်ရေးတွင် ဥပဒေသည် တန်ခိုးအကြီး ဆုံးဖြစ်သည်။ မြန်မာတိုင်းသူပြည်သားများသည် သီပေါမင်း ပါတော်မူပြီးနောက် နိုင်ငံခြားသား အင်္ဂလိပ် အစိုးရအုပ်စိုးလာ သည်ကို မကြိုက်နိုင်သဖြင့် ဟိုတစ်စု သည်တစ်စု ပုန်ကန်ထကြွ ကြသည်ကို အင်္ဂလိပ်အစိုးရသည် အတန်ကြာ လိုက်လံနှိမ်နှင်းရ လေသည်။ [မြန်မာ့တော်လှန်ရေး]

သို့ရာတွင်၁၉၀၀ ပြည့်နှစ်ခန့်တွင် တိုင်းပြည်လည်း ငြိမ်ဝပ်လာသည်။ အင်္ဂလိပ် အစိုးရကို လက်နက် လက်ရုံးဖြင့် တော်လှန်သူများ အင်အားလည်း ဆုတ်ယုတ်လာ၍ နောက်ဆုံး ကွယ်ပျောက်သွားလေသည်။ ထိုနောက် ဗြိတိသျှအစိုးရတို့သည် မြန်မာပြည်၌ ဗြိတိသျှအရင်းရှင်တို့၏ အကျိုးစီးပွားကို ရှေးရှု၍ အရင်းရှင် စီးပွားရေးစနစ်ကို ထူထောင် အုပ်စိုးခဲ့လေသည်။ ဤစနစ်၏ အောက်တွင် ဗြိတိသျှ လူမျိုးနှင့်တကွ အခြားတိုင်းတစ်ပါး သားများသည် မြန်မာပြည်၌ စီးပွားရှာကြ၍ အကျိုးများစွာ ဖြစ်ထွန်းကြသော်လည်း မြန်မာတိုင်းရင်းသား ငွေရှင်ကြေးရှင် တို့မှာမူကား အကျိုးစီးပွားမခံစားရအောင် အမျိုးစုံသော နည်းလမ်းတို့ဖြင့် ချုပ်ချယ်ဖိနှိပ်ခြင်း ခံခဲ့ရလေသည်။ အထိုအချင်း အရာကို မြန်မာအမျိုးသား ခေါင်းဆောင်တို့ သိမြင်လာသောအခါ ဗြိတိသျှတို့၏ လက်အောက်မှ လွတ်မြောက်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြိုး ပမ်းခဲ့ကြလေသည်။ ထိုစဉ်က မြန်မာပြည်၏ အုပ်ချုပ်ရေးသည် ဗြိတိသျှပါလီမန်မှ စီစဉ်၍ အိန္ဒိယအစိုးရမှ တစ်ဆင့် ညွှန်ကြား အုပ်ချုပ် သောအုပ်ချုပ်ရေးပင်ဖြစ်သည်။ ၁၈၉၇ ခုနှစ်တိုင်အောင် မြန်မာပြည်နှင့် သက်ဆိုင်သော ဥပဒေများကို အိန္ဒိယပြည်၌ တင်သွင်း အတည်ပြုရလေသည်။ ထို ၁၈၉၇ ခုနှစ်တွင် မဟာမင်းကြီးရာထူးကို ဖျက်သိမ်း၍ ဒုတိယဘုရင်ခံ မင်းကြီး ခန့်ကာ အတိုင်ပင်ခံ အမတ်ကိုးယောက်နှင့် အုပ်ချုပ်ပြန်သည်။ ၁၉၀၉ ခုနှစ်တွင် မော်လေထ္ထမင်တို ပြုပြင်ရေး စီမံကိန်းဖြင့် မြန်မာပြည် အုပ်ချုပ်ရေးကို ပြုပြင်ကာ အတိုင်ပင်ခံများအစား အဖွဲ့ဝင် ၁၇ ဦးပါဝင်သော ဥပဒေပြုအဖွဲ့ အကူအညီဖြင့် အုပ်ချုပ်ပြန်သည်။ သို့ရာတွင် အုပ်ချုပ်ရေးပိုင်း၌ကား မြန်မာတို့ သြဇာမရှိသေးချေ။ ထိုပြင် မြန်မာ့အကျိုးလည်း မပေါ်ထွန်းဘဲ အင်္ဂလိပ်

ကုန်သည်ကြီးများ အကျိုးကိုသာ ရှေးရှုခဲ့သည်။ မြန်မာခေါင်းဆောင် အချို့သည် သတင်းစာများ ထောင်၍ ဝံသာနုတရားများကို ရေးကာ လှုံ့ဆော်သူက လှုံ့ဆော် ကြသည်။ အချို့ကလည်း နယ်ထွက်၍ ဝံသာနုတရား ဟောပြောကြသည်။ ဝံသာနုစိတ်ဓာတ်များ တက်ကြွလာသော အခါ နယ်များ၌ မြန်မာအသင်းများ ဖွဲ့စည်းကြသည်။ သာသနာရေးကို အခြေခံ၍ ၁၉၀၈ ခုနှစ်တွင် ဖွဲ့စည်းလိုက်သော ဝိုင်-အမ်-ဘီ-အေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းသည် မြန်မာအမျိုးသားတို့၏ အမျိုးသားစိတ်ဓာတ် နိုးကြွအောင် စတင်ဆောင်ရွက်သော အသင်းဟုဆိုရပေမည်။

ထိုနောက် ဂျီ စီ ဘီ အေ ခေါ် မြန်မာအသင်းချုပ်ကြီးမှတစ်ဆင့် မြန်မာတိုင်းသူ ပြည်သား များ၏ အကျိုးကို ရှေးရှုသော ဥပဒေမျိုးကို ပြုလုပ်ပေးရန် အင်္ဂလိပ်အစိုးရထံ တောင်းကြလေသည်။

ထိုအခါ အင်္ဂလိပ်အစိုးရသည် မြန်မာအမျိုးသားများ လိုလားတောင့်တသော ဥပဒေမျိုးကို မပေးရုံမက၊ ဝံသာနုတရား ဟောသော ခေါင်းဆောင်များကို ဖမ်းဆီး ချုပ်နှောင်ခြင်းဖြင့် ဖိနှိပ်လေသည်။ ဝံသာနုတရား ဟောသူများတွင် ဆရာတော် ဦးဥတ္တမနှင့် ဦးထွန်းရှိန်တို့သည် ထင်ရှားသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရက ဖိနှိပ်လေလေ ပြည်သူလူထု ခပ်များများ၏ ဝံသာနု စိတ်ဓာတ်က လည်း ပြင်းပြလာလေလေ ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် အင်္ဂလိပ် အစိုးရသည် ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို မြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးများ ကန့်ကွက်သည့်ကြားမှပင် ပြဋ္ဌာန်းလိုက်သည့်အခါ၊ ရန်ကုန်ကောလိပ်နှင့် ယုဒသန် ကောလိပ်ကျောင်းမှ ကျောင်းသားကြီး များသည် ပညာရေးစနစ်ကို စတင်တော်လှန် သပိတ်မှောက်လိုက်၏။ ထိုအခါမှစ၍ အမျိုးသားကျောင်းများနှင့် အမျိုးသား ကောလိပ်တို့ ပေါ်ပေါက်လာသည်သာမက ပြည်သူလူထုတွင်လည်း နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များ အထူးပြင်းထန် လာလေသည်။ မြို့မအထက်တန်းကျောင်း သည် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက် ရန်ကုန်မြို့ဗဟန်း မြို့နယ်တွင်စတင် တည်ထောင်သော မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားကျောင်း ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မြို့မ အမျိုးသားကျောင်း နှင့် အမျိုးသားကျောင်း အမြုတေများကို အမြို့မြို့ရှိ ဝံသာနုကြီးများ၏ စေတနာ သဒ္ဓါတရား အကြောင်းပြု၍ တမုဟုတ်ချင်း ပျံ့နှံ့ပေါ်ထွက်လျက်၊ နွေရာသီ စာမေးပွဲများအမှီ ကျောင်းသားလူငယ်အပေါင်း ဆက်လက် ပညာသင်ကြားနိုင်ရန် အခွင့်အရေးရခဲ့ကြ၏။ မြို့မ မိသားစု စိတ်ဓာတ် မှသည် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်လာသည်။ နောင်အခါတွင်

ထိုပြည်ထောင်စု စိတ်ဓာတ်သည် မျိုးချစ်စိတ်ဓာတ်ကို ပိုမိုရင့်သန်လာစေပြီး မြန်မာ့လွတ်လပ်ရေးကို အောင်မြင်စွာ ရရှိစေခဲ့သည်။ အဆိုပါ မြို့မ မိသားစု စိတ်ဓာတ် နှင့် နယ်ချဲ့ဆန့်ကျင် ရေး အမျိုးသားစိတ်ဓာတ်တို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ လူမျိုး၊ ဘာသာ သာသနာ၊ နိုင်ငံတော် အကျိုးစီးပွားအတွက် ခေတ်အဆက်ဆက်တွင် ရှေ့တန်းမှ ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့သည်။ လွတ်လပ်ရေးအစ- အမျိုးသားနေ့က၊ အမျိုးသားနေ့အစ-အမျိုးသားကျောင်းများက၊ အမျိုးသားကျောင်းများအစ- မြို့မကျောင်းက ဟူ၍လည်း မြန်မာ့သမိုင်းစာမျက်နှာများတွင် မြင်တွေ့နိုင်ပါသည်။ ၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပ၍ လူတစ်သိန်းကျော် တက်ရောက်သော ဂျီ စီ ဘီ အေ၏ န၀မ ကြိမ်မြောက် ကွန်ဖရင့်ကြီးက ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲ နေ့ဟု သတ်မှတ်လိုက်လေသည်။ မြန်မာလူမျိုးတို့၏ အမျိုးသားစိတ်ဓာတ် ပြင်းထန်ပုံကို သိမြင်လာသော အင်္ဂလိပ်အစိုးရသည် ဝှိုက်ကော်မတီခေါ် အထူးကော်မတီတစ်ခု ဖွဲ့စည်း၍ မြန်မာပြည်သို့ လာရောက်စစ်ဆေးစေကာ လူထု၏အလိုသို့လိုက်သော သဘောဖြင့် ၁၉၁၉ ခုနှစ် အိန္ဒိယပြည် အုပ်ချုပ်ရေး အက်ဥပဒေဟု ခေါ်တွင်သော မွန်တေဂူးချမ်းစဖို့ ပြုပြင်ရေး စီမံကိန်းကို မြန်မာပြည်နှင့်လည်း သက်ဆိုင်သည်ဟူ၍ အုပ်ချုပ်ရေးကို အနည်းငယ်ပြုပြင်ပေးလေသည်။ ထိုအုပ်ချုပ်ရေးကို အင်္ဂလိပ် အစိုးရနှင့် မြန်မာပြည်သားတို့ နှစ်ဦးနှစ်ဘက် ခွဲဝေအုပ်ချုပ်သော အုပ်ချုပ်ရေး ဖြစ်သဖြင့် ဒိုင်အာခီ အုပ်ချုပ်ရေးဟုခေါ်သည်။ ယင်းအုပ်ချုပ်ရေးအရ မြန်မာပြည်သည် ယခင်ကကဲ့သို့ ဒုတိယ ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်တစ်နယ် မဟုတ်တော့ချေ။ ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်ဖြစ်လာ၍ ဘုရင်ခံသည် ပြည်သူတို့ ရွေးကောက်တင်မြှောက်သော အမတ် ၈၄ ယောက်နှင့် ဘုရင်ခံခန့် အမတ် ၁၉ ယောက်တို့ပါဝင်သော ဥပဒေပြု မင်းတိုင်ပင်အဖွဲ့ဖြင့် အုပ်ချုပ်ရသည်။ သို့ရာတွင် အုပ်ချုပ်ရေးကို ချုပ်ကိုင်သူကား ဘုရင်ခံသာဖြစ်သည်။ အင်္ဂလိပ်အစိုးရသည် မြန်မာတို့အား အုပ်ချုပ်ရေးပြုပြင်ပေးသည်မှာ အမည်သာဖြစ်ရကား မြန်မာခေါင်းဆောင်တို့က မကျေနပ်ချေ။ ၁၉၂၂တွင် သရက်မြို့၌ကျင်းပသော ၁၀ ကြိမ်မြောက် ဂျီ စီ ဘီ အေ အသင်းကြီး၌ မြန်မာပြည်အတွက် ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုရန် ဆုံးဖြတ်ကြလေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေး စနစ်အရ မြန်မာပြည် ဥပဒေပြုကောင်စီ ရွေးကောက်ပွဲ ကျင်းပချိန် ရောက်လာသည့်အခါ ဂျီစီဘီအေ အသင်းကြီး၌ ရွေးကောက်ပွဲ ဝင်နွှဲလိုသူကတစ်စု၊ နှစ်စုကွဲလေသည်။ ရွေးကောက်ပွဲဝင်မည့် အစုတွင် ခေါင်းဆောင် ၂၁ ဦးရှိသဖြင့် ၂၁ ဦးပါတီဟုခေါ်သည်။ ၂၁ ဦးပါတီက ရာထူးလက်ခံပြီးလျှင် မြန်မာနိုင်ငံကို ဟုမ္မရူးပေးရန် တောင်းဖို့ ဆုံးဖြတ်ကြသည်။ ရွေးကောက်ပွဲ သပိတ်မှောက်လိုသည့်အစုကို ဦးချစ်လှိုင်၊ ဦးပု၊ ဦးထွန်းအောင်ကျော်တို့ ခေါင်းဆောင်သဖြင့် လှိုင်၊ပုး၊ကျော် ပါတီဟူ၍လည်းကောင်း၊ မူရင်းဂျီစီဘီအေဟူ၍လည်းကောင်း၊ ဝံသာနုဂျီစီဘီအေဟူ၍လည်းကောင်းခေါ် ကြသည်။

ထိုအချိန်က လူထုသည် အစိုးရကို မုန်းတီး၍ ဝံသာနုစိတ်ဓာတ်များ မည်မျှတက်ကြွနေသနည်းဟူမှု အစိုးရနှင့် ဆက်ဆံသော ၂၁ဦးပါတီထက် ဝံသာနုပါတီက ပို၍အင်အားကောင်းနေသည်ကို ကြည့်၍သိနိုင်သည်။ ၁၉၂၃ခုနှစ်တွင် အစိုးရနှင့်မဆက်ဆံရေး ဟူသောကြွေးကြော်သံဖြင့် ဘူးအသင်းများ ပေါ်ပေါက်လာရာ၊ အစိုးရက မတရာအသင်းဟု ကြေညာ၍ ဖိနှိပ်လေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေးရောက်၍ သုံးနှစ်မျှမကြာမီပင် ဝံသာနုအချင်းချင်း မသင့်မတင့်နှင့် အရှုပ်အရှင်းဖြစ်လာရာမှအစ လှိုင်ပုကျော် ဂျီစီဘီအေ ကွဲပြန်ရာ ဂျီစီဘီအေ အသင်းများ အမြောက်အမြား ပေါ်ထွက်လာခဲ့လေသည်။ ယင်းသို့ ပါတီများ အကွဲကွဲအပြားပြား ဖြစ်နေကြ သော်လည်း မြန်မာလူမျိုး တစ်မျိုးလုံး၏ လိုလားချက်မှာ အုပ်ချုပ် ရေးတိုမြှင့်ပေးရန် ဖြစ်သည်ကို အင်္ဂလပ်အစိုးရတို့ သိရကာ ဒိုင်အာခီ အုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၈၄ (က)၌ ၁၀ နှစ်ကုန်လွန်သောအခါ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးသင့်မပေးသင့် စုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့တစ်ခု စေလွှတ်မည်ဆိုထားပြီး ရှိသည်လည်းဖြစ်သည့်အလျောက် ငါးနှစ်အတွင်းပင် ကိုယ်စားလှယ်အဖွဲ့လွှတ်၍ စုံစမ်းစေသည်။ ထိုကြောင့် ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် မြန်မာပြည်အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေး အစီရီခံရန် ဗြိတိသျှအစိုးရတို့က လွှတ်လိုက်သော ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်သည့် ကော်မရှင်အဖွဲ့ရောက်လာသည်။ ဥပဒေပြုလွှတ်တော်က ဆိုင်မွန် ကော်မရှင်နှင့် ဆွေးနွေးရန် ဖွဲ့စည်းပေးလိုက်သော ကော်မတီဝင်များက ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်ဖို့ အကြံပေးလေသည်။ ဆိုင်မွန်ကော်မရှင်ကလည်း ခွဲရန်ထောက်ခံ၍ အစီရင်ခံစာ တင်သည်။ ဤတွင် အိန္ဒိယနှင့်မြန်မာ ခွဲရေးတွဲရေးပြဿနာသည် ပေါ်ပေါက်လာခဲ့သည်။ ခွဲရေးတွဲရေး ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာခေါင်းဆောင်များ အကွဲကွဲဖြစ်ကာ နောက်ဆုံး ဂျီစီဘီအေ အသင်းဟူသော အမည်ပါ လုံးဝ ကွယ်ပျောက်သွားသည်အထိ ဖြစ်သည်။ ခွဲရေးတွဲရေး ပြဿနာများ အတော်လှုပ်လှုပ်ရှားရှား ဖြစ်နေစဉ်တွင် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပေါ်နေသော စီးပွားရေး ကြပ်တည်းမှု ကပ်ကြီးသည် မြန်မာပြည်ကို ရိုက်ခတ်လာလေ သည်။ စီးပွားရေး ကျပ်တည်းလာလေလေ မြန်မာလူထုသည် အဖိနှိပ်ခံ ကျွန်ဘဝမှ လွတ်မြောက်လို လေလေဖြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရပေါ် မကျေနပ်မှုများ တော်လှန်ပုန်ကန်လိုမှုများ တိုးတက်သည်ထက် တိုးတက်လာခဲ့ရာ သာမေဓအေခွန်တော် လျှော့ပေါ့ရေး တောင်းဆိုရာမှအစ သာယာဝတီနယ်မှ ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားတို့သည် ဂဠုန်တပ်သား များဟူသော အမည်ဖြင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တော်လှန်ပုန်ကန်ကြသည်။ လွတ်လပ်ရေးဟူသည် အစည်းအဝေးခေါ်၍ ဆုံးဖြတ်ချက်ချရုံဖြင့်မရနိုင်။ လက်နက် အားကိုဖြင့် အဓမ္မပြုနေသော နယ်ချဲ့အင်္ဂလိပ်အစိုးရကို လက်နက်ဖြင့် ရင်ဆိုင်ရမည်ဟုဆိုကာ ဓားဆွဲ၍ တော်လှန်ခဲ့သော ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမား တပ်သားများမှာ

အချိန်လည်းမဟုတ်၊ လက်နက်ချင်းလည်းမမျှ၊ စည်းကမ်း သေဝပ်မှုလည်းမရှိ၊ စည်းရုံးမှုလည်း ကင်းမဲ့သောကြောင့် နယ်ချဲ့တို့၏ အပြင်းအထန် နှိပ်ကွပ်ခြင်းကို ခံရလေသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံရေး၌ လက်နက်နှင့် တော်လှန်ခြင်းမပြုဘဲ အင်္ဂလိပ်တို့ ပေးသဖြင့်သာ နေလိုသော လူကြီးပိုင်းနှင့် ဆရာစံခေါင်းဆောင်သော တော်လှန်ရေးထက် ပိုမိုပြင်းထန်သော ထကြွမှုပြုရန်လိုသည်ဟု ယူဆသော လူငယ်ပိုင်းဟူ၍ ရှိလာသည်။ လူငယ်ပိုင်းကမူ ဆရာစံ၏ တော်လှန်ရေးအတွင်းက အမှားအယွင်းများကို ပြုပြင်ကာ နယ်ချဲ့အား လက်နက်ဖြင့် တညီတညွတ်တည်း တိုက်ထုတ်လို ကြသည်။ ဗမာပြည်သည် တို့ပြည်၊ ဗမာစကားသည် တို့စကား၊ ဗမာစာသည် တို့စာဟူသော ဆောင်ပုဒ်ဖြင့် လူငယ်တစ်စုသည် တို့ဗမာအစည်းအရုံးဟူသော နိုင်ငံရေး အသင်းသစ် တစ်ခုကို ၁၉၃၀ ပြည့်နှစ်ခန့်တွင် တည်ထောင်ကြသည်။

ရှေး ယခင်ကပင် သခင်မျိုး ဖြစ်ခဲ့သော မြန်မာတို့သည သခင်ဖြစ်သည်ဆိုကာ အစည်းအရုံးဝင်တို့သည် သူတို့အမည ်များတွင် သခင်တပ်၍ ခေါ်ကြသည်။ တို့ဗမာအစည်းအရုံးဝင် သခင်များသည် အင်္ဂလိပ်အစိုးရက တဖြည်းဖြည်း ပြုပြင်ပေးနေသော ပြုပြင်ရေး ဥပဒေများကို မကြေနပ်ကြချေ။ မိမိတို့ လိုချင်သော ဥပဒေမျိုးကို အင်္ဂလိပ်အစိုးထံမှ တစ်စာစာ အော်၍ တောင်းနေရုံဖြင့်လည်း မရနိုင်။ နိုင်ငံရေးလွတ်လပ်မှု ရမှသာလျှင် မိမိတို့လိုချင်သော ဥပဒေမျိုးကို လူထုဆန္ဒအတိုင်း ပြုလုပ်နိုင်တော့မည်ဖြစ်သဖြင့် နိုင်ငံရေး လွတ်လပ်မှုကို အရယူရန် အားထုတ်မှဖြစ်မည်။ အားထုတ်ကြရာ၌ ချွေး သွေး မျက်ရည်အကျခံ၍ တိုက်ပွဲဝင်ကြမှ ဖြစ်မည် ဟူသော အတွေးသစ် အကြံသစ်ဖြင့် လူထုအား လှုံ့ဆော်စည်းရုံးလေသည်။ ထိုအခါ လူငယ်လူလတ်ပိုင်း၌ လည်းကောင်း၊ တောင်သူလယ်သမား အလုပ်သမားပိုင်း၌ လည်းကောင်း အချုပ်အချာအာဏာပိုင် လွတ်လပ်ရေး စိတ်ဓာတ်သည် ပြင်းပြလာလေသည်။ ရှေးနိုင်ငံရေးခေါင်းဆောင်များက မြန်မာပြည်ကို ဗြိတိသျှ ဓနသဟာယအတွင်း ဟုမ္မရူးခေါ် ကိုယ်ပိုင် အုပ်ချုပ်ရေးရသော နိုင်ငံအဖြစ် ရောက်ရန်သာ တောင်းဆိုခဲ့သော်လည်း၊ တို့ဗမာ အစည်းအရုံးဝင်များလက်ထက် ရောက်သောအခါ လုံးဝ လွတ်လပ်ရေးကို တောင်းဆိုလာကြ သည်။ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂကလည်း ကျောင်းသားလောကတွင် မျိုးချစ်စိတ်ဓာတ်များ တတ်ကြွလာ စေရန် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ် အာဏာပိုင်များက ကျောင်းသား ခေါင်းဆောင်များဖြစ်သော ကိုနု၊ ကိုအောင်ဆန်း၊ ကိုလှရွှေ စသူတို့ကိုကျောင်းမှ ထုတ်ပစ်ပြန်သဖြင့် ကျောင်းသားတို့ မခံမရပ်နိုင်ဖြစ်၍ ၁၉၃၆ ခုနှစ်တွင် တကြိမ်၊ ၁၉၃၈ ခုနှစ်တွင် တစ်ကြိမ် သပိတ်မှောက် ဆန္ဒပြလိုက်ကြသည်။ သပိတ်လှန်သောအခါ ကျောင်းသားခေါင်းဆောင် ခပ်များများသည် တို့ဗမာ

အစည်းအရုံးသို့ ဝင်ရောက်ကာ နိုင်ငံရေးကို ဆောင်ရွက်ကြလေ သည်။ အင်္ဂလိပ်အစိုးရကလည်း မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ရန်နှင့် အထူးသဖြင့် လတ်တလော ပေါ်ပေါက်နေသော ခွဲရေးတွဲရေး ပြဿနာကို ဖြေရှင်းဆွေးနွေးရန် ၁၉၃၀ ပြည့်နှစ်တွင် တစ်ကြိမ် ၊ ၁၉၃၁နှင့်၃၂ ခုနှစ်တွင် တစ်ကြိမ်နှစ် ကြိမ်တိုင်တိုင် လန်ဒန်မြို့၌ ကျင်းပသော မျက်နှာစုံညီ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်များကို ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ နောက်ဆုံး၌ ဗြိတိသျှပါလီမန်က အိန္ဒိယနှင့် မြန်မာပြည်အတွက် ဥပဒေကြမ်း စီစဉ်ရေးဆွဲရန် ဖွဲ့စည်းလိုက်သော ပါလီမန် တွဲဘက်ကော်မတီနှင့် တိုင်ပင်ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များသည် ၁၉၃၃ ခုနှစ်တွင် သွားခဲ့ရပြန်သည်။ ထိုကော်မတီ၏ အစီရင်ခံစာ အရ ၁၉၃၅ ခုနှစ် မြန်မာပြည် အက်ဥပဒေကို အင်္ဂလိပ် အစိုးရတို့က ပြဋ္ဌာန်းလိုက်ရာ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာပြည်သည် အိန္ဒိယပြည်မှ ခွဲထွက်လာသည်။ ၉၁ ဌာနအုပ်ချုပ်ရေးဟူသော အုပ်ချုပ်ရေး သစ်လည်း ပေးလိုက်ရာ အထက်အောက် လွှတ်တော်နှစ်ရပ် ပေါ်ပေါက်လာလေသည်။ ၉၁ ဌာနအုပ်ချုပ်ရေးကို ထိုစဉ်က ထင်ရှားခဲ့သောအသင်းအဖွဲ့ဝင် အတော်များများသည် ပေးသမျှဖြင့် ရောင့်ရဲကာ ရာထူး လက်ခံကြသော်လည်း ကျောင်းသားခေါင်းဆောင်များနှင့် လူငယ်များပါဝင်သည့် တို့ဗမာအစည်းအရုံးကမူ ရာထူး လက်မခံဘဲ နယ်ချဲ့ဆန့်ကျင်ရေးကို ဆောင်ရွက်ကြသည်။ နယ်ချဲ့ဆန်ကျင်ရေးသမားတို့၏ လှုံ့ဆော်မှုကြောင့် တောင်သူလယ် သမားအလုပ်သမားများ အထူးတက်ကြွလာခဲ့ကြ သည်။ ၁၉၃၈ ခုနှစ်၌ ရေနံမြေ အလုပ်သမားအရေး ပေါ်ပေါက်ကာ ထိုနှစ် ဒီဇင်လာလတွင် ရေနံမြေ အလုပ်သမားတပ်ကြီးသည် ရန်ကုန်မြို့သို့ ချီတက်လာကြသည်။ အင်္ဂလိပ်အစိုးရကလည်း ချီတက်လာသူမျးကို လမ်းတစ်လျှောက်မှ ပုဒ်မ အမျိုးမျိုးထုတ်ကာ နှိမ်နှင်းလေသည်။ ကူညီသူကျောင်းသား ခေါင်းဆောင် များကိုလည်း မကွေးမြို့၌ ဖမ်းလေသည်။ ထိုအခါ ကျောင်းသားများ မခံမရပ်နိုင်ဖြစ်ကာ ရန်ကုန်မြို့၌ အတွင်းဝန်ရုံးကိုဝိုင်း၍ ဆန္ဒပြသည်တွင် အစိုးရက ရန်ကုန်မြို့မှ ပုလိပ်အဖွဲ့နှင့် နှိမ်နှင်းသဖြင့် ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သူ ကိုအောင်ကျော် သေဆုံး၍ ကျောင်းသား ကျောင်းသူ အများဒဏ်ရာ ရခဲ့လေသည်။

ကျောင်းသားများ သွေးမြေကျသည်နှင့်တပြိုင်နက် မြန်မာတစ်နိုင်ငံလုံး မခံမရပ်နိုင်ဖြစ်ကာ ဆူပူလှုပ်ရှားကြသည်။ အထူးသဖြင့် မန္တလေးတွင် ရဟန်းသဃာတော်များ ခေါင်းဆောင်သော လူထုကန့်ကွက်ပွဲကြီး ပြုလုပ်ရာ အစိုးရက လက်နက်နှင့် နှိမ်နှင်းပြန်သဖြင့် ရဟန်းရှင်လူ ၁၇ ဦး အသက်ဆုံးရှုံးရပြန်လေသည်။ ထိုအခါ လူထုတစ်ရပ်လုံးသည် မခံနိုင်လောက်အောင် ဆူပူကြသဖြင့် အစိုးရအဖွဲ့ အပြောင်းအလဲများပင် ပေါ်ပေါက်ခဲ့ရသည်။ ၁၉၃၉ ခုနှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံရေး ခေါင်းဆောင်များအတွက် လွတ်လပ်ရေး အခွင့်ကောင်းတစ်ခု ပေါ်လာလေသည်။ ထိုနှစ်တွင် ဥရောပတိုက်၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကတစ်ဘက်၊ ဂျာမနီနှင့်

အီတလီတို့က တစ်ဘက် စစ်ဖြစ် ကြလေသည်။ထိုအခါဂျပန်သည် ဂျာမဏီနှင့် အီတလီတို့ဘက်သို့ပါ၍ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့ ကြီးစိုးနေကြသော အရှေ့တောင်အာရှဒေသကို ၁၉၄၁ ခုနှစ်မှစ၍ တိုက်လေတော့သည်။

ယင်းသို့ ကမ္ဘာတဝန်း၌ စစ်မီးများ စတောက်နေသည့်အချိန်တွင် မြန်မာတို့၏ အမျိုးသားစည်းလုံးရေးစိတ်ဓာတ်၊ နယ်ချဲ့ တော်လှန်ရေး စိတ်ဓာတ်များ ပိုမို ပြင်းထန်သည်ထက် ပြင်းထန်လာရာ အင်္ဂလိပ်ကို တိုက်မည့် မည်သူနှင့်မဆို ပူးပေါင်းချင်စိတ် ဖြစ်ပေါ်နေကြသည်။ ထိုကြောင့် အရှေ့ဘက်တစ်လွှားတွင် အင်္ဂလိပ်အား တိုက်မည့် ဂျပန်တို့၏ အကူအညီကို ယူကာ လွတ်လပ်ရေး ယူမည်ဟု ဆုံးဖြတ်၍ တို့ဗမာအစည်းအရုံးဝင် အချို့သည် ဂျပန်နိုင်ငံသို့ အသက်စွန့်၍ သွားကြသည်။ အချို့မှာ ပြည်တွင်း တော်လှန်ရေးအတွက် အဆင်သင့်ရှိအောင် စည်းရုံးနေကြသည်။ အင်္ဂလိပ်အစိုးရကလည်း အရေးကြီးသော နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီး၍ ထောင်ချခဲ့လေသည်။ သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံသို့ ရောက်ကြသောအခါ စစ်အတတ်ကို သင်ကြသည်။

၁၉၄၂ ခုနှစ်တွင် ဂျပန် စစ်တပ်သည် မြန်မာပြည်သို့ ကော့သောင်မြို့မှ စစ်တကြောင်း၊ ကော့ကရိတ်မြို့ဘက်မှ စစ်တစ်ကြောင်းချီ၍ ဝင်လာကြရာ ဗိုလ်တေဇခေါ် သခင်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေးတပ်မတော်လည်း ပါလာလေသည်။ အင်္ဂလိပ် အစိုးရ၏ စစ်တပ်များသည် အကြာ အရှည် မခုခံနိုင်သဖြင့် ရန်ကုန်မှ ဆုတ်ကြလေသည်။ တဖြည်းဖြည်း ဆုတ်သွားရာ ထိုနှစ်မေလတွင် မဏိပူရကို ဖြတ်၍ အိန္ဒိယသို့ ရောက်လာကြသည်။ ဘုရင်ခံ၏ အစိုးရအဖွဲ့သည်လည်း စစ်တပ်များကဲ့သို့ပင် အိန္ဒိယသို့ ပြောင်းကာ စစ်ပြေးအစိုးရအဖြစ်ဖြင့် ဆင်းမလားမြို့၌ ရုံးစိုက်နေသည်။ အင်္ဂလိပ်စစ်တပ်နှင့် အင်္ဂလိပ်အစိုးရ မရှိသည့် နောက် ဂျပန်စစ်အစိုးရနှင့် ဂျပန်စစ်တပ်တို့ မြန်မာပြည်ကို အုပ်ချုပ်လေသည်။ ၁၉၄၂ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် မြန်မာပြည်အစိုးရအဖွဲ့ကို ဒေါက်တာ ဘမော်အား ခေါင်းဆောင် တင်မြှောက်၍ ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၃ ခုနှစ် သြဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ဘုရင်၏ အစိုးရသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသည်ဟု ကြေညာလေသည်။ ဒေါက်တာဘမော် အဓိပတိဖြစ်လာသည်။ သို့ရာတွင် ဂျပန်စစ်အစိုးရသာလျှင် မြန်မာပြည်၌ တန်ခိုးအကြီးဆုံး ဖြစ်လေသည်။ အုပ်ချုပ်ရာ၌လည်း ဖက်ဆစ်ပီပီ အုပ်ချုပ် လေသည်။ ထိုအခါ တွင် စစ်ဝန်ကြီးအဖြစ်ဖြင့် အုပ်ချုပ်နေသော ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့ကာကွယ်ရေး တပ်မတော်နှင့် တို့ဗမာ အစည်းအရုံးဝင်တို့သည် ဂျပန်ဘက်စစ်ကို တော်လှန်ရန် ၁၉၄၄ ခုနှစ်တွင် တိတ်တဆိတ် စည်းရုံး၍ အိန္ဒိယရှိ အင်္ဂလိပ်စစ်တပ်နှင့် အဆက်အသွယ်ပြုကြလေသည်။ ထိုနောက် ဖ၊တ၊ပ၊လ

ခေါ် ဘက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့၍ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဂျပန်စစ်အစိုးရနှင့် ဂျပန်စစ်တပ်တို့ကို လက်နက် လက်ရုံးဖြင့် တော်လှန်ကြလေသည်။တော်လှန်ရေးနေ့

ဗလငါးတန်နှင့် လူရည်မြင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော အာရှလူငယ် အစည်းအရုံးဝင်များလည်း ထိုလျှို့ဝှက်သော လုပ်ငန်း၌ အသက်စွန့်လျက် ပါဝင်ခဲ့ကြသည်။ ထိုနှစ်၌ပင် အင်္ဂလိပ်အစိုးရ၏ စစ်တပ်များသည် မြန်မာပြည်အတွင်းသို့ ပြန်ဝင်နိုင်၍ ဂျပန်စစ်တပ်ကို အောင်မြင် ကြသောအခါ မြန်မာပြည် ဘုရင်ခံသည် မြန်မာပြည်သို့ပြန်လာ၍ ၁၉၄၅ ခုနှစ် ဖြိတိသျှပါလီမန်တွင် တင်ပြအတည် ပြုခဲ့သော စက္ကူဖြူစာတမ်းအရ မြန်မာပြည်ကို ဒိုမီနီယန် အဆင့်အတန်းပေး၍ အုပ်ချုပ်ရန် စီစဉ်လေသည်။ ထိုနှစ်၌ပင် ဗိုလ်ချုပ် အောင်ဆန်းသည် စစ်တပ်မှ ထွက်ပြီးလျှင် လွတ်လပ်ရေးကို အရယူမည်ဟု ဆုံးဖြတ်ကြွေးကြော်၍ ဖ၊တ၊ပ၊လ ကို အမည်ပြောင်းလိုက်သော ဘက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့(ဖဆပလ အဖွဲ့) ဥက္ကဌအဖြစ် တိုင်းပြည်၏ အင်အားကို စည်းရုံးလေသည်။

ထိုအခါ တိုင်းပြည်၏ အင်အားသည် ရှေးကထက်ပို၍ ကောင်းလာလေသည်။ လုံးဝမလွတ်လပ်မီ စပ်ကြား၌ လူထု ကိုယ်စားလှယ် အစစ်များပါဝင်သော ယာယီ အစိုးရအဖွဲ့ဖြင့် အုပ်ချုပ်စေရန် အတိအကျ တောင်းဆိုခဲ့သည်။ မြန်မာလူထုသည် လွတ်လပ်ရေးနှင့် ထိုက်တန်သော လူမျိုးဖြစ်ကြောင်းကို ငြိမ်ဝပ်၍ စည်းကမ်းကျနသော ဆန္ဒပြပွဲများဖြင့် ပြခဲ့သည်။ နယ်ချဲ့အစိုးရ၏ လက်ပါးစေအဖြစ်ဖြင့်သာ နှစ်ပေါင်းများစွာ လူသိများခဲ့သော ပုလိပ်အဖွဲ့ကြီး တစ်ဖွဲ့လုံးသည်ပင် တညီတညွတ်တည်း သပိတ်မှောက် ဆန္ဒပြခဲ့လေသည်။ ပုလိပ်အဖွဲ့ကြီးသာ မဟုတ်၊ အမှုထမ်းပေါင်းစုံတို့ကလည်း သပိတ်မှောက်လက်နက်ဖြင့် အုံကြွဆန္ဒပြကြသည်။ အင်္ဂလိပ်အစိုးရသည် ဘုရင်ခံ ဆာဒေါ်မန်စမစ်ကို ပြန်ခေါ်၍ ဆာဟူးဗတ်ရန့်ကို ဘုရင်ခံသစ် ခန့်ထားလိုက်သည်။ ဆာဟူးဗတ်ရန့်သည် ဖ၊ဆ၊ပ၊လ၊ ခေါင်းဆောင်ကြီးများအား ဘုရင်ခံ၏ အမှုဆောင် ကောင်စီအဖွဲ့ကို ဖွဲ့စည်းစေသည်။ ထိုအဖွဲ့ကို ဗိုလ်ချုပ် အောင်ဆန်း ဦးစီး၍ဖွဲ့လိုက်ရာ သပိတ်ပေါင်းစုံလည်း အစိုးရအဖွဲ့ကို ထောက်ခံသောအားဖြင့် သပိတ်လှန်လိုက် ကြသည်။ အင်္ဂလိပ်အစိုးရ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင် ဆန်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့သို့ သွားရောက်ဆွေးနွေးပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း-အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုစာချုပ်အရ မြန်မာပြည်ကို လွတ်လပ်ရေး ပေးမည်ဖြစ်ကြောင်း အင်္ဂလိပ်အစိုးရတို့က ကတိပြုလေသည်။ သို့ရာတွင် တောင်တန်းဒေသများက ပြည်မကြီးနှင့်ပေါင်းရန် သဘောတူမှ

ပြည်မ တောင်တန်း တစ်ပြိုင်နက် လွတ်လပ်ရေး ပေးမည်ဟူသော သဘောတစ်ရပ်ပါဝင်သည်။၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ဗိုလ်ချုပ် အောင်ဆန်းသည် ဆာမောင်ကြီး၊ ဗိုလ်မှူးအောင်၊ မြို့မ-ဦးသန်းကြွယ်၊

အခြားတိုင်းရင်းသား ခေါင်းဆောင်များနှင့် အတူ ပင်လုံညီလာခံတွင် တက်ရောက်ခဲ့ပြီး၊ စည်းလုံးညီညွတ်ရေးဖော်ဆောင်သည့် စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ခေါင်းဆောင်

ကြီးများသည် ပြည်မတောင်တန်း ပူးပေါင်းရေးကို အစွမ်း ကုန်ဆောင်ရွက်ကြရာ ထိုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသား သွေးစည်းမှု အဆောက်အအုံကို တည်ဆောက်ပေးသည့် တောင်တန်းဒေသများက ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူသော ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။

ထိုအခါမှ ပြည်မကြီးရော တောင်တန်းဒေသများကိုပါ တစ်ပြိုင်နက် လွတ်လပ်ရေးပေးရန် အင်္ဂလိပ်အစိုးရက သဘောတူညီလေသည်။ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဖ၊ ဆ၊ ပ၊ လ အစိုးရသည် လွတ်လပ်တော့မည်ဖြစ်သော မြန်မာပြည်ကို ပြည်မသား၊ တောင်တန်းသားတို့၏ ဆန္ဒအတိုင်း မည်သို့မည်ပုံ ဖွဲ့စည်းသင့်သည် အုပ်ချုပ်သင့်သည်တို့ကို ပြည်မဒေသ၊ တောင်တန်းဒေသ တို့မှ ပြည်သူ့ ကိုယ်စားလှယ်များနှင့် ဆွေးနွေးလိုသဖြင့် ထိုနှစ်ဧပြီလတွင်ပင် တိုင်းပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပလေသည်။ ရွေးကောက်ပွဲပြီးသောအခါ ပြည်သူအများ ယုံကြည်၍ ရွေးကောက်တင်မြှောက်လိုက်သော ပြည်မ၊ တောင်တန်း ကိုယ်စားလှယ်အမတ်များ ပါဝင်သည့် တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးများ ကျင်းပ၍ တိုင်းပြည်ကို ဥပဒေဖြင့်သာ အုပ်ချုပ်စေလိုသည်ဟု လည်းကောင်း၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း တိုင်းရင်းသားလူမျိုးများသည် ပြည်နယ် အသီးသီး ဖွဲ့လျက် ပြည်မနှင့်ပေါင်း၍ ပြည်ထောင်စုနိုင်ငံ တည်ထောင်စေလိုသည်ဟု လည်းကောင်း၊ နိုင်ငံတော် သမ္မတကို ငါးနှစ်တစ်ကြိမ် တင်မြှောက်ခြင်းဖြင့် သမ္မတနိုင်ငံလည်း ဖြစ်စေလိုသည်ဟု လည်းကောင်း၊ တောင်သူ လယ်သမား အလုပ်သမားတို့ ပါဝင်သော ပြည်ထောင်စု နိုင်ငံသား အားလုံး၏ အကျိုးအတွက် နိုင်ငံသူနိုင်ငံသားများ၏ ဆန္ဒအရ နိုင်ငံကိုအုပ်ချုပ်စေလိုသည်ဟု လည်းကောင်း အများသဘောတူ ဆုံးဖြတ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲကြ လေသည်။ ပြည်ထောင်စု အခြေခံဥပဒေ

နိုင်ငံတော် အလံ၊ နိုင်ငံတော်သီချင်း၊၊ နိုင်ငံတော် တံဆိပ်တို့ကိုလည်း အများသဘောတူ ဆုံးဖြတ်၍ သတ်မှတ်ကြလေသည်။ ပြည်ထောင်စု အခြေခံဥပဒေကို ရေးဆွဲနေသော ကာလအတွင်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် လူမသာမာတို့၏ လက်ချက်ဖြင့် အသက်ဆုံးကြရသည်။ သို့ရာတွင် ဖ၊ဆ၊ပ၊လ ဒုတိယ ဥက္ကဋ္ဌဖြစ်သော ဦးနုက ဆက်လက်ဆောင်ရွက်သွားရာ၊ ၁၉၄၈ ခုနှစ် ဇပ္0x046ဝါရီလ ၄

ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စု သမတမြန်မာနိုင်ငံကို တည်ထောင်ပြီဟု ကမ္ဘာသို့ ကြေညာနိုင်ခဲ့လေသည်။ ထိုအခါမှစ၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော ပြည်ထောင်စုသားများ၏ အချုပ်အချာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံကြီး အကောင်အထည် ပေါ် ခဲ့လေသည်။ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပထမသမ္မတမှာ ညောင်ရွှေ စော်ဘွားကြီး စဝ်ရွှေသိုက် ဖြစ်လေသည်။ အချုပ်အချာ အာဏာပိုင် ဖြစ်ပေါ်လာပြီး သည့်နောက်၌ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်မှ ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့ကို နိုင်ငံတော် သမ္မတက ခန့်အပ်ပြီးလျှင် အထက်အောက် လွှတ်တော် နှစ်ရပ်ပါရှိသော ပါလီမန်စနစ်ဖြင့် အုပ်ချုပ်လေသည်။ သို့ရာတွင် လွတ်လပ်ရေး ကြေညာပြီး၍ မကြာမီကာလမှာပင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့သော အမျိုးသား ညီညွတ်ရေးသည် ပြိုကွဲစ ပြုလာသည်။ ဖ၊ ဆ၊ပ၊လ အဖွဲ့ချုပ်အတွင်း၌ လက်ဝဲ လက်ယာ နိုင်ငံရေးအုပ်စုများ စိတ်သဘောကွဲပြား၍ ၁၉၄၈ခုနှစ် မတ်လတွင် ကွန်မျူနစ်ပါတီသည် လက်နက်ကိုင်၍တောခိုသွားခဲ့သည်။ ပြည်သူ့ရဲဘော် ပါတီဝင်အချို့လည်း တောခိုကြပြန်လေသည်။ ယင်းနောက် ကရင် အမျိုးသားများကလည်း ကေ အင် ဒီ အို ခေါ် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ဖွဲ့စည်းကာ၊ ၁၉၄၈ ခုနှစ်အတွင်းမှာပင် သီးခြားကရင်ပြည်နယ် တောင်းဆို၍ အစိုးရကို ပုန်ကန်ခြားနားကြပြန်လေသည်။ ဤကဲ့သို့ ၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်များတွင် တိုင်းပြည်သည် သောင်းကျန်းသူ အမျိုးမျိုး၏ ရန်ကြောင့် ပြိုကွဲ ပျက်စီးရတော့မည်ကဲ့သို့ ရှိစဉ် ဗမာ့တပ်မတော်သည် ပြည်သူလူထု ရှေ့မှ မားမားရပ်ကာ ရှိသမျှအင်အားဖြင့် ပြည်ထောင်စု ကြီးကိုကာကွယ်ခဲ့လေသည်။ ၁၉၅၀ပြည့်နှစ်မှ အစပြု၍ တပ်မတော်သည် သောင်းကျန်းသူတို့ လက်သို့ ကျရောက်ခဲ့သည့် နယ်မြေဒေသများကို စစ်ဆင်မှု အမျိုးမျိုးဖြင့် တစ်နယ်ပြီးတစ်နယ် ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထိုကဲ့သို့ တိုင်းပြည်ကို သောင်းကျန်းသူတို့ရန်မှ ကယ်တင် ထိန်းသိမ်းနိုင်ခဲ့သော်လည်း၊ အာဏာရ နိုင်ငံရေးပါတီ တွင်းမှာမူကား ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၊ အရင်းရှင် ခေါင်းပုံဖြတ်သမားများ ၊ ဂိုဏ်းဂဏစွဲ ဝါဒသမားများ စသည်တို့ ဝင်ရောက်လာသောကြောင့် အဂတိလိုက်စားမှု၊ စီးပွားရေး သောင်းကျန်းမှု အမျိုးမျိုးပေါ်ပေါက်၍ သိက္ခာလျော့ကျ ပျက်စီးနေခဲ့လေသည်။ ၁၉၅၁ န္တ ၅၂ ခုနှစ်တွင် ကျင်းပသော ပထမအထွေထွေ ရွေးကောက်ပွဲ၌ လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ကျင်းပသော ဒုတိယ အထွေထွေ ရွေးကောက်ပွဲ၌ လည်းကောင်း ဖ၊ ဆ၊ ပ၊ လ အဖွဲ့သည် အနိုင်ရရှိ၍ အစိုးရအဖွဲ့ အဖြစ်တည်မြဲနိုင်ခဲ့သော်လည်း၊ အထက်ပါ အကြောင်းအမျိုးမျိုးကြောင့် ၁၉၅၈ ခုနှစ်၌ ကျင်းပသော ပါတီညီလာခံကြီး အပြီးတွင် နှစ်ခြမ်းကွဲ၍ သွားလေသည်။ နောင်အခါ၌ ဦးနုခေါင်းဆောင်သော အဖွဲ့က ပြည်ထောင်စု အဖွဲ့ဟူ၍လည်းကောင်း၊ ဦးဗဆွေ ခေါင်းဆောင်သော အဖွဲ့က ဖ၊ ဆ၊ ပ၊ လ အဖွဲ့ဟူ၍ လည်းကောင်း ထင်ရှားလေသည်။ အာဏာရ နိုင်ငံရေးပါတီ ပြိုကွဲသဖြင့် တိုင်းပြည်အခြေအနေ ပျက်စီး ယွင်းယိုနေသောအခါ၊ ၁၉၅၈ ခုနှစ် အောက်တိုဘာလ၌ အိမ်စောင့်အစိုးရ အမည်ဖြင့် ဗိုလ်ချုပ်ကြီး နေဝင်းခေါင်းဆောင်၍ အစိုးရဖွဲ့ကာ နိုင်ငံ၏

အခြေအနေကို ထိန်းသိမ်းပေးခဲ့လေသည်။ အိမ်စောင့်အစိုးရ လက်ထက်၌ ပြည်ပရေးရာတွင် နယ်ချဲ့အစိုးရထံမှ အမွေရလိုက်သော တရုတ်-မြန်မာ နယ်ခြားပြဿနာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်စွာ ဖြေရှင်းနိုင်ခဲ့သည်။ မြန်မာ-တရုတ် နယ်ခြား သတ်မှတ်ရေး

ပြည်တွင်းရေး၌ ၁၉၅၉ ခုနှစ် ဧပြီလတွင် ရှမ်းစော်ဘွားများ၏ ပဒေသရာဇ် အာဏာများကို စာချုပ်၍ စွန့်လွှတ်စေခဲ့လေသည်။ ၁၉၆၀ ပြည့်နှစ်သို့ ရောက်သောအခါ ဗိုလ်ချုပ်ကြီး အစိုးရသည် မူလကတိုင်းပြည်သို့ ပေးအပ်ထားခဲ့သည့် ကတိအတိုင်း အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့လေသည်။ ရွေးကောက်ပွဲ၌ ပြည်ထောင်စုပါတီက အနိုင်ရရှိ၍ ဦးနုက ဝန်ကြီးချုပ်အဖြစ်နှင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ သို့ရာတွင် မကြာမီပင် အာဏာရပါတီ ခေါင်းဆောင် အချင်းချင်းမသင့်မတင့်ဖြစ်ကာ ဦး၊ ဗိုလ် အုပ်စုနှင့် သခင်အုပ်စုဟူ၍ နှစ်ခြမ်းကွဲပြန်လေသည်။ ဤကဲ့သို့ မညီမညွတ် ဖြစ်သောအခါ ပဒေသရာဇ်တို့က အခွင့်ကောင်းယူကာ ဘက်ဒရယ်မူဟူသော မူကို တင်ပြ၍ ပြည်ထောင်စုပြိုကွဲစေရန် ပြည်နယ်သီးခြား တောင်းဆိုလာ ကြလေသည်။

ထိုသို့ဖြင့် တိုင်းပြည်၏ အခြေအနေသည် အမျိုးမျိုး ယိုယွင်းပျက်စီးလာသောအခါ ဗမာ့တပ်မတော်သည် လျစ်လျူရှုမနေနိုင်တော့ဘဲ၊ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော် အာဏာကို သိမ်းပိုက်ခဲ့လေသည်။ ထိုနေ့မှာပင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တော်လှန်ရေး ကောင်စီအဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန် ကြေညာသည်။ ၁၉၆၂ ခုနှစ် မတ်လ ၃ ရက်နေ့၌ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၄ ဖြင့် ဥပဒေဟောင်းအရ ဖွဲ့စည်းထားသော ပါလီမန်ကို ဖျက်သိမ်းခဲ့သည်။ ထိုနောက် ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ဝါဒ သဘောထားဖြစ်သော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ကြေညာသည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့၌ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထုတ်ပြန် ကြေညာပြီး လျှင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အောင်မြင်စွာ စတင် တည်ထောင်ခဲ့လေသည်။[၁]

# စစ်အစိုးရသမိုင်း အမှန်တိုင်းရေးဖို့ ဝန်ကြီး တိုက်တွန်း

၃၀ အောက်တိုဘာ ၂၀၁၆



ဓာတ်ပုံ ရင်းမြစ်,AFP

ဓာတ်ပုံ ပုံစာ,

## ၈၈ သမိုင်းကို ပြည်သူတွေ သိဖို့လို

ယဉ်ကျေးမှု ဌာန အောက်က မြန်မာ သမိုင်းအဖွဲ့ကို အဖွဲ့ဝင်သစ်တွေ ဖြည့်စွက် ခန့်ထားပေးမယ့်အပြင် လွတ်လပ်ပြီး နောက်ပိုင်း သမိုင်းကို အမှန်တိုင်း ပြုစု ရေးသားဖို့ ယဉ်ကျေးမှုနဲ့ သာသနာရေး ဝန်ကြီး သူရ ဦးအောင်ကိုက သမိုင်း ပညာရှင်တွေနဲ့ တွေ့ဆုံရာမှာ ပြောကြား ခဲ့ပါတယ်။

ဒီလို ရေးသားရာမှာ စစ်အစိုးရခေတ်မှာ တာဝန်ရှိသူ တယောက်ဖြစ်တဲ့ သူကိုယ်တိုင်လည်း တရားခံ တယောက် ဖြစ်တာမို့ အမှန်အတိုင်း ရေးကြဖို့ ဦးအောင်ကိုက ပြောကြားတယ်လို့ မြန်မာ သမိုင်းအဖွဲ့ဝင် အငြိမ်းစား ပါမောက္ခ ဦးကျော်က ဆိုပါတယ်။

ဗိုလ်ချုပ်မှူးကြီး စောမောင် လက်ထက်က မြန်မာ သမိုင်း ဖြစ်ရပ်မှန် အဖွဲ့ ဆိုပြီး သမိုင်းစာအုပ်တွေ ထုတ်ဝေ ခဲ့ပါတယ်။
အဲဒီလို ထုတ်ဝေရာမှာတော့ ၁၉၆၂ အာဏာသိမ်းတဲ့ အကြောင်းကို အခြေအနေအရ လွှဲပြောင်း တာဝန်ယူတယ် လို့ပဲ ရေးသားခဲ့ရတယ်လို့ ဦးကျော်က ရှင်းပြ ပါတယ်။
အခုတော့ ၁၉၈၈ အရေးအခင်း၊ ၂၀၀၇ သံဃာ့ အရေးအခင်းနဲ့ ဒီပဲယင်း အရေးအခင်း စတဲ့ ကိစ္စတွေ အကြောင်း ကြုံခဲ့ရသူတွေကို မေးမြန်းပြီး တိကျ ခိုင်မာအောင် ရေးသားကြဖို့ ယဉ်ကျေးမှု ဝန်ကြီးက တိုက်တွန်းခဲ့ပါတယ်။
ဒါဟာလည်း လက်စားချေ လိုတဲ့ ရည်ရွယ်ချက် မဟုတ်ဘဲ စစ်အစိုးရ အုပ်ချုပ်မှုမျိုး ပြန်မရောက်အောင် သင်္ခန်းစာ ယူနိုင်ဖို့ပဲလို့ သူက ဆိုပါတယ်။

# တိုင်းရင်းသား ပဋိပက္ခများအဆုံးသတ်ရေးအတွက် အယူအဆရေးရာ ကွဲပြားမှုများကို စေ့စပ်ညှိနှိုင်းခြင်း

စိုင်းဂန်းဆိုင်

04 ဧပြီလ 2016

Article

**စာရေးသူ**

Sai Wansai

**Programmes**

Myanmar in Focus




Panglong monument column of the memorandum of the reunion of mainlands and hills / Photo credit Tom Kramer

## Introduction

ဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရမှ အာဏာကို လွှဲပြောင်းရယူနိုင်ခဲ့ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွေးကောက် ပွဲကာလတွင် " ပြောင်းလဲချိန်တန်ပြီ " ဟု ကတိကဝတ်ပြု ကြွေးကြော်ခဲ့သည့်အတိုင်း အပြောင်းအလဲကို ဖော်ဆောင် ပေးနိုင်ပါ မည်လား ဟူသည့် မေးခွန်းမှာ ပါတီနှင့် ပါတီ၏ အဓိကခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အတွက် အဓိကအကျဆုံး ရင်ဆိုင်ရမည့် ပြဿနာ ဖြစ်သည်။

အစိုးရတစ်ရပ်အနေဖြင့် ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် ပြန်လည်ဖွဲ့စည်းခြင်း၊ ပုံစံချခြင်းနှင့် စီမံကိန်းချခြင်းတို့ဖြင့် အမျိုးသား ရင်ကြားစေ့ရေး အစိုးရတစ်ရပ်ကို ဖွဲ့စည်းရမည်မှာ ပထမဆုံးလုပ်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သလိုပင် ဝေဝါးနေသည့် နိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကိုင်တွယ်ရေးမှာလည်း NLD ၏ မဖြစ်မနေလုပ်ရမည့် လုပ်ငန်းများစာရင်းတွင် အရေးအကြီးဆုံးနှင့် အလျင်အမြန် ကိုင်တွယ် ရမည့် စိန်ခေါ်မှုဖြစ်လာသည်။

ရှေ့ဆက်မသွားမီ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံနှင့် အဓိက ပါဝင်သည့် အကျိုးသက်ဆိုင်သူများ၏ အယူအဆရေးရာ အကွဲအပြားများကို ဦးစွာရှင်းလင်းတင်ပြရန်

လိုမည်ဖြစ်သည်။ သို့မှသာ ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားနေခဲ့သော တိုင်းရင်းသား ပဋိပက္ခများ ကို ပိုမိုရှင်းရှင်းလင်းလင်း နားလည်နိုင်မည်ဖြစ်ပါသည်။

## နောက်ခံသမိုင်းကြောင်း

ယနေ့အချိန်တွင် ဗမာ သို့မဟုတ် ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက အမည်ပြောင်းခဲ့သည့်အတိုင်း မြန်မာဟု သိကြသည့်နိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် သို့မဟုတ် ကိုယ်ပိုင်လွတ်လပ်ရေး ရှိခဲ့ဖူးသည့် အနည်းဆုံး နိုင်ငံ သို့မဟုတ် နယ်နိမိတ် သုံးခုဖြင့် ဖွဲ့စည်းထားခဲ့သည့် နိုင်ငံရေး အစုအဖွဲ့ဖြစ်သည်။ ဘားမားပြည်မကြီး (အင်္ဂလိပ်လက်ထက် တိုက်ရိုက်အုပ်ချုပ်ခံဘားမား)၊ ကရင်နီပြည်နယ်များနှင့် ရှမ်းပြည်နယ် များပါဝင်သည်။ ထိုသမိုင်းကြောင်းအရ ရှမ်းနှင့် ကရင်နီပြည်နယ်များမှ ခေါင်းဆောင်များသည် ပြည်မမှ နိုင်ငံရေး ခေါင်းဆောင်များနှင့် ပူးပေါင်း၍ ကိုလိုနီအုပ်ချုပ်ရေးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးနှင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အခြားတိုင်းရင်းသားလူမျိုးများ နေထိုင်သည့် နယ်မြေများနှင့်အတူ ပူးတွဲလွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အာမခံသည့် အနေဖြင့် ၁၉၄၇ ပြည်ထောင်စုဗမာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရှမ်းနှင့် ကရင်နီ (ယခု ကယား) ပြည်နယ်များကို ခွဲထွက်ခွင့်ပေး ထားခဲ့ သည်။

ဗြိတိသျှထံမှ လွတ်လပ်ရေးမရမီ ဗြိတိသျှနယ်ခြားဒေသ အုပ်ချုပ်ရေး အောက်တွင်ရှိသော ရှမ်းပြည်နယ်စုများ၊ ချင်းတောင်တန်းများနှင့် ကချင်တောင်တန်းများမှ ခေါင်းဆောင်များသည် ( ဒေါ်အောင်ဆန်းစုကြည်၏ ကွယ်လွန်သွားပြီဖြစ်သည့် ဖခင် ကွယ်လွန်သွားပြီဖြစ်သည့် ဖခင်) ဦးအောင်ဆန်းခေါင်းဆောင် သော ဗမာကြားဖြတ်အစိုးရနှင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံ၌ ဗမာမဟုတ်သည့် တိုင်းရင်းသားအုပ်စုများအတွက် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးလွတ်လပ်ခွင့်ရှိသော၊ မျှတသော၊ ဒီမိုကရေစီ ပြည်ထောင်စု တစ်ခုကို တည်ထောင်ရန် သဘောတူစာချုပ်ချုပ် ဆိုခဲ့ကြသည်။

ဗြိတိသျှလက်အောက်တွင် ယခု "ရှမ်းပြည်နယ်" သည် ကရင်နီပြည်နယ်များအပါအဝင် "ရှမ်းပြည်နယ်စုများ" အဖြစ် ရှိခဲ့ကြောင်း သတိပြု သင့်သည်။ ယနေ့အချိန်တွင် တိုင်းရင်းသားပြည်နယ်များဖြစ်လာသည့် ကရင်၊ မွန်နှင့် ရခိုင် (အာရကန်) ပြည်နယ်များသည် ကိုလိုနီစနစ်တွင် ဗမာပြည်မအောက်တွင် ထည့်သွင်းထားပြီး ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ပင်လုံစာချုပ်သည် တိုင်းရင်းသား လူမျိုးတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မျှတရေးကို တရားဝင်ချုပ်စာချုပ်တစ်ခုအဖြစ် ချုပ်ဆိုထားသည့် သမိုင်းဝင် အဖြစ် အပျက် တစ်ခုသာဖြစ်ပြီး တိုင်းရင်းသားလူမျိုးအားလုံး ၎င်းတွင် ထည့်သွင်းခံရသည် ပါဝင်သည်ဟု မခံစားကြရပေ။

၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ နိုင်ငံကို ပါတီစုံ ပါလီမန်စနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး အသွင်သဏ္ဍာန်အားဖြင့် ဖက်ဒရယ်ပုံစံဖြစ်သော်လည်း လက်တွေ့ တွင်မူ တစ်ပြည်ထောင်စနစ်သာဖြစ်သည်။ ပဋိပက္ခများ ဒေသများစွာကို ပျံ့နှံ့ သွားသည်အထိ ကျေနပ်လောက်သည့် အဖြေမှာ ဝေးသထက် ပိုဝေးခဲ့သည်။ ထို့ကြောင့် ဖွဲ့စည်းပုံ၏ ချို့ယွင်းချက်ကို ပြင်ဆင်ရန် မတူညီသည့် တိုင်းရင်းသားအုပ်စုများမှ ခေါင်းဆောင်များသည် နိုင်ငံရေးစနစ်ကို ပိုမိုရှင်းရှင်းလင်းလင်းရှိသည့် ဖက်ဒရယ်ပုံစံဖြစ်စေရန်အတွက် ၁၉၄၇ ဖွဲ့စည်းပုံကို ပြင်ဆင်ရန်အတွက် အဆိုပြုချက်တစ်ခုကို ရေးဆွဲခဲ့ကြသည်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် တောင်ကြီး၌ ပြည်နယ်ပေါင်းစုံညီညွတ်ရေး အသင်းကြီးမှ အတည်ပြုခဲ့သည့် ထိုဖက်ဒရယ်မူတွင် ဗမာပြည်မကို အခြားတိုင်းရင်းသားပြည်နယ်များနည်းတူ ပြည်နယ်တစ်ခုအသွင် ပြောင်းလဲပစ်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အဆိုပြုခဲ့သည်။ ထိုနည်းဖြင့် နိုင်ငံ၏ အခြားအစိတ်အပိုင်းများမှ တိုင်းရင်းသား လူမျိုးများကို စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအပိုင်းများတွင် အင်အားနည်းစေခဲ့သည့် ပြည်ထောင်စုအစိုးရ အာဏာများကို ဗမာ တိုင်းရင်းသား ခေါင်းဆောင်များ သိမ်းကြုံးရယူထားမှုကို အဆုံးသတ်နိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သို့သော် ဖွဲ့စည်းပုံ ပြင်ဆင်ရေးကို လွှတ်တော်တွင်း ဆွေးနွေးမှု ကောင်းကောင်း မစတင်နိုင်မီမှာပင် ၁၉၆၂ မတ်လတွင် တပ်မတော်ဟု သိကြသည့် စစ်တပ်မှ စစ်အာဏာသိမ်းမှု ဖြစ်ပွားခဲ့သည်။ ဗိုလ်ချုပ်နေဝင်းနှင့် အာဏာသိမ်းခေါင်းဆောင်များက နိုင်ငံတော် မပြိုကွဲရေး အတွက် အာဏာသိမ်းရသည်ဟု ပြောဆိုခဲ့ကြသော်လည်း ရလဒ်များမှာ ဆန့်ကျင်ဘက်ပင်ဖြစ်သည်။ စစ်အစိုးရသည် ကိုလိုနီခေတ်လွန် နိုင်ငံ၏ နုနယ်သော ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်ကို ရုတ်ချည်းအဆုံးသတ်ပစ်လိုက်သည်သာမက ဗမာမဟုတ်သည့် တိုင်းရင်းသား အုပ်စုများ၏ တအုံနွေးနွေး မကျေနပ်မှုများကို နိုင်ငံအနှံ့ တွန်းလှန်မှုစစ်ပွဲများ အတိအလင်းဖြစ်ပွားသည့်အခြေအနေသို့ရောက်စေခဲ့သည်။ ဗမာလူများစုများမှလည်း စစ်အုပ်ချုပ်ရေးကို တွန်းလှန်မှုများ ဆက်တိုက်ရှိနေခဲ့ပြီး ပဋိပက္ခနှင့် တိုင်းရင်းသားများ၏ နိုင်ငံရေးလိုလားချက်များ ကို တောင်းဆိုမှုများမှာ နယ်စပ်တွင် အပြင်းထန်ဆုံးဖြစ်ပွားနေခဲ့သည်။

ထို့ကြောင့် ဗိုလ်ချုပ်နေဝင်းနှင့် တပ်မတော်သည် ဗမာနှင့် ဗမာမဟုတ်သည့် တိုင်းရင်းသားများအကြား တိုးပွားလာသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် နောက်ဆုံးဥပဒေကြောင်းအရ ကြိုးစားမှုဖြစ်သည့် ၁၉၄၇ ဖွဲ့စည်းပုံ ပြင်ဆင်ရေးကို ပယ်ချလိုက်ပြီး၊ ထိုဖွဲ့စည်းပုံကို တစ်ဖက်သတ် ရုတ်သိမ်းခဲ့သည်။ နိုင်ငံ၏ နိုင်ငံရေး ဆွေးနွေးပွဲများတွင် တပ်မတော်ခေါင်းဆောင်များက "ဖက်ဒရယ်" ဟူသော စကားလုံးကို ထုတ်ဖော်ပြောဆိုခွင့်ပြုရန်အတွက် ရာစုနှစ်တစ်ဝက်ခန့် အချိန်ကြာညောင်းခဲ့သည်။ ပဋိပက္ခများ၊ ဒုက္ခသုက္ခများနှင့် နိုင်ငံရေးဖြိုခွင်းမှုများစွာ ထိုကာလအတွင်း ဖြစ်ပွားခဲ့ရသည်။

## နိုင်ငံရေး အစုအဖွဲ့၊ အချုပ်အခြာအာဏာနှင့် အမျိုးသား သရုပ်လက္ခဏာဆိုင်ရာ အယူအဆ အကွဲအပြားများ

တပ်မတော်ခေါင်းဆောင်များနှင့် မတူညီသည့် တိုင်းရင်းသား လူမျိုးစုများပါဝင်သည့် ဗမာ့နိုင်ငံရေး အုပ်စုများအတွင်း အယူအဆပိုင်းဆိုင်ရာ ကွဲပြားမှုများမှာ "ဗမာ" သို့မဟုတ် "မြန်မာ" ကို သမိုင်းတွင် မည်သို့ ရှုမြင်ခဲ့သည်၊ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့်ဟူသည့်အချက်ဖြစ်သည်။

၁၉၆၂ ခုနှစ်ကတည်းကပင် စစ်ဘက်မှ လွှမ်းမိုးထားသည့် အစိုးရအဆက်ဆက်က ယခုလက်ရှိနိုင်ငံသည် နှစ်ထောင်ပေါင်းများစွာခန့် က တည်းက ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းကရှိခဲ့သည့် တစုတစည်းတည်းသော နိုင်ငံတော်ဖြစ်သည်ဟူသည့် အယူအဆရှိ ခဲ့ကြသည်။ ထို့ကြောင့် ဗမာမဟုတ်သည့် တိုင်းရင်းသားများသည် လူနည်းစုအုပ်စုများဖြစ်သည့်၎င်းတို့ နိုင်ငံကို ခွဲခြမ်းမသွားနိုင်စေရန် အတွက် သာတူညီမျှ အခွင့်အရေး တောင်းဆိုမှုများကို ကန့်သတ်ရမည်၊ ထိန်းချုပ်ရမည်ဟူသည့် အယူအဆရှိခဲ့သည်။ ဆန့်ကျင်ဘက် အနေဖြင့် ဗမာမဟုတ်သည့် တိုင်းရင်းသားများ ပြည်ထောင်စုဗမာနိုင်ငံသည် ၁၉၄၈ ကိုလိုနီအုပ်ချုပ်ရေး စွန့်ခွာချိန်တွင် တန်းတူညီမျှ ပူးပေါင်းလိုက်သည့် ဗြိတိသျှကိုလိုနီ အိန္ဒိယလက်အောက်တွင် သွတ်သွင်းခြင်းခံခဲ့ရသော လွတ်လပ်သည့် နယ်နိမိတ်များဖြစ်ပြီး ပင်လုံစာချုပ်တွင် ပါဝင်သည့် မူများအရ အသစ်ဖွဲ့စည်းလိုက်သည့် နယ်နိမိတ်တစ်ခု၊ နိုင်ငံရေး အစုအဖွဲ့တစ်ခုအဖြစ် ယူဆကြသည်။

သီအိုရီအရပြောရလျှင် လက်ရှိနိုင်ငံရေးမြေပုံတွင် တိုင်းရင်းသားများအတွက် အချိုးချခွဲဝေမှုပုံစံရှိပါသည်။ လူများစု တိုင်းရင်းသား လူမျိုးများ အတွက် ပြည်နယ် ၇ ခု (ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်နှင့် ရှမ်း) နှင့် ဗမာအများစုနေထိုင်သည့် တိုင်းဒေသကြီး ၇ ခု (ယခင်က တိုင်း) ရှိသည်။ သို့သော် စစ်ဘက်လွှမ်းမိုးမှုနှင့် ဗဟိုမှ လွှမ်းမိုးမှုများသော နိုင်ငံရေးနယ်ပယ်တွင် တကယ်တမ်း စစ်မှန်သည့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်နှင့် ညီညွတ်သောမျှခြေ မရှိပေ။

ယနေ့အချိန်တွင် ကွဲပြားနေသည့် အယူအဆများသည် ပင်လုံတွင် ထင်ဟပ်နေဆဲဖြစ်သည်။ သမိုင်းဝင်စာချုပ်ကို အထိမ်းအမှတ်ပြုထား သည့် ကျောက်တိုင်က "ပြည်မနှင့် တောင်တန်းများ ပေါင်းစည်းရေး" ဟု ကြွေးကြော်နေသည်။ သို့တိုင် "ပြည်မ"သည် ဗမာအများစု နေထိုင် ရာ ဗဟိုချက်မဟု ယူဆ၍မရသလို ကိုလိုနီခေတ်မတိုင်မီကပင် ဗမာဘုရင်များလက်အောက် နေထိုင်ခဲ့ဘူးသော "တောင်တန်းများ" သည်လည်း ဗမာမဟုတ်သည့် တိုင်းရင်းသားများနေထိုင်ရာ တောင်တန်းဒေသများ သို့မဟုတ် လက်အောက်ခံ နယ်များဟု ယူဆ၍ မရပေ။ မျက်မှောက်ခေတ် ဗမာနိုင်ငံသည် လွတ်လပ်ရေးရယူစဉ်က သဘောတူညီထားခဲ့ကြသည့်အတိုင်းပင် တိုင်းရင်းသား လူမျိုးစုအားလုံး၏ နိုင်ငံရေး အခွင့်အရေးများကို လေးစားလိုက်နာမည့် တန်းတူညီမျှသော ပြည်ထောင်စုသစ်တစ်ခုဖြစ်သည်။ ထိုအချက်ကိုပင် ပင်လုံက ထပ်ဟပ်ဖော်ဆောင်လိုပုံပေါ်သည်။

ထိုကဲ့သို့သော သဘောတူညီချက်မရှိလျှင် ပြည်ထောင်စုအသစ်သည် ပေါ်ပေါက်မွေးဖွားလာစရာမရှိပေ။

တိုင်းရင်းသားအုပ်စုတစ်ခုနှင့် တစ်ခု ဆက်ဆံရေးကို ဆွေးနွေးရာတွင် ဗမာမဟုတ်သည့် တိုင်းရင်းသား လူမျိုးများသည် သူတို့ကိုယ်သူတို့ ဗမာနှင့် နိုင်ငံတကာ ပညာရှင်များ မကြာခဏ ပြောလေ့ရှိသလို "လူနည်းစု" အဖြစ် သတ်မှတ်ခြင်းမရှိကြောင်း ဖော်ပြလိုပါသည်။ တကယ် တမ်းတွင် လူနည်းစုလည်းမဟုတ်သလို လူများစုလည်း မဟုတ်ပဲ တန်းတူညီမျှခွင့် ရထိုက်သည့် တိုင်းရင်းသားလူမျိုးစုများသာဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ အရေအတွက်ထက် ဗမာလူဦးရေ ပိုများသည်ကား မှန်ပါသည်။ သို့သော် ထိုအချက်တစ်ခုတည်းဖြင့် တိုင်းရင်း သားပြည်နယ်များတွင် နေထိုင်သူများကို "လူနည်းစု" ဖြစ်မသွားစေနိုင်ပါ။ တိုင်းရင်းသား အုပ်စုကွဲပေါင်းများစွာ ပျံ့နှံ့နေထိုင်သော အာရှ နိုင်ငံများအနက်မှ တစ်ခုဖြစ်သော ဗမာနိုင်ငံတွင် "လူနည်းစု" ဟူသည့် အသုံးအနှုန်းကို တိုင်းရင်းသားပြည်နယ် ၇ ခုတွင် နေထိုင်သည့် ဗမာနှင့် အခြားတိုင်းရင်းသားများကို ရည်ညွှန်းရာတွင်လည်း သုံးနိုင်ပါသေးသည်။ ထိုအနေအထားကြောင့် အကျိုးမရှိသည့် "လူနည်းစု-လူများစု" အငြင်းပွားမှုများသာ ကြီးထွားလာပြီး ပြည်ထောင်စု၏ နိုင်ငံရေး အရေးပါမှုကို လျော့ကျစေပြီး နှင့် လူဦးရေပိုနည်းသည့် တိုင်းရင်း သားလူမျိုးများကို ဖိနှိပ်ဆက်ဆံမှုများသာ ဖြစ်ပေါ်စေပါသည်။

အနှစ်သာရအားဖြင့် "လူနည်းစု" ဟူသည့် အသုံးအနှုန်းသည် ခွဲခြားဆက်ဆံသည့် အသုံးအနှုန်းမှားတစ်ခုဖြစ်လာပြီး "လူနည်းစု" အဖြစ် အဆက်ဆံခံရခြင်းနှင့် တိုင်းရင်းသား အုပ်စုတစ်ခုမှ တိုင်းရင်းသားတစ်ဦးအနေဖြင့် တန်းတူအခွင့်အရေးရခြင်းအကြား ကွာဟချက် ကြီးမား လာပါသည်။ ဗမာ၊ ကချင်၊ ရှမ်း၊ ကရင်နီ၊ ချင်း အစရှိသည့် လူမျိုးစုများသည် လူနည်းစု၊ လူများစုဟူ၍ သတ်မှတ်ခြင်းမရှိပဲ ၁၉၄၈ ခုနှစ်က တည်းက တည်ထောင်ခဲ့သည့် ပြည်ထောင်စုသစ်တွင် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြသည့် တန်းတူညီမျှမှုရှိသော မိတ်ဖက်များ အဖြစ်သာ ယူဆသင့်ပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ တန်းတူညီမျှမှုနှင့်သက်ဆိုင်သည့် ဘုံသဘောတူညီသည့် သဘောထားအမြင်နှင့် အားလုံးလက်ခံနိုင်သည့် အမျိုးသား သရုပ်လက္ခဏာပေါ်ထွက်ရေးဟူသည့် အခြေခံကျသည့် စိန်ခေါ်မှုကို လွတ်လပ်ရေးရပြီးသည်မှ ယခုအထိ မကိုင်တွယ်နိုင် ကြသေးခြင်းဖြစ်သည်။ ဗမာမဟုတ်သည့် တိုင်းရင်းသားများက လွတ်လပ်ရေး ကြိုးပမ်းစဉ်က ဖော်ဆောင်ခဲ့သော မျှဝေထားသည့် အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် ပူးတွဲလွတ်လပ်ရေးကို ဆက်လက်ယုံကြည်လက်ခံထားကြသော်လည်း တပ်မတော်ခေါင်းဆောင်များနှင့် ဗမာတိုင်းရင်းသား နိုင်ငံရေးအလွှာအများစုကမူ သူတို့သည် နိုင်ငံရေး အချုပ်အခြာအာဏာကို စောင့်ရှောက်ရသူများ သို့မဟုတ် ပိုင်ဆိုင်သူများအဖြစ် ယူဆနေကြသည်။ အကျိုးဆက်အားဖြင့် ဗိုလ်ချုပ်နေဝင်း၏ ဗမာပြည်ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် နောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ (၁၉၉၇ မှစ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ) လက်ထက်များ တပ်မတော်အရာရှိများက ပုံဖော်ခဲ့သည့် ဘုံအမျိုးသား

သရုပ်လက္ခဏာဆိုသည်မှာ ဗမာမဟုတ်သည့် တိုင်းရင်းသား လူမျိုး များအကြား အမြစ်မတွယ်သလို၊ လက်လည်းမခံကြပေ။ ထို့အပြင် ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးများက နိုင်ငံရေးအပြောင်းအလဲနှင့် ပတ်သက်လျှင် သူတို့၏ သဘောတူညီချက်ကို တောင်းခံရယူခြင်းမရှိပဲ ပဋိပက္ခဖြစ်ပွားသည့် အနေအထားတွင် စစ်ဘက်က လွှမ်းမိုးထား သည့် အစိုးရများက သတ်မှတ်သည့်အတိုင်း အတင်းအကြပ် လက်ခံစေသည်ဟု ယူဆကြသည်။

အကျိုးဆက်အားဖြင့် တိုင်းရင်းသားအခွင့်အရေးနှင့် တန်းတူညီမျှရေးအတွက် တောင်းဆိုတိုက်ပွဲဝင်မှုများ နိုင်ငံအနှံ့အပြားတွင် ယနေ့အထိ ဆက်ရှိနေရခြင်းဖြစ်သည်။ ပင်လုံကို ပြန်ကြည့်လျှင် တိုင်းရင်းသားခေါင်းဆောင်များသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဘုံ အမျိုးသား အမှတ်သရုပ်တို့သည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ ဒီမိုကရေစီ၊ မျှတသည့် အရင်းအမြစ်နှင့် နိုင်ငံရေးအာဏာ ခွဲဝေမှုများမှတစ်ဆင့် ရရှိနိုင်မည်၊ အာမခံနိုင်မည်ဟု ယုံကြည်ကြသည်။ သို့မှသာ ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးများအားလုံးက လက်ခံနိုင်မည့် အမျိုးသား အမှတ်သရုပ်နှင့် နိုင်ငံရေးစနစ်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

သို့သော် ယခုအခိုက်အတန့်တွင် တိုင်းရင်းသားလူမျိုးစု အများစုသည် သူတို့ကိုသူတို့ ဗမာအုပ်ချုပ်သူများ၏ ကိုလိုနီဆန်ဆန် ပိုင်ဆိုင် အုပ်ချုပ်မှုပုံစံတစ်ခုအောက်တွင် ပိတ်မိနေသည်ဟု ယူဆနေကြသည်။ တကယ်တမ်းတွင် ဗမာပြည်မနှင့် ယခင်နယ်ခြားဒေသများကို ဗြိတိသျှတို့ ခွဲခြားအုပ်ချုပ်ခဲ့ကြသည့်ပုံစံမျိုးဖြစ်သည့် ဒိုင်အာခီပုံစံ အုပ်ချုပ်ရေးစနစ်အသစ်တစ်ခုသည် ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန် လက်အောက်တွင် ဖော်ဆောင်ခဲ့သည့် နိုင်ငံရေး အပြောင်းအလဲများတွင် ပေါ်ထွက်လာခဲ့ပုံရသည်။ ပါလီမန် အုပ်ချုပ်ရေးစနစ်သည် နိုင်ငံ၏ မြို့တော် နေပြည်တော်မှ နိုင်ငံ၏ "ပြည်မ" ဗဟိုချက်တွင် ပုံပေါ်လာခဲ့သော်လည်း တိုင်းရင်းသားပြည်နယ်များမှာ တပ်မတော်အုပ်ချုပ်ရေးနှင့် အာဏာပိုင်မှုအောက်တွင်ရှိနေသည့် "တောင်တန်း" ပဋိပက္ခဒေသများအဖြစ် ရှိနေဆဲဖြစ်သည်။

ရလဒ်အားဖြင့် နိုင်ငံရေးအပြောင်းအလဲကို မျှော်လင့်လာနိုင်သည့် အခြေအနေတွင်ပင် တိုင်းရင်းသားအများစုသည် နိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်နိုင်မှုမှ ဖယ်ကြဉ်ခံထားရသည်ဟု ခံစားနေရသည်။ စစ်တပ်၏ ဖိနှိပ်မှုများက တိုင်းရင်းသား တန်းတူညီမျှမှုကို မည်သည့်အခါမှ ဖော်ဆောင်ပေးနိုင်မည်မဟုတ်သဖြင့် နိုင်ငံရေးမတည်ငြိမ်မှုဆက်ဖြစ်နေမည့်အကျိုးဆက်သာ ဆက်ရှိမည်ဖြစ်သည်။ ၁၉၄၇ ခုနှစ် ပင်လုံတွင် သဘောတူညီခဲ့သည့်အတိုင်း တိုင်းရင်းသား လူမျိုးစုအားလုံးအတွက် တန်းတူညီမျှသော ပြည်ထောင်စုဟူသည့် ဘုံသရုပ်လက္ခဏာဆိုသော မျှော်မှန်းချက်နှင့် မူဝါဒများကို ပြန်သွားနိုင်မှသာ တည်တံ့သော ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။

## ဖက်ဒရယ်နှင့် ပတ်သက်သည့် မတူညီသော အမြင်များ

ယေဘုယျအားဖြင့် ထိပ်သီးပါတီများနှင့် သက်ဆိုင်သည့်ပါဝင်သူများအားလုံးသည်
လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံ၏ နိုင်ငံရေး ကျဆင်း နေမှုများကို ဖြေရှင်းပြီး ကြီးမားသည့်
ပြဿနာများကို မပေါ်ပေါက်စေရန်မှာ ဖက်ဒရယ် ပြည်ထောင်စုတစ်ခု
တည်ထောင်ရေးဖြစ်သည်ဟု သဘောတူညီထားပြီးဖြစ်သည်ဟု ထင်ရသည်။ သို့သော်
တကယ့်လက်တွေ့ ရှေ့ဆက်လျှောက်ရမည့်လမ်းမှာ ပို၍ရှုပ်ထွေးလှသည်။ လက်ရှိအချိန်တွင်
ဘယ်လိုဖက်ဒရယ်မျိုး လိုချင်သည်ဟု ဖော်ထုတ်ရန်ပင် မလွယ်ကူလှပေ။

ဥပမာအားဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ပွဲအတော်များများတွင် စစ်မှန်သည့်
ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးမှာ သူ၏ ရပ်ရွယ်ချက်ဖြစ်သည်ဟု ကိုယ်တိုင်ကိုယ်ကျ
ထုတ်ဖော်ပြောဆိုပြီးဖြစ်သော်လည်း ပါတီအနေဖြင့် ဤကဲ့သို့ အရေးကြီးသည့်ကိစ္စတွင်
ဘယ်နေရာတွင် ဘယ်လိုရပ်တည်မည်နည်းဟူသည့် အသေးစိတ်ကို သိရှိရန် လိုအပ်ပါသည်။
ထို့အတူ ၂၀၁၅ အောက်တိုဘာ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံး
အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (National Ceasefire Agreement – NCA) နှင့် ၂၀၁၅
ဖေဖော်ဝါရီ ၁၂ တွင် လက်မှတ်ရေးထိုးသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ
ကတိကဝတ် (Deed of Commitment on Peace and National Reconciliation) တို့ပါ
တပ်မတော်၏ ဖက်ဒရယ်ဖွဲ့စည်းပုံအပေါ် ရပ်တည်ချက်မှာလည်း မရှင်းလင်းပေ။
"နိုင်ငံရေးဆွေးနွေးချက်များမှ ထွက်ပေါ်လာသော ရလဒ်များနှင့် အညီ ဒီမိုကရေစီနှင့်
ဖက်ဒရယ်မူများကို အခြေခံသော ပြည်ထောင်စုတစ်ခုကို တည်ထောင်ရန်" ဟူသည့်အချက်သာ
တစ်ခုတည်းသော ကတိကဝတ်ဖြစ်သည်။ သို့သော် တိုင်းရင်းသား အုပ်စုများ မေးခွန်းထုတ်သူများ
မေးမြန်းကြသည့်အတိုင်းပင် ထိုကတိကဝတ်သည် လက်ရှိ တစ်နိုင်ငံ သမ္မတစနစ်နှင့် အာဏာကို
အနည်းငယ်မျှသာ ခွဲဝေပေးထားသည့်စနစ်မှသည် အားကောင်းသည့် ပြည်နယ်အစိုးရများနှင့်
အားနည်းသည့် ပြည်ထောင်စု ဗဟိုအစိုးရတို့ရှိသော အပြည့်အဝ
ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ခုအထိ အဓိပ္ပာယ်ကျယ်ပြန့်ပါသည်။

ထိုအကြောင်းပြချက်များကြောင့် တပ်မတော်သည် ဗဟိုချုပ်ကိုင်မှုအားကောင်းသည့်
တစ်ပြည်ထောင်နိုင်ငံရေးစနစ်ကိုသာ အလိုရှိပြီး ဖက်ဒရယ် စနစ်နှင့် ဆင်တူစေရန်အတွက်
တိုင်းရင်းသားပြည်နယ်များကို လုံလောက်ရုံ အနည်းငယ်သော အာဏာခွဲဝေပေးရုံသာ
အလိုရှိသည်ဟူသော နိုင်ငံရေး အမြင်က အားကောင်းနေဆဲဖြစ်သည်။ တပ်မတော်၏
တွေးဆချက်ကို သက်သေပြနေသည့်အချက်မှာ လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်သည် ၎င်းတို့ကိုယ်တိုင်ရေးဆွဲထားသော ၂၀၀၈
ဖွဲ့စည်းပုံ အခြေခံဥပဒေကို အသက်နှင့်ထပ်တူ ကာကွယ်မည်ဟု မကြာခဏ
ထုတ်ဖော်ပြောဆိုနေပြီး၊ ၎င်း၏ အခန်းကဏ္ဍကို လျော့ကျစေ မည့် အဓိပ္ပာယ်ရှိသည့် မည်သည့်
ဖွဲ့စည်းပုံ ပြင်ဆင်ရေးကိုမဆို ယခုအချိန်အထိ ငြင်းဆန်နေဆဲဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအတွက်မူ မကြာသေးမီနှစ်များအတွင်းတွင် နိုင်ငံရေးအရ "အပြည့်အဝ
ဖက်ဒရယ်စနစ်" တစ်ခုဖြစ်မည့် "မျှတခြင်း၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခြင်းနှင့်

ဒီမိုကရေစီထွန်းကားသည့် တိုင်းရင်းသားပြည်နယ်များကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုတစ်ခု တည်ထောင်ရေး” ကို ဘုံသဘောတူညီမှုရှိနေသည်။ သို့သော် ၎င်းတို့သည့် ထိုအမြင်များကို တစ်ဆင့်တက်ပုံဖော်နိုင်ရေးကြိုးပမ်းရာတွင် အခက်အခဲများနှင့် လေဆန်လမ်းကို တက်နေရပြီး တိုင်းရင်းသား လှုပ်ရှားမှုများသည့် “စစ်မှန်သည့် ဖက်ဒရယ်စနစ်” ပေါ်ထွန်းရေး ဟူသည် ကို ကြက်တူရွေးနူတ်တိုက်ရွတ်နေသည်မှ လွဲလျှင် မည်သည့် နိုင်ငံရေးစနစ်လိုလားသည်ကို တကယ်တမ်း သိရှိကြခြင်းမရှိဟူသည့် ဗမာ တိုင်းရင်းသားများနှင့် နိုင်ငံတကာမှ ဝေဖန်မှုများကိုလည်း ရင်ဆိုင်နေရသည်။ သို့သော် ၎င်းမှာ သမိုင်းကို ပုံဖျက်ရန်နှင့် နိုင်ငံရေး ခေါင်း ဆောင် မျိုးဆက်တစ်ခုနှင့်တစ်ခု စေတနာမှန်ဖြင့် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သော တိုင်းရင်းသားအရေးကို မေးမှိန်အောင် ကြံစည်ကြ ခြင်းသာဖြစ်သည်။

တကဲ့လက်တွေ့တွင် တိုင်းရင်းသားများဘက်မှ ဖက်ဒရယ်မူတစ်ခု အမြဲတမ်းရှိနေပြီး ၎င်းမှာ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ကိုလိုနီခေတ်အလွန် နိုင်ငံတည်ဆောက်ရေးကြိုးပမ်းမှုများတွင် အများတက်တက်ကြွကြွ ပါဝင်ရေးဆွဲခဲ့သည့် သမိုင်းဝင်အကိုးအကား စာရွက်စာတမ်းသုံးခုမှ ထုတ် နုတ်ရေးဆွဲထားသည့် ပြည်နယ်အခြေပြု ဖက်ဒရယ်စနစ်မူဖြစ်သည်။ ထိုအကိုးအကားသုံးခုမှာ ၁၉၄၇ ပင်လုံစာချုပ်၊ ၁၉၄၇ ပြည်ထောင်စု ဗမာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၁၉၆၁ တိုင်းရင်းသားများ၏ ဖက်ဒရယ် အဆိုပြုချက်မူ တို့ဖြစ်သည်။ ပြောင်းလဲလာသည့် အချိန်နှင့်အမျှ လိုက်ပါချိန်ညှိ ပြောင်းလဲရန် လိုအပ်သည်ကား မှန်ပါသည်။ သို့သော် တိုင်းရင်းသားများတွင် သူတို့လိုလားသည့် ဖက်ဒရယ်အမျိုးအစားနှင့် ပတ်သက်သည့် စိတ်ကူးစိတ်သန်းမရှိဟူသည့်အချက်မှာ လုံးဝမမှန်ကန်ပါ။ ထို့အပြင် ၁၉၆၀ ပြည့်နယ်များတွင် ဖက်ဒရယ် ပြုပြင် ပြောင်းလဲ မှုနှင့် ဒီမိုကရေစီစနစ် အဆုံးသတ်ခြင်းကြောင့် နိုင်ငံ ကျဆင်းခြင်းနှင့် တိုင်းရင်းသား ပဋိပက္ခများ ဖြစ်ပွားပျံ့နှံ့ခြင်းကို ကြုံတွေ့ခဲ့ရပါသည်။ ထိုအမှားမျိုး၊ တိုင်းရင်းသား အခွင့်အရေးကို ဖိနှိပ်မှုမျိုး ထပ်မဖြစ်ရန် အရေးကြီးပါသည်။

လာမည့်လွှတ်တော်သက်တမ်းအတွင်း တစ်မျိုးသားလုံး ဘုံသဘောတူညီချက် ရရှိရန် လွယ်ကူမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု မစတင်မီမှာပင် ထစ်နေမည့် နေရာများ ရှိနိုင်ပါသည်။ ထိုအထဲတွင် ပိုမိုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများဖြစ်သည့် တအောင်းနှင့် ဝ လူမျိုးတို့တွင် “ပြည်နယ်” တောင်းဆိုမှုများရှိသည်၊ ရှစ်ပြည်နယ်မူ (လက်ရှိတိုင်းရင်းသားပြည်နယ် ၇ ခုနှင့် ဗမာပြည်နယ် ၁ ခု) ရှိနေသည်၊ လက်ရှိ ၇ တိုင်း ၇ ပြည်နယ်ကို ဆက်သွားမသွား ငြင်းခုန်မှု ရှိနေသည်။ တိုင်းရင်းသားအုပ်စုများဘက်တွင် စစ်မှန်သည့် ဖက်ဒရယ်စနစ်တွင် ၁၉၅၀ ပြည့်နှစ်များတွင် ဖြစ်ပွားခဲ့သလို အာဏာကို ပြည်ထောင်စုမှ သိမ်းကြိုးရယူထားခြင်းနှင့် နိုင်ငံ၏ ဗဟိုချက်ကိုသာ အာရုံစိုက်ခြင်းတို့ မဖြစ်စေရန်အတွက် မဖြစ်မနေ တားဆီးရမည်ဟူသည့် စိုးရိမ်မှုများက ရှိနေသည်။

ထိုနောက်ပြဿနာမှာ ပိုခက်ခဲကောင်း ခက်ခဲနိုင်သည်။ လွတ်လပ်ရေးရစဉ်ကတည်းကပင် ကိုလိုနီခေတ် ဗမာပြည်မသည် နိုင်ငံအရေးကို သိသိသာသာ လွှမ်းမိုးလာခဲ့သည်။ ပထမပိုင်းတွင်

ဗိုလ်ချုပ်နေဝင်း၏ ဗမာပြည် ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ရေးဆွဲသော ၁၉၇၄ ဖွဲ့စည်းပုံတွင် "တိုင်း" ၇ တိုင်း အဖြစ် ပြောင်းလဲခဲ့ပြီး၊ ၂၀၀၈ ခုနှစ် စစ်တပ်က ရေးဆွဲသည့် ဖွဲ့စည်းပုံတွင် တိုင်းရင်းသားပြည်နယ်များနှင့် တန်းတူ အခွင့် အရေးရှိသည့် "တိုင်းဒေသကြီး" တစ်ခုစီအဖြစ် တိုးမြှင့်ခဲ့သည်။ ထို့ကြောင့် "ဗမာလူများစု"များ၏ တိုင်းဒေသကြီး ၇ ခုနှင့် "ဗမာမဟုတ်သည့်" တိုင်းရင်းသား ပြည်နယ် ၇ ခုအကြား အာဏာမညီမျှမှုဖြစ်ပွားစေသည်။ တိုင်းရင်းသားအများစုသည် ရှေးဘိုးဘေးဘီဘင်တို့ မျှော်မှန်းထား ခဲ့ကြသည့်အတိုင်း မျှတသော ပြည်နယ်အခြေပြု ဖက်ဒရယ်စနစ်ကို တည်ထောင်နိုင်ရန်အတွက် ဗမာပြည်နယ်တစ်ခု ဖန်တီးရန် ဆက်လက် တွန်းအားပေးနေသည်။

နိုင်ငံရေးအယူအဆနှင့် ပတ်သက်လျှင် ရှင်းလင်းသည့် မေးခွန်းတစ်ခုမဟုတ်သော်လည်း ပြည်ထောင်စု ဗမာနိုင်ငံ မည်သို့ ပေါ်ပေါက်လာခဲ့ သည်ဟူသည့်သမိုင်းကြောင်းနှင့် လူတိုင်းအတွက် မျှတမှုနှင့် လုံခြုံမှုဖြင့် အနာဂတ်တွင် မည်သို့ အောင်မြင်စွာ ရပ်တည်နိုင်မည်ဟူသည့် အမြင်ကို ထင်ဟပ်မှုသာဖြစ်သည်။ နိုင်ငံ၏ မည်သည့်အစိတ်အပိုင်းကမှ တိုင်းရင်းသား တစ်မျိုးတည်းနေထိုင်သော အစိတ်အပိုင်းမဟုတ်ပေ။ နယ်နိမိတ်ပိုင်းခြားမှုသည် နိုင်ငံရေးနှင့် ရပ်တည်ချက် သဘောထားအမြင်ဆိုင်ရာ မေးခွန်းများကို အရင်းစစ်၍ အဖြေထုတ်ပေးနိုင်မည်ကား မဟုတ်ပေ။ ပဋိပက္ခများ၏ ခါးသီးသော အတွေ့အကြုံများအရ အသိပေးနေသည်မှာ လွတ်လပ်ရေးယူခဲ့စဉ်က သဘောတူညီခဲ့သည့် မျှတမှု အခြေခံကောင်းများကို ပြန်လည်ဖော်ထုတ်နိုင်မည့် အနေအထားရောက်ရန်အတွက် တိုင်းရင်းသား နိုင်ငံရေး အခြေအနေကို ပြန်လည်ပုံဖော် ယူရေးမှာ ယနေ့အချိန်တွင် အရေးကြီးသည်။

## မအောင်မြင်သည့် နိုင်ငံတစ်ဝှမ်း အပစ်အခတ်ရပ်စဲရေး

သမ္မတ ဦးသိန်းစိန်၏ နိုင်ငံတစ်ဝှမ်း အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ် ဘာကြောင့် နောက်ဆုံးအဆင့် သဘောတူညီမှုကို မရောက်ရသနည်း ဟူသည့်အချက်နှင့် ပတ်သက်သည့် အမြင်ပေါင်းမျိုးစုံကို ကြားရပါလိမ့်မည်။ သို့သော် တိုင်းရင်းသားအုပ်စုများအတွက်မူ ထိုသို့မအောင်မြင် ရသည့် အချက်မှာ ဝမ်းနည်းစရာကောင်းလောက်အောင် မကြာခဏ ကြုံတွေ့ရသည့် အကြောင်းအချက်တစ်ခုပင်ဖြစ်သည်။ ပဋိပက္ခ ဒေသ များရှိ စစ်ရေးဆောင်ရွက်ချက်များတွင် ရရှိသည့် အာဏာများဖြင့် အကျိုးအမြတ်များ ရရှိနေပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ သည် နိုင်ငံရေး ရည်မှန်းချက်တစ်ခုအတွက် တိုက်ပွဲဝင်နေသည့် တိုင်းရင်းသား တော်လှန်ရေး အုပ်စုများအဖြစ် မမြင်ပဲ "ဥပဒေချိုးဖောက်သူ များ" သို့မဟုတ် "သောင်းကျန်းသူများ" အဖြစ် ရှုမြင်ကြသည့် တပ်မတော်ခေါင်းဆောင်ပိုင်းမှ သက်ဆိုင်သူများ အားလုံးပါဝင်စေလိုမှု မရှိခြင်း နှင့် ရိုးဖြောင့်မှုမရှိခြင်းကြောင့် ဖြစ်သည်။

ထိုအခြေခံကြောင့်ပင် အတားအဆီးများစွာ ကြုံတွေ့ခဲ့ရသည်မှာ အံ့ဩစရာမရှိပေ။ ဥပမာအားဖြင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်တပ်ကရေးဆွဲခဲ့သည့် ၂၀၀၈

ဖွဲ့စည်းပုံအခြေခံပဒေကို လိုက်နာရမည်ဟု အဆက်မပြတ် ပြောဆိုနေခဲ့ပြီး၊ တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့အစည်းများကို "လက်နက်ဖျက်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပူးပေါင်းပါဝင်ရေး (DDR)" လက်ခံရ မည်ဟု ထပ်ခါတလဲလဲ ပြောဆိုနေခဲ့သည်ကို ကြည့်နိုင်သည်။ ထိုသို့ပြုလုပ်လိုက်ပါက တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဖျက်သိမ်းလျှင်ဖျက်သိမ်း မဖျက်သိမ်းလျှင် တပ်မတော်လက်အောက်မှ နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်း လဲရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်များအတွင်း ပဋိပက္ခဒေသများတွင် ထိုကဲ့သို့သော တပ်များစွာ ပေါ်ထွက်လာခဲ့သည်။ ထိုအမြင်က တိုင်းရင်း သား ခေါင်းဆောင်များသည် နိုင်ငံရေးအရ အဖြေထုတ်မှုကို လိုလားပြီး၊ လက်နက်ချခြင်းသော်လည်းကောင်း၊ ၎င်းတို့လူမျိုးများအတွက် ပိုမို စစ်ရေးအားကောင်းလာခြင်းကိုသော်လည်းကောင်း မလိုလားဟူသည့် အချက်ကို မျက်ကွယ်ပြုခြင်းဖြစ်သည်။

နောက်ထပ် မအောင်မြင်ရသည့် အချက်တစ်ချက်မှာ " နွားရှေ့ထွန်ကျူးခြင်း " ကြောင့်ဖြစ်သည်။ တပ်နယ်နိမိတ်များ ခွဲခြားမှု၊ စစ်ဘက် ကျင့်ဝတ်နှင့် နိုင်ငံအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် အခြေခံကောင်းများ မရှိသေးပဲ၊ ပူးတွဲ အပစ်ရပ် စောင့်ကြည့်ရေးနှင့် ထိန်းသိမ်းရေး ယန္တရားများ အဆင်သင့်မရှိသေးပဲ တိုင်းရင်းသား တပ်ဖွဲ့များကို တစ်ဖွဲ့ချင်း "နိုင်ငံတစ်ဝှမ်း အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်" အရင် လက်မှတ်ထိုးခိုင်းခြင်းဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များအားလုံး အတူတူ စိုးရိမ်ကြသည့်အချက်မှာ တပ်မတော်သည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်နေစဉ်ကာလအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်၊ တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်ဖွဲ့ (ကိုးကန့်)နှင့် ရက္ခိုင်တပ်မတော်တို့အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အချို့ကို ထိုးစစ်ဆင်မှုများ ရှိနေခဲ့သည်။

" လုံခြုံရေး အဓိက " ဟူသည့် ရပ်တည်ချက်ကို ကိုင်ဆွဲလျက် တပ်မတော်အရာရှိများသည် အကြောင်းမျိုးစုံရှာ၍ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့အချို့ကို ဦးသိန်းစိန်၏ NCA လုပ်ငန်းစဉ်တွင် ဆွေးနွေးဘက်အဖြစ် လက်ခံရန် ငြင်းပယ်ခဲ့သည်။ သို့သော်ထိုအခြေအနေသိသိသာသာ အသေအပျောက်များ ရှိနေသော၊ နေရပ်စွန့်ခွာရသူများ တိုးသထက်တိုးလာနေသော ပဋိပက္ခဒေသများကို အကျိုးသက်ရောက်မှုကမကောင်း မွန်လှပါ။ အများသိကြသည့်အတိုင်းပင် လက်ရှိ ပဋိပက္ခဒေသဖြစ်သည့် နိုင်ငံ၏ အနောက်မြောက်ပိုင်းမှာ နဝတ၊ နအဖ အစိုးရများ လက်ထက်က စံပြအပစ်ရပ်ဒေသများအဖြစ် ဆောင်ရွက်ခဲ့ကြဖူးသည်။ နိုင်ငံအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်နေချိန်တွင် လက်နက်ကိုင် ပဋိပက္ခများ ပိုမိုဆိုးရွားလာခြင်းမှာ နိုင်ငံရေးအကြောင်းပြချက်များအရရော၊ စီးပွားရေးအကြောင်းပြချက်များအရပါ ဖြစ်သည်။

ထိုအခြေအနေတွင် ပြီးခဲ့သည့် အောက်တိုဘာလတွင် တက်တက်ကြွကြွလှုပ်ရှားနေသော တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ၏ တစ်ဝက်အောက်တွင်သာ ရှိသော အရေအတွက်က NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုဝင်ဘာ ရွေးကောက်ပွဲနှင့် နိုင်ငံတစ်ဝှမ်း ငြိမ်းချမ်းရေး ရရှိရေးတွင် ပိုမို ဒီမိုကရေစီနည်းကျပြီး လူထုကို ကိုယ်စားပြုနိုင်သည့် အစိုးရက နောက်တစ်ဆင့်ကို လမ်းကြောင်း ဖော်နိုင် လိမ့်မည်ဟူသည့် မျှော်လင့်ချက်ဖြင့် အဓိကကျသည့် အဖွဲ့များအားလုံးနီးပါး မပါဝင်ခဲ့ကြပေ။

## အလျော့အတင်းလုပ်၍ ရနိုင်မလား

လက်ရှိနိုင်ငံရေး အခင်းအကျင်းမှာ သေချာရေရာမှု မရှိပေ။ ယခုအချိန်အထိ NCA သည် တစ်စိတ်တစ်ပိုင်း အပစ်ရပ်ရေးအဖြစ်သာ အသက်ဝင်နေသေးပြီး စုစုပေါင်း ၂၁ ဖွဲ့မှ ၈ ဖွဲ့ကသာ နိုင်ငံအဆင့် အပစ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးထားသေးသည်။ သို့သော် နိုင်ငံ၏ သမိုင်းကြောင်းတွင် အရေးကြီးဆုံး အကူးအပြောင်းကာလကို ဖြတ်သန်းနေရဆဲအခြေအနေတွင် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် သာမန်အခြေအနေရောက်ရှိရေးအတွက် တစ်စိတ်တစ်ပိုင်းသော NCA ဖြင့် ဖော်ဆောင်၍မရနိုင်ပါ။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားသည့် ပဋိပက္ခများနှင့် တိုက်လေယာဉ်များအပါအဝင် တပ်မတော်၏ စစ်ဘက်အရင်းအမြစ်များကို အမြောက်အမြားအသုံးပြုမှုများက နိုင်ငံရေးအရ ကျေလည်မှုရရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး အလှမ်းဝေးနေဆဲဖြစ်ကြောင်း ဖော်ပြနေသည်။

အဖြေများစွာ ရှာခဲ့ အဆိုပြုခဲ့ကြပြီးဖြစ်သော်လည်း သီအိုရီနှင့် အသေးစိတ်ပိုင်းတွင် ရှုပ်ထွေးနေဆဲဖြစ်သည်။ ကျွန်တော့်အနေဖြင့် ပထမ ဦးဆုံး ဆောင်ရွက်သင့်သည်ဟု ယူဆသည်မှာ အချင်းချင်း တိုက်ခိုက်နေသော အုပ်စုများအကြား "လက်ခံထားသည့် တန်ဖိုးများ" ဟုပဲဆိုဆို မည်သည့် အယူအဆ ကွဲပြားမှုများက မပြီးပြတ်နိုင်သည့် ရန်လိုမှုနှင့် ပဋိပက္ခများဖြစ်စေရသည့် အဓိကအချက်ဖြစ်သနည်းဟူသည့်အချက်ကို ဖော်ထုတ်ရမည်အချိန်ဖြစ်သည်ဟု ယူဆပါသည်။ နိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေးတွင် အခြေခံကျသည့် အချက်များကို ရှာဖွေရာတွင် ကျွန်တော်တို့ အချင်းချင်းအကြား ရင်ကြားစေ့သင့်မြတ်ရေးနှင့် နားလည်မှုကို တည်ထောင်နိုင်မည့် နည်းလမ်းအား ဖော်ထုတ်သင့်ပါသည်။ ယနေ့ ဗမာ/မြန်မာဖြစ်သာသည့် နိုင်ငံရေး အစုအဖွဲ့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု သို့မဟုတ် ဝေမျှပါဝင်နေသည့် သမိုင်းကြောင်းကိုမှ သဘောမတူညီနိုင်ကြလျှင် အဖြေမှန် ရှာဖို့ ခက်ပါလိမ့်မည်။

တိုင်းရင်းသားများ၏ ရှုထောင့်မှ ကြည့်လျှင် ဗမာအများစု ပါဝင်နေသည့် တပ်မတော်၏ အချုပ်အခြာအာဏာပိုင်ပါသည်ဟု ကိုယ့် ဘာသာ ကိုယ် ကြွေးကြော်နေခြင်းသည် လျော်ကန်သင့်မြတ်မှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်တိုင်လည်း တန်းတူဝေစုတစ်ခုကို ပိုင်ဆိုင် နေသည်ဟု ယူဆနေပြီး၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်နေသည့်

ဤကဲ့သို့သော နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာမှာ ပူးပေါင်း ခွဲဝေ ထားရ မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ထို့အတူ နေပြည်တော်တွင် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားရုပ်ထုများ မြင့်မားစွာ ထုလုပ် တန်ဆာဆင်ထားသည့် အခြေအနေမှတစ်ဆင့် တွေ့မြင်ရသည့် အနော်ရထာခေတ်ကတည်းက တစုတစည်းတည်းသော နိုင်ငံတော် အဖြစ် ရှိခဲ့သည်ဟူသည့် တပ်မတော်၏ ယနေ့မြန်မာနိုင်ငံကို ပုံဖော်မှုမှာလည်း ပိုမို သိမြင်နားလည်မှုရှိပြီး ဖက်ဒရယ်စနစ်ကို ဦးတည်သည့် အပြောင်းအလဲကို မျှော်မှန်းနေသည့် မတူညီသော တိုင်းရင်းသားအုပ်စုများအကြား မျှော်လင့်ချက်များကိုလည်း အားမကောင်းစေပါ။

ဆန့်ကျင်ဘက်အားဖြင့် တိုင်းရင်းသားအုပ်စုများသည် ဗမာနိုင်ငံကို သူတို့ကိုယ်တိုင် စိတ်လိုလက်ရ ပါဝင် တည်ထောင်ခဲ့သော၊ သူတို့လည်း တန်းတူပြောရေးဆိုခွင့်ရှိရမည်ဖြစ်သော ခေတ်သစ် နိုင်ငံရေး အစုအဖွဲ့ အသစ်တစ်ခုဖြစ်ရမည်ဟူသည့် အမြင်ရှိကြသည်။ သေချာသည်မှာ သူတို့ကိုယ်သူတို့ ပဝေသဏီက စစ်ရေးသမိုင်းကြောင်းကို အတင်းသွတ်သွင်းနေသည့် တပ်မတော်၏ လက်အောက်ခံအဖြစ် မရှုမြင်ပေ။ ထို့အတူပင် ဗမာအများစု လွှမ်းမိုးထားသည့် မျက်မှောက်ခေတ် တပ်မတော်သည် တိုင်းရင်းသားဒေသများသို့ ဝင်ရောက်ပြီး အချုပ်အခြာ အာဏာကို ကာကွယ်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲစေရန်ဟူသည့် အကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများ ဆောင်ရွက် နေသည်။ ထိုအကြောင်းပြချက်များသည် ထိုစစ်ဆင်ရေးများသည် မိမိတို့၏ နယ်မြေများအား ကျူးကျော်သိမ်းပိုက်မှုများနှင့် စစ်ပြုမှုများ သာ ဖြစ်ပြီး ပြန်လည်ခုခံရမည်ဟု ယူဆနေသည့် ဒေသခံများအတွက် ယုတ္တိလည်းမရှိသလို နားကလောစရာဖြစ်လာစေခဲ့သည်။

သို့သော် ထိုအခြေအနေသည် မျှော်လင့်ချက် လုံးလုံးမဲ့သည့် အခြေအနေမျိုးတော့ မဟုတ်ပေ။ အပြောင်းအလဲကို မျှော်ကိုးသည့် စိတ်အား ထက်သန်မှုများမှာ နိုင်ငံအနှံ့အပြားတွင် သိသိသာသာ မြင်တွေ့နေရသည်။ လူငယ်မျိုးဆက်သစ်များတွင်လည်း တွေ့နေရသည်။ "ဒုတိယ ပင်လုံ" ခေါ်ပြီး တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းရန်အတွက် ၂၁ ရာစု ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်မည်ဆိုလျှင် အတူတကွ ညီညီ ညွတ် ညွတ် ယှဉ်တွဲ တည်ရှိ နေထိုင်နိုင်မည့် လူ့အဖွဲ့အစည်းကို ထူထောင်ရန် ပထမခြေလှမ်းကို စနိုင်မည်ဖြစ်သည်။ ယခုအခါ ဒေါ်အောင်ဆန်း စုကြည်ကို လူထု၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို လိုလားမှုကို ဖော်ဆောင်ရန်အတွက် လူထုမှ အသိအမှတ်ပြု အာဏာအပ်နှင်းလိုက်ပေပြီ။ နိုင်ငံရေး အပြောင်းအလဲ ပိုမိုထိထိရောက်ရောက် ဖြစ်ပွားနိုင်ရန်အတွက် အရှိန်အဟုန်ကောင်း ရလာနေပြီဟုလည်း နိုင်ငံသားအများစုက ယုံကြည်နေကြသည်။

လက်ရှိအချိန်တွင် တပ်မတော်၏ တုံ့ပြန်မှုကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ သို့သော် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ ခေါင်းဆောင်များကမူ အနာဂတ်တွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပိုမိုကြီးမားများပြားစွာ ပြုလုပ်နိုင်ရေး ပြင်ဆင်နေကြပြီဖြစ်သည်။ လက်ရှိအချိန်တွင် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနကို ဦးသိန်းစိန်လက်ထက်က ပြဌာန်းခဲ့သည့် တိုင်းရင်းသား လူမျိုးများ အကာအကွယ်ပေးရေး ဥပဒေက

အပ်နှင်းထားသည်ထက်ပိုသည့် အခွင့်အရေးများ လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး အားကောင်း မောင်းသန်ဖြစ်စေရန်အတွက် ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို လက်ရှိ လွှတ်တော်သက်တမ်းအတွင်း မြန်နိုင်သမျှ မြန်မြန် ဖော်ဆောင်နိုင်ရန်အတွက် တပ်မတော်က ထိန်းချုပ်ထားသည့် ပြည်ထဲရေး၊ ကာကွယ် ရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများအပြင် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများကို တွန်းအားပေးခြင်း၊ ညှိနှိုင်းခြင်း၊ ပူးပေါင်း ဆောင် ရွက်ခြင်းတို့ ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားနိုင်သည်။

အကျဉ်းချုပ်ဆိုရသော် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီ ဖြစ်သည့် စိတ်ပျက်ဖွယ်အဖြစ်အပျက်များနှင့် ဒုက္ခများကို ခံစားခံရပြီးနောက် အဘက်ဘက်မှ ခေါင်းဆောင်များနှင့် သက်ဆိုင်ရာ အစုအဖွဲ့များကသာ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး၊ ပြုပြင်ပြောင်းလဲရေးကို အမှန် တကယ်ဖော်ဆောင် ကြမည်ဆိုပါက နိုင်ငံသည် ကောင်းမွန်သော အပြောင်းအလဲကို ဦးတည်သွားမည်ဖြစ်ပါသည်။ ဤနေရာတွင် စိတ် စေတနာမှန်မှု၊ နိုင်ငံရေး စိတ်ဆန္ဒရှိမှုနှင့် ညှိနိုင်းအဖြေရှာရန် အမှန်တကယ်လိုလားမှု များသည် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို ကျော် ဖြတ်ရန်အတွက် မဖြစ်မနေလိုအပ်သော အရာများဖြစ်ပါသည်။ ထိုအရာများမရှိပါက ပြီးခဲ့သည့် နိုင်ငံရေး အခင်းအကျင်း အဆက်ဆက်တွင် ကြုံတွေ့ခဲ့ရသလိုပင် ငြိမ်းချမ်းရေး၊ ညီညွတ်မျှတရေးနှင့် တရားဥပဒေစိုးမိုးရေးဟူသည့် အစဉ်တစိုက်မျှော်မှန်းလာခဲ့ကြသည့် မျှော်လင့်ချက် များကို အနားမသီနိုင်ပဲ တဝဲလည်လည် ဖြစ်နေမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် သမိုင်းတလျောက် ပဋိပက္ခများကို ဖြစ်ပွား စေခဲ့သည့် သက်ဆိုးရှည်နေစေခဲ့သည့် အယူအဆ မတူကွဲပြားမှုများကို ပေါင်းကူးနိုင်မည့် နည်းလမ်းများကို အစုအဖွဲ့အားလုံးက ရှာဖွေ ဖော်ထုတ်ကြရန် အရေးကြီးပါသည်။ ထိုလုပ်ငန်းကို နိုင်ငံ၏ အာဏာနှင့် အရင်းအမြစ် ခွဲဝေမှု လိုအပ်ချက်နှင့် ၎င်းမှ ရရှိမည့် နှစ်ဖက် အကျိုးအမြတ်များကို လက်ခံအသိအမှတ်ပြုခြင်းကို အခြေခံသည့် အပြုသဘော ဆွေးနွေးမှုဖြင့် ယှဉ်တွဲဆောင်ရွက်နိုင်ပါသည်။ ထိုအရာ ကား လက်တွေ့ကျကျ ဆောင်ရွက်နိုင်သည့်အပြင် လွတ်လပ်ရေးခေတ် ခေါင်းဆောင်များ သဘောတူခဲ့၊ မျှော်မှန်းခဲ့ကြသော အရာလည်း ဖြစ်ပါသည်။

*စိုင်းဝန်းဆိုင်သည် ရှမ်းနိုင်ငံရေး လေ့လာသုံးသပ်သူဖြစ်ပြီး Shan Democratic Union ၏ အထွေထွေ အတွင်းရေးမှူးဟောင်း တစ်ဦးလည်းဖြစ်သည်။*

*ဤသုံးသပ်ချက်သည် ဆွီဒင်မှ ရန်ပုံငွေထောက်ပံ့ပေးထားသည့် စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။*

# မြန်မာနှင့် စစ်ဗိုလ်ချုပ်ကြီးများ

# နိုင်ငံတကာအစိုးရများသည် လတ်တလော ဆန္ဒပြမှုကို ထောက်ခံသင့်သော်လည်း လက်တွေ့မကျသည့်မျှော်လင့်ချက်များ မပေးသင့်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးက ပြောသည်

Myanmar Now
Published on Feb 20, 2021



သမိုင်းပညာရှင် သန့်မြင့်ဦး (ဓာတ်ပုံ- Thant Myint-U Facebook)

မြန်မာနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းလိုက်ခြင်းနှင့် ပတ်သက်၍ Foreign Policy မဂ္ဂဇင်းက ဖေဖော်ဝါရီ ၁၈ တွင် ဖော်ပြထားသည့် ဦးသိန်းစိန်အစိုးရလက်ထက် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ အဖွဲ့ဝင်ဖြစ်ခဲ့သူ သမိုင်းပညာရှင်တစ်ဦးလည်းဖြစ်သူ ဒေါက်တာသန့်မြင့်ဦးနှင့် အင်တာဗျူးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။

**မေး – ဆန္ဒပြမှုတွေနဲ့ပတ်သက်ပြီး ဘယ်လိုမျှော်လင့်ထားသလဲ။ အစိုးရက ဒီထက်ပြင်းပြင်းထန်ထန် ဖြိုခွင်းနိုင်လား၊ ခုချိန်ထိတော့ ဖမ်းဆီးခံရမှုနဲ့ ထိခိုက်ဒဏ်ရာရမှုတွေက ပြောသလောက် မဆိုးသေးဘူး။ တကယ်လို့ ပြင်းပြင်းထန်ထန်ဖြိုခွင်းခံရရင် ဆန္ဒပြမှုတွေ ရပ်တန့်သွားနိုင်လား။**

ဖြေ – ဆန္ဒပြမှုတွေအရ ပြည်သူလူထုက စစ်အုပ်ချုပ်မှုကို အခိုင်အမာ ဆန့်ကျင်နေတယ်ဆိုတာ အထင်အရှားပါပဲ။ သန်းပေါင်းများစွာသော သာမန်ပြည်သူလူထုရဲ့ခံစားချက်တွေကို ဖော်ညွှန်းနေတဲ့ ဒီဆန္ဒပြသမှုတွေက ကမ္ဘာက သိမြင်နေရတဲ့အတွက် သာမန်ထက်ပိုပြီး အောင်မြင်နေပါတယ်။ ဆန္ဒပြမှုတွေရဲ့ ကြီးကျယ်မှုကြောင့် သာမက ဆန္ဒပြမှုတွေကို စီစဉ်ဖန်တီးနိုင်ခဲ့တဲ့ပုံစံကလည်း စစ်တပ် အာဏာပိုင်တွေဟာ အတော်လေးအကြပ်ရိုက်နေတဲ့ သဘောရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) က လုပ်တာလည်း မဟုတ်ဘူး။ ခေတ်မီနည်းပညာတွေ အသုံးပြုပြီး ဘယ်သူဘယ်ဝါမှန်းမသိရတဲ့ တက်ကြွလှုပ်ရှားသူ လူငယ်တွေက လုပ်နေတာဖြစ်ပါ တယ်။

အာဏာရယူမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသဘောဖြစ်တယ်ဆိုတာမျိုး ပုံဖော်နေတဲ့အတွက် စစ်တပ်က ဒီဆန္ဒပြမှုတွေကို အကြမ်းဖက်နည်းနဲ့ ဖြိုခွင်းရတာမျိုး ရှောင်ရှားလိုပါလိမ့်မယ်။ ဒါပေမဲ့ ဒီအာဏာဖီဆန်ရေးလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဖို့နည်းကလဲ အသင့်ရှိချင်မှ ရှိမယ်။ ဒီအနေအထားမှာ CDM လှုပ်ရှားမှုဘက်ကလည်း နည်းဗျူဟာအရသာ နောက်ဆုတ်ချင် ဆုတ်လိမ့်မယ်။ အဲ့ဒီတော့ အုပ်ချုပ်ရေးအသစ်က အာဏာတည်အောင် လုပ်ဖို့ အတွက် ခက်ခဲပါလိမ့်မယ်။



**မေး – တပ်မတော်ရဲ့ဗျူဟာက ဘာဖြစ်မလဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အပေါ်ထောက်ခံမှုတွေကို ခွာချနိုင်ဖို့ ဗိုလ်ချုပ်ကြီးတွေအနေနဲ့ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကို အသုံးချနိုင်လား။**

ဖြေ – ရှင်းလင်းတဲ့ နည်းဗျူဟာ ရှိပြီးသားဆို ကျွန်တော် အံ့သြမိမှာပဲ။ စစ်အာဏာသိမ်းမှုက ရှောင်လွှဲလို့ မရတာလို့၊ ဒါမှမဟုတ် လနဲ့ချီတဲ့ စီမံကိန်းချပြီးမှ လုပ်ခဲ့တယ်လို့ မထင်ပါဘူး။ စစ်ဗိုလ်ချုပ်ကြီးတွေကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီ အပေါ်မကျေနပ်ချက်တွေ ရှိနေမှာပါပဲ။ ဒါပေမဲ့ စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ပြီးခဲ့တဲ့ နိုဝင်ဘာလက ရွေးကောက်ပွဲဟာ သူ့သဘောအတိုင်း ဖြစ်မယ်လို့ ထင်ခဲ့ပါလိမ့်မယ်။ လက်ရှိဖွဲ့စည်းပုံအရ စစ်တပ်က ၂၅ ရာခိုင်နှုန်းရရှိထားပြီး ဖြစ်တဲ့အတွက် စစ်တပ်ဘက်တော်သား ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီအနေနဲ့ ၂၅ ရာခိုင်နှုန်းကျော်ကျော်လေးပဲ နိုင်ဖို့ လိုတာပါ။ ဒါပေမဲ့ ဒီအတိုင်း ဖြစ်မလာခဲ့ပါဘူး။ ဒါကြောင့် ဒီဇင်ဘာလလယ်လောက်မှာ ရွေးကောက်ပွဲမှာ မဲမသမှုတွေအများကြီးရှိတယ်ဆိုတဲ့ ပြည်ခိုင်ဖြိုးရဲ့စွပ်စွဲချက်တွေကို ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လက်ကိုင်ပြုလိုက်တာပါပဲ။ စုံစမ်းစစ်ဆေးဖို့ တောင်းဆိုခဲ့တယ်။

NLD က အဲဒါကို ငြင်းပယ်တဲ့အခါ အခြေအနေကတဖြည်းဖြည်းချင်း ပိုတင်းမာလာခဲ့ပြီး ညှိနှိုင်းဖို့ ကြိုးစားချက် မအောင်မြင်တဲ့အခါ အာဏာသိမ်းမှုဖြစ်တာပါပဲ။



ဆန္ဒပြတာတွေနဲ့ပတ်သက်လို့ ထပ်ပြောရရင် ဗိုလ်ချုပ်ကြီးတွေက အချက်သုံးချက်ကို အာရုံစိုက်နိုင် ပါတယ်။ ရွေးကောက်ပွဲမဲမသမာမှု အပြင် အကျင့်ပျက်ခြစားမှု၊ ပြင်ပနိုင်ငံများနဲ့ ပူးပေါင်းကြံစည်မှု စတဲ့ စွပ်စွဲချက်တွေကို ပေါင်းစပ်ပြီး အမှုကို ချဲ့ကားတာ၊ ဒေါ်လာဘီလျံပေါင်းများစွာပါတဲ့ စီမံကိန်းကြီးတွေနဲ့ ရုတ်တရက် စီးပွားရေး တက်လာအောင်လုပ်တာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်တွေ လုပ်တာမျိုးတွေပေါ့။

လူနည်းစု တိုင်းရင်းသားတွေရဲ့ထောက်ခံမှု ရရှိအောင် ကြိုးပမ်းတာမျိုးတွေလည်း ရှိလိမ့်မယ်။ ဒါပေမဲ့ ဘယ်လောက်အထိ အောင်မြင်နိုင်မလဲဆိုတာ ခန့်မှန်းရခက်ပါတယ်။ အစွန်းရောက် အမျိုးသားရေးအဖွဲ့တွေကို စည်းရုံးတာကမှ ပိုဖြစ်နိုင်ပါသေးတယ်။ ဒါကလည်း အလုပ်ဖြစ်မလားဆိုတာ ပြောရခက်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းက ရှေးရိုးစွဲတတ်တော့ အစွန်းရောက် အမျိုးသားရေး အမြင်တချို့ဟာ သြဇာသက်ရောက်နိုင်ပေမယ့်လည်း တချို့ဆို စစ်တပ်ရဲ့အနေအထားကို မကြိုက်တာလဲ

ဖြစ်နိုင်ပါတယ်။ "ဌာနေတိုင်းရင်းသား" တွေကို ကာကွယ်မပေးဘဲ လာဘ်ယူပြီး မွတ်ဆလင်နဲ့ တရုတ်လူမျိုးတွေကို တရားမဝင် ဝင်ရောက်လာစေတယ်ဆိုပြီး အရင်က စစ်ခေါင်းဆောင်တွေကို အပြစ်တင်တာတွေတောင် ရှိပါတယ်။

**မေး – ရဲတပ်ဖွဲ့နဲ့ စစ်သားတွေက ဆန္ဒပြတဲ့ပြည်သူတွေဘက်မှာ ပါဝင်လာမှ ဆန္ဒပြမှုတွေ အောင်မြင်နိုင်ခြေရှိတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံမှာ ဖြစ်လာနိုင်လား။ မဖြစ်လာဘူးဆိုရင် ဘာကြောင့်လဲ။**

ဖြေ – ခေတ်သစ်မြန်မာ့သမိုင်းမှာ စစ်တပ်ဟာ တပ်ရဲ့လမ်းစဉ်ကနေ သိသိသာသာ ဖောက်ထွက်တာမျိုး မရှိခဲ့ပါဘူး။ ကမ္ဘာ့ဘယ်နေရာမှမရှိတဲ့ အကြမ်းတမ်းဆုံး စစ်ဆင်ရေးတွေကို ၇၅ နှစ်ကျော် အဆက်မပြတ် တိုက်ခိုက်ခဲ့တဲ့ စစ်တပ် ဖြစ်ပါတယ်။ ရဟန်းသံဃာတွေ အပါအဝင် ဆန္ဒပြတဲ့ အရပ်သားတွေကို လက်နက်တပ်ဆင်ထားတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ ဖြိုခွင်းဖို့ ဝန်မလေးခဲ့ဖူးတဲ့ စစ်တပ်ဖြစ်ပါတယ်။ ၁၇ နှစ်သား သက်တမ်းကတည်းက စစ်တပ်ဆိုတာ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်တဲ့သူတွေလို့ ပုံသွင်းခံခဲ့ရတာ ဖြစ်ပါတယ်။ စစ်တပ်တွင်း စိတ်ဝမ်းကွဲပြားမှုမျိုးတွေ အခါအားလျော်စွာ ကြုံခဲ့ရပေမယ့် ပေါ်ပေါ်ထင်ထင် တကွဲတပြား အနေအထားကို တစ်ခါမှ မရောက်ခဲ့သေးပါဘူး။ တချို့ရဲတပ်ဖွဲ့ဝင်တွေ ဘက်ပြောင်းတာမျိုး ရှိလာနိုင်ပေမယ့် ရဲတပ်ဖွဲ့ဟာ သိပ်အရေးကြီးတဲ့ကဏ္ဍတစ်ခု မဟုတ်အောင် စစ်တပ်က လုပ်ဆောင်ထားပြီးသားပါ။

**မေး – စစ်အာဏာသိမ်းမှုအရ မြန်မာနိုင်ငံရဲ့စမ်းသပ်ခံဒီမိုကရေစီဟာ ကျရှုံးခဲ့ပြီလို့ ဆိုနိုင်သလား၊ ဒါမှမဟုတ် ဒီမိုကရေစီက ထိန်းချုပ်ဖို့ပိုခက်ခဲတယ်ဆိုတာမျိုးလား။**

ဖြေ – ၂၀၁၀ မှာ စစ်ဗိုလ်ချုပ်မျိုးဆက်တစ်ခု အနားယူခဲ့တယ်။ သူတို့ရဲ့အနားယူရေး အစီအစဉ် ရဲ့တစ်စိတ်တစ်ပိုင်းအနေနဲ့ စစ်တပ်နဲ့ ရွေးကောက်ခံ နိုင်ငံရေးသမားတွေ အာဏာခွဲဝေထားတဲ့ စပ်ကြား အုပ်ချုပ်ရေးမျိုးကို ချန်ထားခဲ့တယ်။ ဒါကို ဗိုလ်ချုပ်ကြီးတွေက ညတွင်းချင်း စဉ်းစားဆုံးဖြတ်ခဲ့တာ မဟုတ် ပါဘူး။ နှစ်ပေါင်း ၂၀ လောက် သူတို့ စီစဉ်ဆောင်ရွက်ခဲ့တာပါ။ ၂၀၁၁ ကနေ ၂၀၁၅ အထိ အုပ်ချုပ်ခဲ့တဲ့

ဦးသိန်းစိန်အစိုးရဟာ အနောက်နိုင်ငံတွေရဲ့ အရေးယူပိတ်ပင်မှုတွေ ရုတ်သိမ်းသွားစေတဲ့ မကြုံစဖူး နိုင်ငံရေးလွတ်လပ်မှုတွေကို တွန်းအားပေး ဆောင်ရွက်ခဲ့တယ်။ ၂၀၁၆ ကစပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ မျိုးဆက်သစ်ဗိုလ်ချုပ်ကြီးတွေနဲ့ အာဏာခွဲဝေ အုပ်ချုပ်ခဲ့ရတယ်။ ဒီအစပိုင်းမှာကတည်းက မကျေလည်မှုတွေ တင်းမာမှုတွေ ရှိခဲ့ပါတယ်။ ဒါက ဒီမိုကရေစီ မဟုတ်ခဲ့ပါဘူး။ ဒါက နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနဲ့ မြန်မာလူ့အဖွဲ့အစည်းကို အသွင်ပြောင်းစေခဲ့တဲ့ နိုင်ငံရေးအခင်းအကျင်းသစ် တစ်ခုသာ ဖြစ်ပါတယ်။ အလျင်အမြန် ပြောင်းလဲဖြစ်ပေါ်နေတဲ့ မြန်မာ့လူ့အဖွဲ့အစည်းအနေနဲ့ ဒီလို အာဏာနဲ့အုပ်ချုပ်တာမျိုးကို ဆန့်ကျင်နိုင်ဦးမလားဆိုတာ အချိန်ကပဲ စကားပြောပါလိမ့်မယ်။

**မေး – ဒီနေ့ဆန္ဒပြနေတဲ့သူတွေက အရင်ခေတ် မျိုးဆက်တွေနဲ့ ခြားနားနေသလား။ သူတို့က ဒီမိုကရေစီ ပြန်ရဖို့ပဲ တိုက်ပွဲဝင်နေကြတာလား ဒါမှမဟုတ် စီးပွားရေးချွတ်ခြုံကျမှုနဲ့ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍအတွက်ရောပဲလား။ သူတို့ရဲ့ နည်းဗျူဟာတွေက အတိတ်ကထက် ပိုကောင်းနေသလား။**

ဖြေ – သန်းပေါင်းများစွာသော ဆန္ဒပြနေတဲ့သူတွေက ဒေါ်အောင်ဆန်းစုကြည်ကို မဲပေးခဲ့ကြတာ ဖြစ်ပါတယ်။ သူသာလျှင် တိုင်းပြည်ရဲ့ တရားဝင်ခေါင်းဆောင်လို့ သူတို့ယုံကြည်ထားကြတယ်။ တခြားသူတွေကတော့ သူနဲ့ NLD အပေါ် သစ္စာရှိမှုဆိုတာထက် စစ်တပ်ကြီးစိုးမှုကို ခါးခါးသီးသီး မုန်းတီးကြလို့ ဖြစ်ပါတယ်။ သူတို့ဘဝတွေဟာ သူတို့မိဘတွေခေတ်ကလို ဖြစ်ပြီး မထင်ရင် မထင်သလို ရက်စက်တဲ့စစ်အုပ်ချုပ်ရေးအောက်ကို တကျော့ပြန်ရောက်လာမယ်ဆိုတဲ့ စိုးရိမ်မှုတွေကြောင့် ပါဝင်လာတာ ဖြစ်ပါတယ်။ မျိုးဆက်သစ် ဆန္ဒပြသူတွေဟာ ပိုပြီးယုံကြည်မှုတွေရှိတယ်၊ နည်းပညာသစ်တွေနဲ့လည်း ပိုပြီးယဉ်ပါးကြတယ်၊ နောက်ပြီး အရင်ကလိုဘဝကို ပြန်ရောက်တဲ့အခါ ယခုခံစားရတဲ့ လွတ်လပ်ခွင့်တွေနဲ့ ရှိတာအကုန် ဆုံးရှုံးကြရမယ့် သူတွေဖြစ်ပါတယ်။ သူတို့နည်းဗျူဟာတွေက အတော်ကို ထိရောက်နေပါတယ်။ ဒါပေမဲ့ တကယ့်ကို အပြောင်းအလဲ ဖြစ်လာနိုင်တဲ့ နည်းဗျူဟာစစ်စစ် ရှိလာနိုင်မလားဆိုတာတော့ ကွဲကွဲပြားပြား မမြင်ရသေးပါဘူး။ ဒီနေရာမှာ မမြင်ရသေးတာကတော့ တိုင်းရင်းသားကိစ္စတွေ၊ ခွဲခြားဆက်ဆံခံရမှု တွေ၊

ဖွံ့ဖြိုးမှုနောက်ကျတာတွေ၊ မညီမျှမှုတွေကို ချုပ်ငြိမ်းစေပြီး တကယ်စုစည်းခိုင်မာတဲ့ အလွှာစုံ လူ့အဖွဲ့အစည်းဖြစ်လာဖို့ဆိုတဲ့ ခေတ်ရေ့ပြေး အစီအစဉ်မျိုးပါပဲ။

**မေး – စစ်တပ်က တစ်နှစ်အတွင်း ရွေးကောက်ပွဲအသစ် ကျင်းပပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုရော ဘယ်လိုထင်လဲ၊ ပြီးခဲ့တဲ့ရွေးကောက်ပွဲလို ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အတွက် အောင်မြင်မှုမျိုး ရနိုင် မလား။**

ဖြေ – ရွေးကောက်ပွဲဆိုတဲ့ အစီအစဉ်ချထားမှုဟာ တစ်နှစ် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်သော်လည်းကောင်း NLD သော်လည်းကောင်း ပါဝင်မှာ မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်လဲ နေအိမ်အကျယ်ချုပ်မှာ၊ NLD လဲ ရွေးကောက်ပွဲ မဝင်ခဲ့တဲ့ ၂၀၁၀ ကလို အခင်းအကျင်းမျိုးနဲ့ ရွေးကောက်ပွဲမျိုး ဖြစ်ပါလိမ့်မယ်။ လွတ်လပ်တယ်၊ မျှတတယ် မဟုတ်ပေမယ့် အံ့သြစရာ ပြုပြင်ပြောင်းလဲရေးကိုဦးတည်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးဟောင်းတွေနဲ့ အစိုးရတော့ ဖြစ်လာခဲ့သလိုမျိုးပေါ့။ မတူတာက ၂၀၁၀ ဟာ အဲအချိန်တုန်းက အသက် ၈၀ ပြည့်တော့မယ့် စစ်တပ်အကြီးအကဲ ဦးသန်းရွှေအတွက် ထွက်ပေါက် အစီအစဉ်ပါ။ လက်ရှိ စစ်တပ်အကြီးအကဲက ၆၄ နှစ်ပဲ ရှိပါသေးတယ်။ အရပ်သားဝတ်စုံနဲ့ အာဏာ လိုချင်သေးတယ်ဆိုတဲ့ အနေအထား ရှိနိုင်ပါတယ်။

**မေး – ဂျိုးဘိုင်ဒင်ရဲ့အမေရိကန်အစိုးရဟာ စစ်အာဏာသိမ်းခေါင်းဆောင်တွေကို အရေးယူ ပိတ်ဆို့မှု အသစ်တွေနဲ့ တုံ့ပြန်ခဲ့ပါတယ်။ ဒါကရော အပြောင်းအလဲဖြစ်နိုင်လား။ တရုတ်နဲ့ ရုရှားက စစ်ဗိုလ်ချုပ် ကြီးတွေကို ထောက်ခံခဲ့ပြီးလည်းဖြစ်တယ်။**

ဖြေ – မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေဟာ ကမ္ဘာဘယ်နေရာမှမရှိတဲ့ အထီးအကျန်ဆုံးသော လူ့မလိုင် နိုင်ငံရေးသမားတွေ ဖြစ်ခဲ့တယ်။ သူတို့ မိတ်ဆွေအပေါင်းအပါတွေနဲ့ ရန်သူတွေ၊ အိမ်မက်တွေနဲ့ အိမ်မက်ဆိုးတွေ အားလုံးဟာ မြန်မာနိုင်ငံထဲမှာပဲ ရှိပါတယ်။ အများစုက တစ်ခါမှ နိုင်ငံခြား မသွားခဲ့ဖူးဘူး ၊ နိုင်ငံခြားဘာသာစကားလည်း မပြောတတ်ဘူး၊ ပြည်ပမှာလည်း ပိုင်ဆိုင်မှု မယ်မယ်ရရ မရှိဘူး။ တိုင်းပြည်ထဲက

ပြည်ပမှာ အလုပ်ထွက်လုပ်ရတဲ့ ဆင်းရဲတဲ့လူတွေထက်အောင် ဒီစစ်ဗိုလ်ချုပ်ကြီးတွေဟာ ပိုပြီး အထီးကျန်ခဲ့တယ်။ ရည်ရွယ်ချက်နဲ့ အရေးယူပိတ်ပင်မှုတွေက ဗိုလ်ချုပ်ကြီးတွေရဲ့အခြေခံ နိုင်ငံရေးရေချိန်ကို ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ ကျယ်ပြန့်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေက စီးပွားရေးကို များစွာ အထိနာစေပြီး သန်းပေါင်းများစွာသော သာမန်ပြည်သူတွေကို ထိခိုက်စေပါလိမ့်မယ်။

ရုရှားက ဘာလုပ်မလဲတော့ မပြောတတ်ပေမယ့် တရုတ်အစိုးရကတော့ အစိုးရအဖွဲ့သစ်ကို အပြေးအလွှား ထောက်ခံလိမ့်မယ် မထင်ပါဘူး။ ဘေဂျင်းအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဆင်ပြေတဲ့ ဆက်ဆံရေးရှိခဲ့သလို ဒုတိယအကြိမ် NLD သက်တမ်းအတွက် မျှော်လင့်ချက်ကြီးကြီး ထားခဲ့ပုံပါ။ ဘေဂျင်းရဲ့ စစ်တပ်နဲ့ဆက်ဆံရေးဟာ ဆူးပြောင့်ခလုတ်တွေ ရှိခဲ့ပါတယ်။ တရုတ်အတွက် စစ်တပ်ဆိုတာ သတိအနေအထားနဲ့ ဆက်ဆံနေရတဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတစ်ခုပဲ။ စစ်တပ်ကလည်း နှစ်အတန်ကြာ ဆန့်ကျင်တိုက်ခိုက်နေရတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေရဲ့အဓိကကျောထောက်နောက်ခံဟာ တရုတ်လို့ မြင်တဲ့အတွက်လည်း ဖြစ်ပါတယ်။ နောင်လာမည့် လပိုင်းတွေမှာတော့ တရုတ်နဲ့ စစ်တပ်ဟာ နှစ်ဦး နှစ်ဖက်အကျိုးကျေးဇူးရှိစေမယ့် အခွင့်အလမ်းသစ်တွေ ရှိမလားလို့ မျှော်လင့်နေကြမှာပါပဲ။

**မေး – ဘယ်လိုဟာမျိုးတွေလဲ၊ တရုတ်က မြန်မာနိုင်ငံမှာ ဘာဖြစ်စေချင်တယ်လို့ ထင်လဲ။**

ဖြေ – တရုတ် – မြန်မာဆက်ဆံရေးဟာ အလွန်ရှုပ်ထွေးတဲ့ သမိုင်းကြောင်း ရှိတယ်။ ၁၉၅၀ ပြည့်လွန်နှစ်တွေ တုန်းက တရုတ်အမျိုးသားရေးအစိုးရရဲ့တပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ကူမင်တန်တွေဟာ အမေရိကန်ရဲ့အကူအညီနဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်က တဆင့် မြန်မာကို ကျူးကျော်ပြီး အရှေ့ဘက်ပိုင်း ကုန်းမြင့်ဒေသ တွေကို သိမ်းပိုက်ခဲ့တယ်။ မြန်မာစစ်တပ်ဟာ ဒီကျူးကျော်မှုကို ဆယ်စုနှစ် တစ်ခုကြာ တိုက်ဖျက်ဖို့ကြိုးစားရင်း ကြီးထွားလာခဲ့တယ်။ ၁၉၆၀ ပြည့်လွန်နှစ်တွေ နောက်ပိုင်းမှာ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်ရဲ့ ကျောထောက်နောက်ခံပြုမှု နဲ့ ကွန်မြူနစ်တပ်တွေဟာ ယူနန်ကနေတဆင့်ပဲ မြန်မာကို ကျူးကျော်ခဲ့ကြပြန်တယ်။ ၁၉၈၉ ခုနှစ်မှာ ကွန်မြူနစ် တော်လှန်ပုန်ကန်မှု ကျဆုံးပြီး သူတို့ကိုဆက်ခံတဲ့ နောက်ထပ်လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း တရုတ်နဲ့ အချိတ်အဆက် ရှိခဲ့တယ်။ အဲဒီလက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ခေါင်းဆောင်ပိုင်းဟာ တရုတ်စကားပြောတဲ့သူတွေချည်းဖြစ်သလို ထိပ်ပိုင်းရာထူးရှိသူတွေဟာလည်း တရုတ်အနွယ်ဝင်တွေချည်းပဲ။ အဲဒီနေရာတွေဟာ အမေရိကန်ဒေါ်လာ ၇၅ သန်းတန် မက်သာဖက်တမင်းလုပ်ငန်း ကြီးထွားရာနေရာတွေဖြစ်သလို ရာနဲ့ချီတဲ့ တရုတ်လူမျိုးတွေ ဥဒဟို ဝင်ထွက်သွားလာနေတဲ့ ကာစီနိုတွေ ရှိရာဒေသတွေလည်း ဖြစ်တယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ် အတွင်း မြန်မာနိုင်ငံမှာ တရုတ်ရဲ့ အခြေကျစီးပွားရေးဟာ တရိပ်ရိပ် တိုးတက်ခဲ့တယ်။ ခါးပတ်တစ်ကွင်း လမ်းတစ်စင်းဆိုတဲ့ တရုတ်ရဲ့ ရည်မှန်းချက်ကြီးမားလွန်းတဲ့ ၂၁ ရာစု ပိုးလမ်းမစီမံကိန်းနဲ့ဆိုင်တဲ့ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းတွေဟာ မြန်မာဘက်က လေးတိလေးကန်ဖြစ်မှုကြောင့် လက်တွေ့မှာ အကောင်အထည်ဖော်ဖို့ ကြန့်ကြာခဲ့တယ်။ ဒါပေမဲ့ တခြား ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောင်နဲ့ချီတဲ့ အလယ်အလတ်နဲ့ အသေးစား တရုတ်ကုမ္ပဏီတွေ၊ နယ်စပ်ကုန်သွယ်ရေးတွေကတော့ အင်မတန်ကြီးထွားတိုးတက်လာခဲ့ပါတယ်။ တရုတ်ရဲ့ အကျိုးစီးပွားကတော့ အမြဲတမ်း ဒီတိုင်းပါပဲ။ အထူးသဖြင့် နယ်စပ်တလျှောက် တည်ငြိမ်ဖို့ရယ်၊ မြန်မာနိုင်ငံက သူ့ရဲ့ပြိုင်ဘက်နိုင်ငံတွေနဲ့ မဟာမိတ်ဖြစ်တာကို တားဆီးဖို့ရယ်၊ စီးပွားရေးအရ ပိုပြီးခိုင်မာတဲ့ ချည်နှောင်မှုတွေ ဖြစ်စေဖို့ပဲ။ တချိန်တည်းမှာပဲ တရုတ်အနေနဲ့ မြန်မာပြည်သူလူထုသဘောထားနဲ့ ဆန့်ကျင်ပြီး ဘက်မှားမရပ်တည်မိစေဖို့လည်း ဂရုစိုက်လိမ့်မယ်ထင်ပါတယ်။

**မေး – မြန်မာစစ်ဗိုလ်ချုပ်တွေအနေနဲ့ ဒီမိုကရေစီပြန်အသက်သွင်းဖို့ ဝါရှင်တန်နဲ့ ဘေဂျင်း အတူတကွ အလုပ်လုပ်မယ်လို့ ထင်လား။**

ဖြေ – လုံးဝမဖြစ်နိုင်ပါဘူးလို့ ပြောလို့မရပါဘူး။ ဝါရှင်တန်နဲ့ ဘေဂျင်း နှစ်ဖက်လုံးက စစ်အာဏာသိမ်းမှု မတိုင်မီက အခြေအနေကိုတောင် ပိုပြီး သဘောကျကြမှာပေါ့။ ဘယ်ဖက်ကမှ အထူးသဖြင့် ဘေဂျင်းဟာ မတည်မငြိမ် ဆက်ဖြစ်နေမှာကို လိုလားမှာ မဟုတ်ပါဘူး။ ဒါက အိန္ဒိယနဲ့ ဂျပန်တို့ကလည်း ဒီလိုပဲ ဖြစ်မှာပါ။ ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီနဲ့ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မယ်ဆို ပိုပြီးအောင်မြင်နိုင်မှာပါ။ တစ်ချိန်တည်းမှာပဲ တရုတ်အနေနဲ့ သူရဲ့နောက်ဖေး အပိုင်နေရာတစ်ခုအဖြစ် ရှုမြင်ထားတဲ့ နိုင်ငံတစ်နိုင်ငံအတွက် တခြားပြင်ပနိုင်ငံတစ်ခုခုနဲ့ အတူတွဲလုပ်နိုင်ဖို့ သဘောတူမလားဆိုတာကတော့ ခန့်မှန်းရခက်ပါတယ်။

**မေး – ဒါဆို ပြင်ပ နိုင်ငံတကာအစိုးရတွေအနေနဲ့ တကယ့်ကို အကူအညီဖြစ်စေတာမျိုး တစ်ခုခု လုပ်နိုင်မလား။**

ဖြေ – ပထမဆုံးအနေနဲ့ စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ကန့်ကွက်နေတဲ့ ဒီဆန္ဒပြမှုတွေကို ထောက်ခံကြောင်း ဖော်ပြဖို့ အရေးကြီးပါတယ်။ တစ်ချိန်တည်းမှာပဲ ဆန္ဒပြသူတွေက နိုင်ငံတကာက စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုတွေကိုတောင် တောင်းဆိုနေချိန်မှာ ပြင်ပကမ္ဘာအနေနဲ့ လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေ မပေးဖို့ အရေးကြီးပါတယ်။ ဒုတိယအနေနဲ့ ရှင်သန်နေထိုင်ရေးနဲ့ဆိုင်တဲ့ အကူအညီတွေပေးဖို့ အရမ်းကို အရေးကြီးပါတယ်။ ဥပမာအနေနဲ့ ကိုဗစ်နိုင်တင်းနဲ့ ဆက်စပ်တဲ့ အစီအစဉ်တွေကို ကူညီ ကာကွယ်ထားရပါမယ်။ တိုင်းပြည်တစ်ပြည်ရဲ့စီးပွားရေးအခြေအနေဟာ ထိန်းမနိုင်သိမ်းမရ ချာလပတ်ယမ်းနေပြီး သန်းနဲ့ချီတဲ့ သာမန်လူတွေဟာ ပိုက်ဆံလည်းမရှိ၊ ဘာမှလည်း ရွေးချယ်စရာ မရှိဘဲ အကြပ်ရိုက် ဒုက္ခရောက်နေချိန်မှာ ဒီမိုကရေစီဟာလည်း အံ့သြဖွယ်ရာ ရုတ်ချည်း ဖြစ်လာဖို့ မရှိပါဘူး။

**မေး – မြန်မာနိုင်ငံမှာ အခုလက်ရှိဖြစ်နေတဲ့အခြေအနေတွေနဲ့ ပတ်သက်ပြီး အနောက်နိုင်ငံတွေရဲ့အမြင်တွေက ဘယ်နေရာတွေမှာ လွဲချော်နေသလဲ၊ ကျွန်တော်တို့ နားလည်သင့်ရဲ့သားနဲ့ နားမလည်ဖြစ်နေကြတာ ဘာတွေရှိမလဲ။**

ဖြေ – ယခု နိုင်ငံရေးအကျပ်အတည်းဟာ တခြားများလှတဲ့ အကျပ်အတည်းတွေကြားမှာ ဖြစ်နေတာပါ။ ဒီလူ့အဖွဲ့အစည်းဟာ ဆယ်စုနှစ်ပေါင်းများစွာ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေနဲ့ စိတ်ဒဏ်ရာ ရနေပြီးသားပါ။ ကုန်းမြင့်ဒေသတွေမှာ သြဇာညောင်းတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်းများစွာလည်း ရှိနေတယ်။ ဒုက္ခသည် တစ်သန်းလောက်လည်း ရှိနေတယ်။ နောက်ပြီး ယာယီထွက်ပြေးနေရတဲ့ စစ်ဘေးရှောင်ထောင်ပေါင်းများစွာလည်း ရှိနေတယ်။ နေရာအနှံ့မှာရှိနေတဲ့ နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းတွေဟာလည်း အားနည်းနေတယ်။ များပြားလှတဲ့ လူထုအတွက် ကျန်းမာရေးနဲ့ အခြားဝန်ဆောင်မှုတွေ မလုပ်ပေးနိုင်ဘူး၊ အခွန်မကောက်နိုင်ဘူး၊ ကြီးမားတဲ့ ဆင်းရဲချမ်းသာ မညီမျှမှုနဲ့အတူ လူမျိုးရေးနဲ့ ဘာသာရေးခွဲခြားဆက်ဆံမှုတွေလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိနေတယ်။ ပြီးခဲ့တဲ့နှစ်က နိုင်ငံတွင်းမှာ ကိုဗစ်နိုင်တင်းဖြစ်ခဲ့တဲ့အတွက် စီးပွားရေးက ပြိုလဲမတတ် ဖြစ်ခဲ့တယ်။ မြန်မာ့စီးပွားရေးဟာလည်း အခြေခံကုန်စည်တွေ အတွက်တောင် တရုတ်အပေါ်မှာ အများကြီး မှီတည်နေရတယ်။ တိုင်းပြည်စီးပွားရေးရဲ့ အထွတ်အထိပ်ဟာ စစ်တပ်လည်း မဟုတ်ဘူး၊ နိုင်ငံတွင်းက အင်စတီကျူးရှင်းအားလုံးထက် ပိုမိုခိုင်မာတောင့်တင်းတဲ့ နိုင်ငံဖြတ်ကျော် စီးပွားရေးကွန်ရက်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် ရွေးချယ်စရာတွေ ဘာရှိမလဲဆိုတာ သေချာနားလည်နိုင်ဖို့ ဒီနိုင်ငံရေးဆိုင်ရာ စီးပွားရေးအခြေအနေကို ကောင်းမွန်စွာနားလည်ဖို့ လိုအပ်ပါတယ်။

*(မှတ်ချက်- ဖေဖော်ဝါရီ ၂၀ တွင် ဖော်ပြစဉ်က ပါဝင်သွားသော ဘာသာပြန်လွဲချော်မှုအချို့ကို ပြန်လည်ပြင်ဆင်ထားပါသည်။ အဆင်မပြေမှုများအတွက် ဒေါက်တာသန့်မြင့်ဦးနှင့် စာဖတ်သူများကို တောင်းပန်လိုပါသည်။)*

- ဒေါက်တာသန့်မြင့်ဦး

# Myanmar Now

Myanmar Now is an independent news service providing free, accurate and unbiased news to the people of Myanmar in Burmese and English.

## Donate

လွတ်လပ်တဲ့ မီဒီယာအဖြစ် မြန်မာနိုင်ငံမှာ ရေရှည်ရပ်တည်နိုင်ရေးအတွက် သင်တို့ အကူအညီကို လိုအပ်နေပါတယ်။

DONATE NOW

# မြန်မာတပ်မတော် နှင့် စစ်အာဏာသိမ်းခြင်း သမိုင်း

ဒါဟာ စတုတ္ထကြိမ်မြောက် စစ်အာဏာသိမ်းခြင်း လို့ ဆိုရပါမယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ တပ်မတော် အနေနဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ စစ်အာဏာသိမ်းခဲ့ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။



## ပထမဆုံးအကြိမ် - ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ

၁၉၅၈ ခုနှစ် စက်တင်ဘာလမှာ ပထမဆုံးအကြိမ် အာဏာသိမ်းခြင်း ကို ဗိုလ်ချုပ်ကြီး နေဝင်း က အဓိက ဦးစီးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်မှာ အိမ်စောင့်အစိုးရ ကို ဖွဲ့စည်းခဲ့ပြီး ၁၉၅၈ စက်တင်ဘာလ ကနေ ၁၉၆၀ ဧပြီလ အထိ (၁၈) လ တာ ထိန်းသိမ်းခဲ့ပါတယ်။ အကြောင်းပြချက်အနေနဲ့ ဖဆပလ ပါတီအတွင်းမှာ အကွဲအပြဲတွေ ဖြစ်ပေါ်လာပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရဲ့ အားနည်းချက်ကြောင့် ပြည်နယ်ခွဲထွက်ရေးဖြစ်ရပ်တွေ ပေါ်ပေါက်လာလို့ လို့ ဆိုပါတယ်။

## ဒုတိယအကြိမ် - ၁၉၆၂ ခုနှစ်၊ မတ်လ

ဒုတိယအကြိမ် စစ်အာဏာသိမ်းမှုကိုလည်း ဗိုလ်ချုပ်ကြီး နေဝင်း ကပဲ အဓိက ဦးစီးပြီး ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့မှာ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာ တော်လှန်ရေးကောင်စီ ကို ဖွဲ့စည်းပြီး တိုင်းပြည်အာဏာကို ထိန်းချုပ်လို့ (၁၂) နှစ်တာ အုပ်ချုပ်ခဲ့ပါတယ်။ အကြောင်းပြချက်အနေနဲ့ အဲ့အချိန်ကအစိုးရ က ဗုဒ္ဓဘာသာ ကို နိုင်ငံတော်ဘာသာ အဖြစ် ပြဋ္ဌာန်းကြေညာအပြီးမှာ ဘာသာရေး အဓိကရုဏ်းတွေ ဖြစ်ပေါ် ခဲ့ကာ တိုင်းရင်းသားအများစု တောခို၊ ရှမ်းပြည်နယ်ကလည်း ခွဲထွက်ဖို့ ကြိုးပမ်း စတဲ့ ကိစ္စရပ်တွေ ပေါ်ပေါက်လာလို့ လို့ ဆိုပါတယ်။ ပြီးတဲ့အခါမှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကို ဖွဲ့စည်းပြီး တစ်ပါတီစနစ် နဲ့ နိုင်ငံကို အုပ်ချုပ်ခဲ့တာပါ။ ဒီ တစ်ပါတီစနစ် နဲ့ပဲ နောက်ထပ် ၁၄ နှစ်တာ ခရီးဆက်ခဲ့ပြီး ၁၉၈၈ ခုနှစ် မှာ အရေးအခင်း ပေါ်ပေါက်ခဲ့ပါတယ်။

## တတိယအကြိမ် - ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ

ဦးနေဝင်း ရဲ့နောက်ကွယ်ထိန်းချုပ်မှုနဲ့ ဗိုလ်ချုပ်ကြီး စောမောင် က ဦးဆောင်လို့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှာ တတိယအကြိမ် စစ်အာဏာသိမ်းခြင်း ကို ပြုလုပ်ခဲ့ပါတယ်။ အကြောင်းပြချက်ကတော့ ဆန္ဒပြ ဆူပူအကြမ်းဖက်သူတွေရဲ့ မင်းမဲ့စရိုက်ဆန်ဆန် လူအချင်းချင်းသတ်ဖြတ်မှုတွေကို ဥပဒေအထိန်းအကွပ်မဲ့ဖြစ်နေလို့ လို့ ဆိုပါတယ်။ ၁၉၈၈ ကတော့ နိုင်ငံသမိုင်း မှာ ဖျောက်ဖျက်မရတဲ့ သမိုင်းကြောင်းအနေနဲ့ ထင်ကျန်ရစ်ခဲ့ပြီး အာဏာသိမ်းမှုရဲ့နောက်မှာ ဖွဲ့စည်းခဲ့တဲ့ အစိုးရ အရပ်ရပ်ဟာလည်း အရင် စစ်အာဏာရှင်စနစ် ကိုပဲ လူပြောင်းအသက်သွင်းထားတဲ့ပုံစံ ဖြစ်ပေါ်နေခဲ့တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

## စတုတ္ထအကြိမ် - ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့ကိုတော့ စစ်အာဏာသိမ်းမှုဆိုတာကို မကြားဖူးခဲ့တဲ့ ကလေး၊ လူငယ်တွေ ပါ ကြုံဖူးသွားစေခဲ့တဲ့ နောက်ထပ်နေ့စွဲတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ရွေးကောက်ပွဲမဲစာရင်း ကွာဟမှုပေါ်မူတည်ပြီး ဖြစ်ပေါ်လာတယ်လို့ သတင်းထုတ်ပြန်တဲ့ ဒီ စစ်အာဏာသိမ်းမှုဟာ နှစ်ပေါင်း ၃၃ နှစ် အကြာမှာ ထပ်မံပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ လတ်တလောထုတ်ပြန်ချက်အရ အချိန် တစ်နှစ် ယူမယ်လို့ ဆိုပါတယ်။

စစ်အာဏာသိမ်းချိန်တိုင်း နိုင်ငံပိုင် (သို့မဟုတ်) တပ်မတော်ပိုင် မီဒီယာတွေကနေ စစ်ချီသီချင်းသံတွေ ထုတ်လွှင့်ခဲ့တာကတော့ အစဉ်အလာမပျက် တစ်ပုံစံတည်းပဲ ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့Website က ဘယ်သူတွေက စစ်အာဏာသိမ်းမှု ဘယ်နှကြိမ် မီခဲ့သလဲ ဆိုတာ အတွေ့အကြုံဝေမျှပေးပါဦးဗျ။ ဒါမှလည်း နောက်ကလေးတွေ၊ လူငယ်တွေ ရှေ့က အတွေ့အကြုံတွေကို ပိုပြီးသိကြမှာပါ။

အားလုံးပဲ ကပ်ရောဂါကြီးဘေးကရော၊
အကျပ်အတည်းမျိုးစုံရဲ့ဘေးဒုက္ခအပေါင်းကရော လွတ်ကင်းချမ်းသာကြပါစေခင်ဗျ....
သီဟလုလင် (Thiha, the Traveller)
http://warhistoriesandweapons.over-blog.com/